မြတ်ဗုဒ္ဓ၏အဆုံးအမတရား

နှုတ်ကိုအစဉ်စောင့်စည်းရာ၏။ စိတ်ကိုကောင်းစွာထိန်းသိမ်းရာ၏။ ကိုယ်ဖြင့်လည်းမကောင်းမှုကိုမပြုရာ။ ဤသုံးပါးသောပြုမှုအစဉ်တို့ကို စင်ကြယ်စေ၍ ရသေ့သူမြတ်တို့ဟောကြားအပ်သောမဂ်ကို ပြီးစီးစေရာ၏။ ဓမ္မပဒ

# မြဝတီ နေ့စဉ်

မှန်မည်ထူးမည်၊ မြန်မည်ဦးမည် အသွင်သစ်နှင့်မြဝတီ

ဒို့တာဝန်အရေးသုံးပါး

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com

အတွဲ(၁၅)၊ အမှတ်(၃၅)

၁၃၈၇ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၂ ရက်
၂၀၂၅ ခုနှစ်၊ မေ ၂၃ ရက်၊ သောကြာနေ့


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များတည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း (၇၇)ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ စာအောင်သာသနာ့အာဇာနည်အရှင်သူမြတ်တို့အား အောင်လက်မှတ်နှင့် ဘွဲ့တံဆိပ်တော်များဆက်ကပ်လှူဒါန်း



တိပိဋကဓရ တိပိဋကကောဝိဒဘွဲ့ရရှိတော်မူသည့် ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ တိပိဋက မဟာဂန္ထဝင်နိကာယ်ကျောင်းတိုက်မှ အရှင်သေဋ္ဌညာဏာလင်္ကာရအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း အောင်လက်မှတ်နှင့်ဘွဲ့တံဆိပ်တော်တို့ကို ဆက်ကပ်လှူဒါန်းစဉ်။

နေပြည်တော် မေ ၂၂

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက ကြီးမှူးကျင်းပသော (၇၇) ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲတွင် အောင်မြင်တော်မူကြသည့် သာသနာ့အာဇာနည် အရှင်သူမြတ်အပါး (၉၇) ပါးတို့အား ချီးကျူးပူဇော်ပွဲနှင့် အောင်လက်မှတ် ဆက်ကပ်လှူဒါန်းပွဲမဟာမင်္ဂလာအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့၊ သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေရှိ မဟာပါသာဏလိုဏ်ဂူသိမ်တော်ကြီးအတွင်း၌ ကျင်းပသည်။

အခမ်းအနားသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ ဆရာတော် သန်လျင်မြို့၊ မင်းကျောင်းပထမပြန်စာသင်တိုက် ပဓာနနာယက အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာဘဒ္ဒန္တစန္ဒိမာဘိဝံသ အမှူးပြုသော ဆရာတော်ကြီးများ၊ တိပိဋကဓရ တိပိဋကကောဝိဒရွေးချယ်ရေးအဖွဲ့ သြဝါဒါစရိယဆရာတော်ကြီးများ၊ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော်ကြီးများ၊ တိပိဋကဓရ တိပိဋကကောဝိဒဆရာတော်များ၊ တိပိဋက ပုစ္ဆက ဆရာတော်များ၊ ကြီးကြပ်ရေးဆရာတော်များ၊ (၇၇) ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲတွင် အာဂုံသဘောရေးဖြေအောင်မြင်တော်မူကြသည့် သာသနာ့အာဇာနည်အရှင်သူမြတ်များ ကြွရောက်တော်မူကြပြီး

စာမျက်နှာ ၁၆ ကော်လံ ၁ ☆




## အယ်ဒီတာ့အာဘော်

(၂၀၂၅ ခုနှစ်၊ မေ ၂၃ ရက်)

# နိုင်ငံအတွက်အားထားရသောလူငယ်များဖြစ်လာရေး

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံတော်ကိုတည်ငြိမ်အေးချမ်းမှုရှိပြီး ဘက်စုံဖွံ့ဖြိုးတိုးတက်စေရန် အစွမ်းကုန်ကြိုးစားဆောင်ရွက်လျက်ရှိရာတွင် လူငယ်များ၏ အခန်းကဏ္ဍနှင့်ပတ်သက်ပြီး အထူးအလေးထားဆောင်ရွက်ပေးလျက်ရှိသည်။ လူငယ်တိုင်းသည် အနာဂတ်တွင်နိုင်ငံတော်၏တာဝန်များကို ဦးလည်မသုန်ထမ်းဆောင်ကြရမည့်သူများဖြစ်ကြပေရာ မိမိနိုင်ငံ၏ သမိုင်းဖြစ်ရပ်မှန်များကိုသိရှိနေကြရမည်ဖြစ်သည်။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်နှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်တည်ဆောက်ရာတွင် ဦးဆောင်လူငယ်များအဖြစ်ပါဝင်နိုင်ကြရမည်ဖြစ်သည်။

လူငယ်များအနေဖြင့် နှစ်စဉ်နွေရာသီကျောင်းပိတ်ရက်ရှည်ကာလတွင် မိမိတို့၏ကိုယ်ပိုင်အချိန်များကို အကျိုးမဲ့မဖြစ်စေဘဲ မိမိအတွက်သော်လည်းကောင်း၊ တိုင်းပြည်အတွက်သော်လည်းကောင်း အကျိုးရှိစေသည့် ရေကြောင်း၊ လေကြောင်းပညာရပ်ဆိုင်ရာ လူငယ်သင်တန်းအသီးသီးကို လေ့လာသင်ယူတက်ရောက်ခဲ့ကြပြီး သင်တန်းပြီးမြောက်ခဲ့ကြပြီဖြစ်သည်။ သင်တန်းကာလအတွင်း ရေကြောင်းဆိုင်ရာ ပညာရပ်များ၊ လေကြောင်းဆိုင်ရာပညာရပ်များနှင့် အထွေထွေဗဟုသုတများတိုးပွားရရှိခဲ့ပြီဖြစ်သည်။ ထို့ပြင်နေရာဒေသအသီးသီးမှလာရောက်ကြသူများဖြစ်၍ သင်တန်းတွင် အသိမိတ်ဆွေတိုးပွားလာကြပြီဖြစ်သည်။ တစ်ဦးနှင့်တစ်ဦး နားလည်မှု၊ ရိုင်းပင်းကူညီမှု၊ စာနာဖေးမမှု၊ အမှားတွေ့ပါက စေတနာဖြင့် ဝေဖန်ထောက်ပြမှု စသည်တို့သည် မိတ်ဆွေအချင်းချင်းပြုမှုပေးတတ်သည့် အလေ့အကျင့်ကောင်းများပင်ဖြစ်သည်။ ထိုကဲ့သို့ မိတ်ဆွေကောင်းများကိုပိုင်ဆိုင်ခြင်းအားဖြင့် မိမိတို့ဖြတ်သန်းရမည့် အနာဂတ်ဘဝကို ဖြောင့်တန်းအောင်လျှောက်လှမ်းနိုင်ကြမည်ဖြစ်သည်။ စာအုပ်စာပေလူ့မိတ်ဆွေဆိုသည့်အတိုင်း စာပေဖတ်ရှုခြင်းဖြင့် အသိပညာမိတ်ဆွေတိုးပွားအောင်စွမ်းဆောင်ကြရမည်ဖြစ်သည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် မေလ ၂၁ ရက်နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဇေယျာသီရိဗိမာန်၌ ကျင်းပပြုလုပ်သည့် အခြေခံနှင့်တန်းမြင့်ရေကြောင်းလူငယ်သင်တန်းအမှတ်စဉ်(၁/၂၀၂၅)နှင့် အခြေခံနှင့်တန်းမြင့်လေကြောင်းလူငယ်သင်တန်းအမှတ်စဉ်(၁/၂၀၂၅)မှ သင်တန်းသား၊ သင်တန်းသူများနှင့် အုပ်ချုပ်သူနည်းပြများအားတွေ့ဆုံအမှာစကားပြောကြားစဉ် **"သင်တန်းတက်ရောက်ရာမှတစ်ဆင့် ရရှိခဲ့သည့် တိုင်းရင်းသားညီအစ်ကိုမောင်နှမအချင်းချင်း ချစ်ခင်စည်းလုံးညီညွတ်မှုများကို ဆက်လက်မွေးမြူပြီး ပြည်ထောင်စုစိတ်ဓာတ်ကိုမွေးမြူကြရန်၊ နိုင်ငံတော်အတွက် လူသားအရင်းအမြစ်များ မွေးမြူနေချိန်တွင် သင်ယူခဲ့သည့်ပညာရပ်များ၏ အခြေခံသဘောတရားများမှ စူးစမ်းလေ့လာမှုများပြုလုပ်ပြီး တိုးတက်အောင်မြင်အောင်ထပ်မံကြိုးစားသွားကြရန်၊ မှန်ကန်သည့်အသိအမြင်များရရှိစေရန် စာကောင်းပေမွန်များကိုဖတ်ရှုပြီး မိဘဆရာသမားများ၏ အဆုံးအမများအတိုင်း လိုက်နာနေထိုင်သွားကြရန်၊ " ပညာရွှေအိုး လူမခိုး" ဆိုသည့်အတိုင်း ပြောင်းလဲတိုးတက်နေသည့် ပညာခေတ်တွင် ပညာကိုတစိုက်မတ်မတ်ရှာဖွေရင်း တစ်ဖက်တွင်လည်း မိမိတို့၏ ကျန်းမာရေးအတွက် ဂရုပြုဆင်ခြင်နေထိုင်သွားကြရန်၊ အမိတိုင်းပြည်အပေါ် သစ္စာစောင့်သိရှိသေပြီး သင်ယူတတ်မြောက်ခဲ့သည့် ပညာရပ်များနှင့် နောင်တစ်ချိန်တွင် နိုင်ငံတော်ကအားကိုးအားထားပြုရမည့် မျိုးဆက်သစ်မောင်မယ်များဖြစ်အောင် ကြိုးပမ်းသွားကြရန်"** ထည့်သွင်းပြောကြားခဲ့သည်။

ရေကြောင်းလူငယ်နှင့်လေကြောင်းလူငယ်သင်တန်းများသို့ တက်ရောက်အောင်မြင်ခဲ့ကြသော လူငယ်များအတွက် သင်တန်းဖွင့်လှစ်ရသည့် မူလရည်မှန်းချက်များအောင်မြင်ခဲ့သည်သာမက သင်တန်းကာလတွင် နိုင်ငံ၏ ဒေသအသီးသီးမှ လူငယ်များသည် သင်တန်းအတူတက်ရောက်ခွင့်၊ အတူပူးပေါင်းဆောင်ရွက်ခွင့်၊ အတွေ့အကြုံဗဟုသုတဖလှယ်ခွင့်များရရှိခဲ့ကြသည်။ စိတ်တူကိုယ်တူမိတ်ကောင်းဆွေကောင်းများရရှိခဲ့ကြခြင်းမှာ တန်ဖိုးမဖြတ်နိုင်သည့်အခွင့်အလမ်းကောင်းတစ်ရပ်ပင်ဖြစ်သည်။ အဆိုပါမိတ်ဆွေကောင်းများဖြင့် နိုင်ငံနှင့်လူမျိုးအကျိုးကို ရှေးရှုသယ်ပိုးကြရမည်ဖြစ်သည်။ မြန်မာနိုင်ငံတွင်မွေးဖွား၍ မြန်မာနိုင်ငံတွင် ကြီးပြင်းလာကြသူများသည် နိုင်ငံတော်၏ကျေးဇူးသစ္စာကို စောင့်သိကြရမည့်တာဝန်ဝတ္တရားရှိကြသည်။

ရေကြောင်းလူငယ်နှင့်လေကြောင်းလူငယ်သင်တန်းများကို ၂၀၁၄ ခုနှစ်၌ စတင်ဖွင့်လှစ်ပေးခဲ့ခြင်းဖြစ်ပြီး ယခုအထိ သင်တန်း ၉ ကြိမ် ဖွင့်လှစ်ပြီးဖြစ်သည်။ သင်တန်းစတင်ဖွင့်လှစ်ချိန်တွင် သင်တန်းသားတစ်ဦးကို သင်တန်းတစ်ကြိမ်သာ တက်ရောက်နိုင်ရန်စီစဉ်ခဲ့သော်လည်း နောက်ပိုင်းတွင် သင်တန်းတက်ရောက်ပြီးလူငယ်များ၊ သင်တန်းမတက်ရသေးသည့် လူငယ်များ၏ ထက်သန်သည့် စိတ်ပါဝင်စားမှုနှင့်တင်ပြမှုများကြောင့် သင်တန်းတက်ရောက်ပြီးလူငယ်များကို နောက်နှစ်တွင် သင်တန်းဆက်တက်နိုင်ရန် တန်းမြင့်သင်တန်းများကို ၂၀၁၅ ခုနှစ်တွင် စတင်ဖွင့်လှစ်ခဲ့ခြင်းဖြစ်သည်။ ထို့ကြောင့် ယနေ့အထိ အခြေခံရေကြောင်း၊ လေကြောင်းလူငယ်သင်တန်း ၉ ကြိမ်၊ သင်တန်းသား ၈၄၄၆ ဦး၊ တန်းမြင့်ရေကြောင်း၊ လေကြောင်းလူငယ်သင်တန်း ၈ ကြိမ်၊ သင်တန်းသား ၁၆၄၄ ဦး စုစုပေါင်း လူငယ် ၁၀၀၉၀ ဦးကို လေ့ကျင့်သင်ကြားပေးနိုင်ခဲ့ပြီဖြစ်ကြောင်းသိရှိရသည်။ နိုင်ငံတော်အစိုးရအနေဖြင့် လူငယ်များ၏ စွမ်းရည်များကိုမြှင့်တင်ပေးနေပြီဖြစ်၍ လူငယ်များကလည်း စွမ်းရည်ရှိသောလူငယ်များဖြစ်အောင် ကြိုးစားကြရန်ဖြစ်ပါကြောင်း ဂုဏ်ပြုရေးသားလိုက်ရပေသည်။ ။

## ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ကင်းလွတ်ခွင့်ရသူများ

**ကင်းလွတ်ခွင့်**

၁။ ပြည်သူ့စစ်မှုထမ်းဥပဒေပုဒ်မ-၂၂ တွင် အောက်ပါပုဂ္ဂိုလ်များသည် ပြည်သူ့စစ်မှုထမ်းတာဝန်မှ ကင်းလွတ်စေရမည်ဟု ပြဋ္ဌာန်းထားပါသည်-

(က) သာသနာ့ဝန်ထမ်းများ။

(ခ) အိမ်ထောင်သည်အမျိုးသမီးများ(အိမ်ထောင်ပျက်သော်လည်း သားသမီးရှိသူ အမျိုးသမီးလည်း ပါဝင်သည်)။

(ဂ) ကိုယ်လက်အင်္ဂါတစ်ခုခု အမြဲတမ်းမသန်စွမ်းသူများ။

(ဃ) တပ်မတော်ဆေးစစ်ဆေးရေးဘုတ်အဖွဲ့က ပြည်သူ့စစ်မှုထမ်းရန် အမြဲတမ်းမသင့်လျော်သူဖြစ်ကြောင်း သတ်မှတ်ထားသူများ။

(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က အမိန့်ထုတ်ပြန်၍ ကင်းလွတ်ခွင့်ပြုထားသူများ။

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ကင်းလွတ်ခွင့်ပြုသူများ

(က) ဉာဏ်အရည်အသွေးမမီခြင်းနှင့်အကျင့်စာရိတ္တပျက်ပြားခြင်းတို့ကြောင့် စစ်မှုထမ်းရန်မသင့်လျော်သူများ။

(ခ) ဆေးစစ်ဆေးခြင်းသတ်မှတ်ချက်အရ စိတ်ပေါ့သွပ်သူဖြစ်ခြင်း (သို့မဟုတ်)စိတ်ပေါ့သွပ်နေသည်ဟု သက်ဆိုင်ရာဥပဒေက ပြဋ္ဌာန်းထားသည့်အတိုင်း သတ်မှတ်ခံရသူများ။

(ဂ) နိုင်ငံ့အတွက် တာဝန်ထမ်းဆောင်နေပြီး အစားထိုးရန်မဖြစ်နိုင်သေးသော အသိပညာရှင်(သို့မဟုတ်)အတတ်ပညာရှင်များ။

(ဃ) တိုက်ပွဲတွင်ကျဆုံးခဲ့သည့်တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်အဖွဲ့ဝင်များ၏သားသမီးအရင်းအချာများ(ကိတ္တိမသားသမီးများ၊ မွေးစားသားသမီးများမပါ)။ မှတ်ချက်။ အကယ်၍ ၎င်းသားသမီးအရင်းများသည် ပြည်သူ့စစ်မှုထမ်းဆောင်ရန် သဘောဆန္ဒအလျောက်ဆန္ဒပြုပါက စစ်မှုထမ်းဆောင်ရန်ခွင့်ပြုနိုင်သည်။

(င) အာဆီယံအဆင့်၊ အာရှအဆင့်၊ ကမ္ဘာ့အဆင့် အားကစားပြိုင်ပွဲများတွင် နိုင်ငံ့ဂုဏ်ဆောင်ရွှေတံဆိပ်၊ ငွေတံဆိပ်၊ ကြေးတံဆိပ်တစ်ခုခုရရှိသော အားကစားသမားများ။

(စ) နိုင်ငံ့ဝန်ထမ်းတာဝန်ထမ်းဆောင်နေသော တစ်ဆက်စပ်တည်းလုပ်သက် ၂ နှစ်နှင့်အထက်ရှိသော ဆရာဝန်နှင့်သူနာပြုများ။

(ဆ) တစ်ဆက်စပ်တည်း လုပ်သက် ၂ နှစ်နှင့်အထက်ရှိသော တပ်မတော်စစ်သည်အစားခန့်အရပ်သားဝန်ထမ်းများ။

(ဇ) ကင်းလွတ်ခွင့်ပြုရန် မဖြစ်မနေလိုအပ်နေသူများအဖြစ် ကျိုးကြောင်းခိုင်လုံစွာ တင်ပြနိုင်သူများ။

## မဲစာရင်းများမှန်ကန်ရေးအတွက် အသက် ၁၈ နှစ်အထက် လူဦးရေစာရင်း ပဥ္စမအကြိမ် မူကြမ်းကြိုတင်ပြင်ဆင်စိစစ်ခြင်းလုပ်ငန်းဆောင်ရွက်

မိတ္ထီလာ မေ ၂၂

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ်၌ မဲစာရင်းများမှန်ကန်ရေးအတွက် အသက် ၁၈ နှစ်အထက် လူဦးရေစာရင်း ပဥ္စမအကြိမ် မူကြမ်းကြိုတင်ပြင်ဆင်စိစစ်ခြင်းလုပ်ငန်းဆောင်ရွက်နေမှုကို မေလ ၂၁ ရက် နေ့လယ်ပိုင်းတွင် လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန မိတ္ထီလာမြို့နယ်ဦးစီးမှူးရုံးမှတာဝန်ရှိသူများကစစ်ဆေးကြောင်းသိရသည်။

ထိုသို့စစ်ဆေးရာတွင် တိုင်းဒေသကြီးလူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန ညွှန်ကြားရေးမှူး ဦးစိုးလွင်နှင့် တာဝန်ရှိသူတို့က လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မိတ္ထီလာမြို့နယ်ဦးစီးမှူးရုံး၌ မဲစာရင်းများမှန်ကန်ရေးအတွက် အသက် ၁၈ နှစ်အထက် လူဦးရေစာရင်း ပဥ္စမအကြိမ် မူကြမ်းကြိုတင်ပြင်ဆင်စိစစ်ခြင်းလုပ်ငန်းများဖြစ်သည့် ကွန်ပျူတာဝန်ထမ်းများ စုဖွဲ့ထားသည့် e-ID Team လုပ်ဆောင်နေမှု၊ မှတ်တမ်းခန်းနှင့် Biometric UID ရိုက်သွင်းနေမှုတို့ကို စစ်ဆေး၍ လိုအပ်သည်များကိုမှာကြားပြီး ကွန်ပျူတာဝန်ထမ်းများ စုဖွဲ့ထားသည့် e-ID Team လိုအပ်သည်များ ပံ့ပိုးဆောင်ရွက်ပေးရန်မှာကြားကြောင်း သိရသည်။

(၆၀၂)

## သဖင်(FM)အသံလွှင့်အစီအစဉ်

၂၃-၅-၂၀၂၅(သောကြာနေ့)

| | | |
|---|---|---|
| ၁။ | ၀၈:၀၀ | For Youth |
| ၂။ | ၁၀:၀၀ | သတင်း/သီချင်း |
| ၃။ | ၁၃:၀၀ | တိုင်းရင်းသားစကားပြောကြရအောင် |
| ၄။ | ၁၇:၀၀ | ထူးခြားထင်ရှားကမ္ဘာတစ်လွှား |
| ၅။ | ၁၉:၀၀ | စစ်သည်ကဏ္ဍ |
| ၆။ | ၂၁:၂၀ | စာလာတယ်ဗျို့ |

မြဝတီ နေ့စဉ်
the Myawady Daily

စာတည်းမှူးချုပ် - ဦးမျိုးဝင်းရှိန်
စာတည်းမှူး(မြန်မာ) - ဦးရာဇာအောင်
စာတည်းမှူး(အင်္ဂလိပ်) - ဦးရဲမင်းတင်
စာတည်း(ကျွမ်းကျင်)အင်္ဂလိပ် - ဦးတင်မောင်သန်း

စာတည်းအဖွဲ့(မြန်မာ) - ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်ဖြူဖြူမောင်
စာတည်းအဖွဲ့(အင်္ဂလိပ်) - ဦးထက်မြတ်၊ ဒေါ်သီရိမွန်
သတင်းအဖွဲ့(နေပြည်တော်) - ဦးဇော်မင်းပိုင်၊ ဒေါ်ခိုင်ဝါဝါကျော်
သတင်းအဖွဲ့(ရန်ကုန်) - ဦးစံမင်းသူ

**နေပြည်တော်**
စာတည်းအဖွဲ့ ၀၃၁-၇၃၉၉၈၊ ဖက်စ် ၀၃၁-၇၃၉၉၉/၀၃၂-၃၀၂၆၂၊
ဖြန့်ချိရေး/ကြော်ငြာ ၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈၊
ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။

**ရန်ကုန်(ရုံးခွဲ)**
စာတည်းအဖွဲ့ ၀၁-၇၄၀၂၁၊ ဖြန့်ချိရေး ၀၁၈-၄၀၀၆၉၇၊
ကြော်ငြာ ၀၁-၇၄၀၂၂၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

**မန္တလေး(ရုံးခွဲ)**
တာဝန်ခံ ၀၉-၆၈၈၈၈၃၅၅၈၊ ၈၄ လမ်း၊
၂၉x၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

**ကျိုင်းတုံ(ရုံးခွဲ)**
တာဝန်ခံ ၀၉-၂၅၀၅၅၆၆၃၈၊ ၀၃၄-၇၃၆၀၁
လှိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

**ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ်** - ၀၀၃၇၈/၀၀၄၉၄
**စတင်ထုတ်ဝေသည့်ရက်** - ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup @ gmail.com
Website - www.myawady.net.mm

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၊ သာသနာရေးဦးစီးဌာနက ကြီးမှူးကျင်းပသော (၇၇)ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ချီးကျူးပူဇော်ပွဲအခမ်းအနား၌ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာဘဒ္ဒန္တစန္ဒိမာဘိဝံသ သန်လျင်မင်းကျောင်းဆရာတော်ကြီးမိန့်ကြားတော်မူသော သာရဏီယသြဝါဒကထာ

{ ၁၃၈၇–ခုနှစ်၊ ကဆုန်လပြည့်ကျော် (၁၁)ရက်၊ ၂၀၂၅ ခုနှစ်၊ မေလ ၂၂ ရက်၊ ကြာသပတေးနေ့}


(၇၇)ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲကြီးသို့ဝင်ရောက်ပြန်ဆိုဖြေဆိုအောင်မြင်တော်မူကြသည့် စာအောင်သာသနဝ္စအာဇာနည်အရှင်မြတ်တို့နှင့်တကွ နိုင်ငံတော်အစိုးရအမှူးပြုသော ဥပါသကာ ဥပါသိကာမအပေါင်းတို့အား နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၏ကိုယ်စား စိတ်ထားရွှင်လန်းဝမ်းပန်းတသာ အခါမလပ် အမှတ်ရဖွယ်သမ္မောဒနီယ သာရဏီယ သြဝါဒစကား မြွက်ကြားလိုပါသည်ဘုရား။

ဦးစွာ ပထမစာတော်အောင်မြင်အာဇာနည်အရှင်မြတ်များအတွက် အားတက်ဖွယ်ရာစကားလျှောက်ထားလိုသည်မှာ–

**“ ဝီရိယာယတ္တော ဧဝ သဗ္ဗော လောကုတ္တရော လောကိယော စ ဝိသေသာဓိဂမော”** (မူလပဏ္ဏာသဋ္ဌီကာ၊ပ၊၃၈၆) ခပ်သိမ်းသော လောကုတ္တရာတရားများကို မျက်မှောက်ပြုရခြင်းသည်လည်းကောင်း၊ လောကဦဖြစ်သော ထူးကဲသာလွန်ကောင်းမွန်သောအောင်မြင်မှုမျိုးကို ရရှိခြင်းသည်လည်းကောင်း၊ ဝီရိယတရားနှင့်ဆက်နွှယ်ကြောင်း ရှေးဆရာကောင်းတို့ ငြိမ့်ညောင်းသံသာဟောမိန့်မှာသည့် စကားတော်နှင့်အညီလောကီကိစ္စများ၌ သာမန်အောင်မြင်မှုကိုသင့်တင့်လျော်ကန်သော ကြိုးစားမှုဝီရိယဖြင့် ရရှိနိုင်သော်လည်း ထူးကဲမွန်မြတ်သော အောင်မြင်မှုကို ထက်သန်သောလုံ့လဝီရိယဖြင့်သာ ရရှိနိုင်ပါသည်။ လောကုတ္တရာတရားထူးတရားမြတ်များကိုကား ထို့ထက်သာလွန်ထက်သန်မြဲမြံသောဝီရိယဖြင့်သာ မျက်မှောက်ပြုနိုင်မည်ဖြစ်ပါသည်။

(၇၇)ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒရွေးချယ်ရေးစာမေးပွဲကြီးတွင် ဝင်ရောက်ပြန်ဆိုဖြေဆိုအောင်မြင်တော်မူကြသည့် စာအောင်သာသနဝ္စအာဇာနည်အရှင်မြတ်တို့သည် လောကုတ္တရာတရားကိုးပါးရကြောင်း နည်းလမ်းကောင်းကိုညွှန်းဆိုမိန့်ကြားရာ ပိဋကတ်ကျမ်းစာအဖြာဖြာတို့ကို ပြန်ဆိုရေးဖြေအောင်မြင်တော်မူကြရာ၌ သာမန်ပြုလုပ်အားထုတ်ကြိုးစားမှုဖြင့် အောင်မြင်မှုကိုရရှိခဲ့ကြသည် မဟုတ်ပါ။ နေ့စဉ်ရက်ဆက်မပျက်မကွက်ဘဲ လေ့ကျက်ပုံမှန်အမြဲသင်အံ ပြန်ဆိုရသည့် ထက်သန်သောလုံ့လဝီရိယနှင့်တကွ ထက်မြက်သော ဆန္ဒ၊ တက်ကြွသောစိတ္တ၊ ထူးချွန်သောပညာ ဤလေးဖြာသော ဣဒ္ဓိပါဒ်ပြည့်စုံပြီးစီးမှုအကြောင်းရင်းကို ပေါင်းစပ်ညီညွတ်မှုကြောင့်သာ အောင်မြင်ကြခြင်းဖြစ်ပါသည်။

ဤကဲ့သို့ ဆန္ဒ၊ ဝီရိယ၊ စိတ္တ၊ ဝီမံသတို့၏ အကျိုးဖွံ့ဖြိုးပြည့်စုံမှုကို ရရှိတော်မူကြသည့်အရှင်မြတ်တို့မှာ ဝမ်းသာအားရရှိနေကြမည်ဖြစ်သကဲ့သို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ကလည်း နှစ်ထောင်းအားရကျေနပ်ဝမ်းမြောက်မှုဖြစ်မိပါသည်။ အရှင်မြတ်တို့အား လာရောက်ဖူးမြော်ပူဇော်ကြသော နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရအမှူးပြုသည့်ဒါယကာ၊ ဒါယိကာမအပေါင်း သူတော်ကောင်းတို့မှာလည်း ဝမ်းသာကြည်ညိုသဒ္ဒါယိုဖိတ်ကုသိုလ်စိတ်များဖြစ်ပွားကြမည်ဖြစ်ပါသည်။



တိပိဋကဓရ တိပိဋကကောဝိဒလောင်းလျာသာသနဝ္စအာဇာနည် အရှင်မြတ်တို့ဘုရား–

ယခုကဲ့သို့ စာအောင်အရှင်မြတ်တို့၏အောင်မြင်မှုကို ဝမ်းမြောက်ဝမ်းသာကြည်သာရွှင်ပြုံးကြည်ညိုမဆုံးဖြစ်ကြရသည်မှာ မြတ်စွာဘုရားရှင်သာသနာတော်တည်တံ့ရေးလမ်းကြောင်းပေါ်တွင် အရှင်မြတ်တို့ရပ်တည်နေခြင်းကို တွေ့မြင်နေရသောကြောင့်ဖြစ်ပါသည်။ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့က ဦးဆောင်လျက် နိုင်ငံတော်အစိုးရနှင့်တကွ ဗုဒ္ဓဘာသာဝင်သူတော်စင်တို့သည် သာသနာတော်သန့်ရှင်းတည်တံ့ပြန့်ပွားရေးအတွက် အဘက်ဘက်မှ တတ်စွမ်းသမျှ ကြိုးစားအားထုတ်ထောက်ပံ့လျက်ရှိနေကြသည်ကို အရှင်မြတ်တို့ အသိပင်ဖြစ်ပါသည်။

သာသနာတော်တည်တံ့ရေးအတွက် ပြုကျင့်လုပ်ဆောင်ရမည့် အချက်များမှာလည်း “ရဟန်းများတို့၊ တရားကိုနာ၊ ကျမ်းစာကိုသင်၊ နှုတ်တွင်ကျက်ဆောင်၊ သိအောင်လည်းမှတ်၊ ပဋိပတ်ပါ၊ ဖြည့်ကျင့်ရာသည်၊သာသနာတည်ဖို့အလုပ်တည်း”ဟူသော အင်္ဂုတ္တရနိကာယ်၊ ပဉ္စကနိပါတ၊ ပထမသဒ္ဓမ္မသမ္မောသသုတ်၌လာသည့် ကျင့်ဖွယ်ငါးပါးနှင့်အတူ မိမိကျင့်ကြံသောတရားများကို သူတစ်ပါးတို့ကျင့်ကြံရအောင် ထပ်ဆင့်ဟောကြားရမည်ဟူသော ဒီဃနိကာယ်၊ မဟာပရိနိဗ္ဗာနသုတ်၌ လာရှိသော ကျင့်ဖွယ်ရာများပင်ဖြစ်ပါသည်။

စာအောင်သာသနဝ္စအာဇာနည်အရှင်မြတ်တို့သည် သင်ကြားကျက်ဆောင်သိအောင်မှတ်ရုံမျှဖြင့် ရပ်တန့်မနေကြဘဲ ပရိယတ္တိလမ်းကြောင်းမှာရှိသော သီလသိက္ခာ၊ သမာဓိသိက္ခာ၊ ပညာသိက္ခာဟူသော သုံးရပ်အကျင့်မြတ်တို့ကို မိမိတို့ကိုယ်တိုင် သိရှိပေါက်ရောက်အောင် ကျင့်ဆောင်ကြိုးကုတ်အားထုတ်ကြမှ နိဿရဏတ္ထပရိယတ္တိဖြစ်ရှိကြကာ သာသနာတော်တည်တံ့ရေးအတွက်လည်း ပြည့်စုံသောအကြောင်းအထောက်အပံ့ဖြစ်မည်ကို နှလုံးသွင်းတော်မူကြ၍ မြတ်စွာဘုရားရှင်သာသနာတော်ကြီး အရှည်ခံ့လျက် တည်တံ့အောင်၊ စည်ပင်ထွန်းကား၊ ပြန့်ပွားတိုးတက်အောင် ပြည်တွင်းသာမက ပြည်ပနိုင်ငံများပါမကျန် သာသနာပြုလုပ်ငန်းများကို လုံ့လရှိကာ အားသစ်ကြိုးပမ်းထမ်းဆောင်တော်မူကြပါရန်လည်း တိုက်တွန်းလိုပါသည်ဘုရား။

တိပိဋကဓရ တိပိဋကကောဝိဒ ချီးကျူးပူဇော်ပွဲသို့ ကြွရောက်တော်မူလာကြသော စာအောင်သာသနဝ္စအာဇာနည် အရှင်မြတ်များနှင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရအမှူးပြုသော ဒါယကာ၊ ဒါယိကာမအပေါင်း သူတော်ကောင်းတို့–

**“သာသနံ ပုညဝန္တဿ ပုညဝန္တာဝလဗ္ဘရေ”** ဟူသော သြဝါဒ ဒေသနာတော်အရ သာသနာတော်မြတ်ကြီးကို ယခုကဲ့သို့ ဓမ္မာနုဂ္ဂဟဖြင့် ချီးမြှောက်ခွင့်ရကြသည့် အရှင်မြတ်တို့သည် ရှေးဘုန်းရှေးကံ ပြည့်လျှံကြီးမား ဘုန်းသမ္ဘာရှင်များဖြစ်ကြသကဲ့သို့ ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေးဟူသောပစ္စည်းလေးပါးတို့ဖြင့် ချီးမြှောက်ပူဇော်ခွင့်ရကြသည့် ဒါယကာ၊ ဒါယိကာမအပေါင်း သူတော်ကောင်းတို့လည်း ရှေးဘုန်းရှေးကံကြီးမားကြသောကြောင့် ချီးမြှောက်ပူဇော်ခွင့်ရကြသည်ဟု နှလုံးသွင်းကာ ခါခါရွှင်လန်းဝမ်းမြောက်ဝမ်းသာဖြစ်ကြရပါမည်။ ဤသို့ ဆရာဒကာညီညွတ်စွာဖြင့် ဝမ်းမြောက်ဝမ်းသာ မိမိတို့ဆိုင်ရာ အနုဂ္ဂဟတို့ဖြင့် ချီးမြှောက်ကြလျှင် မြတ်စွာဘုရားရှင် သာသနာတော်သည်လည်း နေရောင်လရောင်ပမာ အရှည်အကြာ တည်ကာသန့်ရှင်းထွန်းလင်းမည်ဖြစ်သောကြောင့်–

**သာဂါရာ အနဂါရာ စ၊ ဥဘော အညောည နိဿိတာ၊**
**အာရာဓယန္တိ သဒ္ဓမ္မံ၊ ယောဂက္ခေမံ အနုတ္တရံ။** (ဣတိဝုတ်၊ ၂၇၀)

**သာဂါရာစ၊** အိမ်ရာတည်ထောင် လူ့ဘောင်နေသူ လူဒါယကာ၊ ဒါယိကာမအပေါင်း သူတော်ကောင်းတို့သည်လည်းကောင်း။ **အနဂါရာစ၊** အိမ်ရာမထောင် ရဟန်းဘောင်နေငြား အရှင်မြတ်များတို့သည်လည်းကောင်း။ **ဥဘော၊** ဆရာဒကာ ညီညာပေါင်းရုံး နှစ်ဦးစလုံးတို့သည်။ **အညောညနိဿိတာ၊** ကျွန်းကိုကိုင်းမှီ ကိုင်းကျွန်းမှီသို့ အညီလက်တွဲ အချင်းချင်းအမှီသဟဲရကြကုန်သည်ဖြစ်၍။ **ယောဂက္ခေမံ၊** ယောဂလေးတန် ကုန်ရာမှန်သော။ **အနုတ္တရံ၊** မိမိထက်လွန် မွန်မြတ်သောတရားမရှိသော။ **သဒ္ဓမ္မံ၊** သဒ္ဓမ္မသုံးဖြာ သာသနာတော်မြတ်ကြီးကို။ **အာရာဓယန္တိ၊**နိဗ္ဗာန်တိုင်ပေါက် ခရီးရောက်အောင် ပြီးမြောက်အောင်စေညွှန်းဖော်ပြလျက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၏ကိုယ်စား သမ္မောဒနီယ သာရဏီယသြဝါဒကထာကို နိဂုံးကမွတ် အဆုံးသတ်အပ်ပါသတည်း။

**ဒေါက်တာဘဒ္ဒန္တစန္ဒိမာဘိဝံသ**
**ဥက္ကဋ္ဌဆရာတော်**

## စာစီစာကုံးနှင့် ပန်းချီပြိုင်ပွဲများကျင်းပ

**မြဝတီ မေ ၂၂**

ကရင်ပြည်နယ် မြဝတီမြို့ မြို့နယ်ပညာရေးမှူးရုံး အစည်းအဝေးခန်းမ၌ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ ဇွန်လ ၅ ရက်တွင် ကျရောက်မည့် ကမ္ဘာ့ပတ်ဝန်းကျင် ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် အကြိုလှုပ်ရှားမှုအဖြစ် အခြေခံပညာအထက်တန်းအဆင့်၊ အလယ်တန်းအဆင့်၊ မူလတန်းအဆင့် စာစီစာကုံးပြိုင်ပွဲနှင့် ပန်းချီပြိုင်ပွဲများကို ယခုနှစ် ဆောင်ပုဒ်ဖြစ်သည့် “ကမ္ဘာတစ်ဝန်း ပလတ်စတစ်ညစ်ညမ်းမှုအဆုံးသတ်ရေး ပူးပေါင်းအားဖြင့်ဆောင်ရွက်ပေး”ဟူသည့် ခေါင်းစဉ်ဖြင့် မေလ ၂၁ ရက်နံနက်ပိုင်းတွင် ကျင်းပသည်။

စာစီစာကုံးပြိုင်ပွဲတွင် အခြေခံပညာကျောင်းများမှ အထက်တန်းအဆင့် ခုနစ်ဦး၊ အလယ်တန်းအဆင့် ငါးဦး၊ မူလတန်းအဆင့် လေးဦးနှင့် ပန်းချီပြိုင်ပွဲတွင် အထက်တန်းအဆင့် သုံးဦး၊ အလယ်တန်းအဆင့် ကိုးဦး၊ မူလတန်းအဆင့် သုံးဦး စုစုပေါင်း ကျောင်းသား၊ ကျောင်းသူ ၃၁ ဦးတို့ ဝင်ရောက်ယှဉ်ပြိုင်နေမှုကို မြဝတီခရိုင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးရန်နိုင်ထွန်းနှင့် မြို့နယ်ပညာရေးမှူး ဦးမိုးကျော်တို့က ကြည့်ရှုအားပေးကြသည်။

အဆိုပါပြိုင်ပွဲတွင် ဆုရရှိသူများကို ဇွန်လ ၅ ရက်တွင် ကျရောက်မည့် ကမ္ဘာ့ပတ်ဝန်းကျင် ထိန်းသိမ်းရေးနေ့ အခမ်းအနား၌ ဆုများပေးအပ်မည်ဖြစ်ကြောင်းသိရသည်။

(၄၀၆)

# တစ်သက်တာမှတ်တမ်းနှင့် အတွေးအခေါ်များ

ရွှေဥဒေါင်း

**"သာသနာပြုဆရာကြီးနှင့် တွေ့လိုက်ရပြီးသည့်နောက် ကျွန်ုပ်သည် သူရိယတိုက်၏ လခပေးပုံကို မကျေမချမ်း ဖြစ်သည်နှင့် လုပ်ဖော်ကိုင်ဖက်များအား စည်းရုံးကြည့်ပါသည်။ တချို့မှာ အလုပ်ပြုတ်မည်ကို ကြောက်ကြ၍ တချို့မှာလည်း လခပို၍တောင်းဖို့ သဘောတူကြ၏။ ဤအတောအတွင်း မြန်မာကထုတ်သော အင်္ဂလိပ်သတင်းစာ တစ်စောင်က သူရိယသတင်းစာတိုက်၏လုပ်သားလခ ပေးပုံနှင့်ပတ်သက်၍ ဝေဖန်ရေးသားလိုက်၏။ (ထို သတင်းစာသည် ဦးစောကဲ့သို့သော လူတစ်ယောက်က အယ်ဒီတာချုပ်ဖြစ်နေခြင်းကို မနာလိုသဖြင့် ရေးသား ခြင်းဖြစ်သည်ဟု ကျွန်ုပ်နားလည်ပါ၏). . ."**

**ယမန်နေ့မှအဆက်**

ဆရာကြီးသည် အာလာပသလ္လာပစကားပြောရင်း ကျွန်ုပ်၏စားပွဲကြီးနှင့် အခန်းကျယ်ကြီးကိုလည်းကောင်း၊ အင်္ဂလိပ်သတင်းစာကြီးများနှင့် လက်ဖက်ရည်ကြမ်းဓာတ်ဘူးကိုလည်းကောင်း ကြည့်လျက်ရှိစဉ် 'တယ်ဟုတ်ပါလား'ဟူသောမျက်နှာထားမှာ ပြောင်းလဲခြင်းမရှိဘဲ တိုး၍သာဖြစ်ပေါ်လျက်ရှိခြင်းကို ကျွန်ုပ်မြင်ရ၏။ ကျွန်ုပ်လည်း ခင်ဗျားတို့ အမေရိကန်သာသနာပြုဌာနကသာ ကျွန်တော့်ကို အထင်သေးပြီး လခတိုးမပေးချင်ကြတာပါ။ ကျွန်တော်က ခေတဲ့လူတစ်ယောက် မဟုတ်ပါဘူးဟူသောအဓိပ္ပာယ်မျိုးဖြင့် ရင်ခပ်ကော့ကော့လုပ်နေမိ၏။ နောက်ဆုံး၌ ဆရာကြီးက 'ခင်ဗျား ဒီမှာဘာအလုပ်လုပ်လဲ'ဟုမေးရာ ကျွန်ုပ်က 'အယ်ဒီတာလေ၊ တာဝန်ခံအယ်ဒီတာပဲ'ဟု ပြန်ပြောစဉ် ကျွန်ုပ်၏ရင်ဘတ်သည် တိုး၍ ကော့လာသည်ထင်၏။ ဆရာကြီး၏ 'တယ်ဟုတ်ပါလား'ဟူသော မျက်နှာထားမှာ တိုး၍ ထင်ရှားလာပြီး 'ခင်ဗျား လခဘယ်လောက်ရသလဲ'ဟု ရုတ်တရက်ဆက်၍မေးလိုက်လေသည်။ ခက်ချေပြီ။ အင်္ဂလိပ်လူမျိုးများသည် လူတစ်ယောက်၏ လခကို မေးရိုးထုံးစံမရှိဟု ကျွန်ုပ်နားလည်ခဲ့ရာ အမေရိကန်လူမျိုးများလည်း ထိုနည်းအတူဖြစ်သည်ဟု ထင်မိ၏။ ထို့ကြောင့် ဤသို့ မေးလိုက်ခြင်းအတွက် ကျွန်ုပ်အံ့အားသင့်ရုံသာမက ဖြေရလည်းခက်သည်နှင့် လေယပ်အောက်တွင် ချွေးကျမတတ်ဖြစ်နေခဲ့ရပါလေပြီ။

## မလိမ်ဘဲ မဖြစ်သောကိစ္စ

ဖြေရခက်ခြင်းကား ဤသို့သောအကြောင်းကြောင့်ပေတည်း။ သူရိယတိုက်၌ ကျွန်ုပ် ပထမအကြိမ် အလုပ်လုပ်ခဲ့ရစဉ် တိုက်အုပ်များဖြစ်ကြသော ဦးလှဖေ၊ ဦးဘဖေတို့၏လခနှင့် ကျွန်ုပ်တို့ အယ်ဒီတာများ၏လခမှာ မတိမ်းမယိမ်းမျှသာ ကွာခြား၏။ အလွန်ဆုံး သူတို့က နှစ်ဆလောက်ရကြ၏။ ဒုတိယအကြိမ် ကျွန်ုပ်ပြန်ဝင်သောအခါ၌မူကား တာဝန်ခံအယ်ဒီတာဆိုသော ကျွန်ုပ်၏လခသည် တိုက်အုပ်ဦးဘလေးနှင့် အယ်ဒီတာချုပ်ဆိုသော ဦးစော၏လခများနှင့် 'အူ၍ မကြားအောင်' ကွာဝေးလှသည်။ ငါးပုံတစ်ပုံမျှပင် တင်းတင်းမပြည့်ချေ။ သူတို့က လခ ၇၅၀ ကျပ်စီ ယူကြသော်လည်း တာဝန်ခံအယ်ဒီတာဆိုသော ကျွန်ုပ်မှာ အကြိမ်ကြိမ် နားပူနိုင်ပါမှ ၁၃၅ ကျပ်မျှသာ ရရှိပါသည်။ ကျွန်ုပ်မဝင်မီ တာဝန်ခံအယ်ဒီတာလုပ်သွားရှာသူမှာ လခ ၁၀၀ ကျပ်မျှပင် ပြည့်ကောင်းမှပြည့်ပေမည်။ သူရိယ၏ပေါ်လစီမှာ နိုင်ငံရေးသမားများသာ မြက်မြက်စားကြ၍ ခေါင်းကြီးရေးကောင်းလှပါသည်ဟု သူတို့ကိုယ်တိုင်က ဝန်ခံထားသည့် ကျွန်ုပ်နှင့်တကွ ညအယ်ဒီတာများ၊ သတင်းထောက်များ စသည်တို့မှာ အသက်မသေရုံကလေး လခပေးထားကြလေသည်။

ဤနောက်ပိုင်းတွင် သူရိယကို အသက်သွင်းပြီး ပြန်ထုတ်ရန် ကြိုးစားကြသေးရာ ရှေးနည်းအတိုင်း နိုင်ငံရေးသမားစားကျက် အဖြစ်နှင့် ဖန်တီးလိုကြဟန်တူသောကြောင့် မျက်စိပွင့်လာကြသော ဤခေတ်တွင် တော်သလိုလျော်သလို လခလေးမျှနှင့် အယ်ဒီတာကောင်းရနိုင်သည့်လက္ခဏာမရှိသဖြင့် မအောင်မြင်ဘဲ ပိတ်ထားလိုက်ရလေသည်။ အမေရိကန်သာသနာပြုဆရာကြီးက တာဝန်ခံအယ်ဒီတာဆိုသော ကျွန်ုပ်၏လခကိုမေးသောအခါ သူတို့၏ လခ ၁၅၀ ကျပ်စား အလုပ်ကိုစွန့်ပစ်ပြီး ထွက်ခဲ့ခြင်းဖြစ်သည်တစ်ကြောင်း၊ ကျယ်ဝန်းလှသောအခန်းကြီး၊ စားပွဲကြီးများဖြင့် တယောင်တဆောင်လုပ်ပေးထားသည်နှင့် သူက အထင်ကြီးလျက်ရှိသည်တစ်ကြောင်းကြောင့် ကျွန်ုပ်၏လခကို အမှန်အတိုင်းပြောဖို့ ခဲယဉ်းလျက်ရှိလေပြီ။ လခ ၁၅၀ ကျပ်ဖြင့်လုပ်နေခဲ့ရာမှ ၂၅၀ ကျပ်တောင်းပြီး မရသဖြင့် ဟန်ကြီးပန်ကြီးနှင့် ထွက်လာခဲ့သော ကျွန်ုပ်က မြန်မာနိုင်ငံတွင် ထိပ်သီးဆိုသော မြန်မာသတင်းစာတိုက်ကြီး၌ တာဝန်ခံအယ်ဒီတာဆိုသောအလုပ်ကို လခလေး ၁၃၅ ကျပ်မျှဖြင့် လုပ်နေသည်ဆိုပါက သူရိယတိုက်ကိုသော်လည်း အထင်သေးမည်။ သို့တည်းမဟုတ် ကျွန်ုပ်က တာဝန်ခံအယ်ဒီတာဟုပြောခြင်းကို လိမ်၍ပြောခြင်းဖြစ်သည်ဟု ယူဆမည်။ သို့ဖြစ်၍ ကျွန်ုပ်သည် လခနှင့်ပတ်သက်၍ အဘယ်အခါမှ ကြွားဝါပြောဖူးခြင်း မရှိပါဘဲလျက် လခ ၃၀၀ ကျပ်ရသည်ဟု ပြောလိုက်ရ၏။ သို့နှင့်ပင် ဆရာကြီးသည်အံ့ဩသောမျက်နှာထားနှင့် ကျွန်ုပ်အား ကြည့်လျက် 'ဒါပဲလား' (Is that all ?) ဟု မေးပါသေးသည်။ ကျွန်ုပ်ကလည်း ယခုတော့ ဒါပဲရပါသေးသည်။ သို့သော် ၇၅၀ ကျပ်အထိအောင် တက်လမ်းရှိပါသည်ဟု ပြောလိုက်ရသည်။ အမှန်မှာ ကျွန်ုပ်သည် တကယ်ရသောလခထက် နှစ်ဆသာသာကြီး ကြွား၍ပြောလိုက်ခြင်းဖြစ်ရာ အမှန်အတိုင်းပြောလိုက်ရလျှင် 'အရူးတစ်ယောက်ပဲ'ဟု ဆိုကာ ဆင်းပြေးကောင်းပြေးပေလိမ့်မည်။

## လခတိုး၍တောင်းခြင်း

သာသနာပြုဆရာကြီးနှင့်တွေ့လိုက်ရပြီးသည့်နောက် ကျွန်ုပ်သည် သူရိယတိုက်၏လခပေးပုံကို မကျေမချမ်းဖြစ်သည်နှင့် လုပ်ဖော်ကိုင်ဖက်များအား စည်းရုံးကြည့်ပါသည်။ တချို့မှာ အလုပ်ပြုတ်မည်ကို ကြောက်ကြ၍ တချို့မှာလည်း လခပို၍တောင်းဖို့ သဘောတူကြ၏။ ဤအတောအတွင်း မြန်မာကထုတ်သော အင်္ဂလိပ်သတင်းစာတစ်စောင်က သူရိယသတင်းစာတိုက်၏လုပ်သားလခပေးပုံနှင့်ပတ်သက်၍ ဝေဖန်ရေးသားလိုက်၏။ (ထိုသတင်းစာသည် ဦးစောကဲ့သို့သော လူတစ်ယောက်က အယ်ဒီတာချုပ်ဖြစ်နေခြင်းကို မနာလိုသဖြင့် ရေးသားခြင်းဖြစ်သည်ဟု ကျွန်ုပ်နားလည်ပါ၏။) ၎င်း၏ဝေဖန်ချက်၌ သူရိယသတင်းစာတိုက်တွင် အထက်တန်းစားလုပ်သားများသာကောင်းစား၍ တခြားလုပ်သားများမှာ ငတ်မသေရုံလေးမျှသာ ရရှိကြကြောင်း၊ အယ်ဒီတာချုပ်ဆိုသူက လက်အောက်ငယ်သားများရေးသည့်စာများတွင် ဒိုဘီမှတ် (Dhoby Mark) ကလေးများထည့်ပေးရုံဖြင့် လခကြီးယူလျက်ရှိကြောင်း စသည်ဖြင့် ဝေဖန်ရေးသားလိုက်လေသည်။ (အမှန်မှာ ဦးစောသည် ကျွန်ုပ်ရေးသည့်ခေါင်းကြီးများတွင် 'ဒိုဘီမှတ်'မျှပင် ဖြည့်စွက်ရခြင်းကို မမှတ်မိပါ) ဤတွင် ကျွန်ုပ်သည် အယ်ဒီတာချုပ်ဦးစောနှင့် တိုက်အုပ်ဦးဘလေးမှတစ်ဆင့် သူရိယတိုက်ဒါရိုက်တာအဖွဲ့သို့ လုပ်သားများ၏လခနည်းလှခြင်းနှင့်ပတ်သက်၍ စာတစ်စောင်ရေးတင်လိုက်ရာ ၎င်းစာ၌ အင်္ဂလိပ်သတင်းစာကဝေဖန်ရေးသားသည့် 'ဒိုဘီမှတ်'ဟူသောစကားလုံးကိုလည်း အကိုးအကားအဖြစ်နှင့် တည့်သွင်းဖော်ပြလိုက်၏။ အလုပ်ပြုတ်ရမည်ကို မကြောက်သူများသည် ကျွန်ုပ်၏စာတွင် လက်မှတ်ရေးထိုးကြရာ ၎င်းတို့အနက်တွင် (ယခု အေပီသတင်းထောက်) ကိုဘသန်းနှင့် (မြဝတီမဂ္ဂဇင်းအယ်ဒီတာချုပ်) ကိုသိန်းမောင်တို့လည်း ပါဝင်ကြသည်။ တိုက်အုပ်နှင့် အယ်ဒီတာချုပ်သည် ကျွန်ုပ်တို့၏စာကို ဒါရိုက်တာဘုတ်အဖွဲ့သို့ တင်ပြဟန်မရှိ။ သို့သော် ကျွန်ုပ်ခေါင်းဆောင်၍ (ထိုခေတ်က ထုံးစံအတိုင်း အင်္ဂလိပ်လို) ရေးသောစာဟူ၍ သိရှိကြသဖြင့် ကျွန်ုပ်ကျေနပ်အောင် တစ်မျိုးတစ်မည် စီမံကြသည်။

## ပျားရည်နှင့် ဝမ်းချခြင်း

သူရိယတိုက်၌ အယ်ဒီတာချုပ်လုပ်သူနှင့် တိုက်အုပ်လုပ်သူများသည် တာဝန်ခံအယ်ဒီတာ၊ သတင်းအယ်ဒီတာ စသည့်လုပ်သားများအား လူဘက်မထင်ကြသော အစဉ်အလာကြီးတစ်ခုရှိ၏။ ထိုကဲ့သို့ သွေးကြီးရာအကြောင်းတစ်ခုမှာ ၎င်းတို့သည် အမတ်များဖြစ်ကြသောကြောင့်ဖြစ်၏။ သတင်းစာဘက်၌လည်းကောင်း၊ ဗဟုသုတဘက်၌လည်းကောင်း၊ ဉာဏ်ပညာအရည်အချင်း၌လည်းကောင်း သူတို့ကိုယ်သူတို့ပင် (ဦးလှဖေနှင့် ဦးဘဖေတို့ လက်ထက်မှတစ်ပါး) ထင်ဝံ့ကြသည် မဟုတ်ချေ။ ၎င်းတို့သည် လက်အောက်လုပ်သားများနှင့် ဖက်လဲတကင်း မဆိုထားဘိ၊ အရောတဝင်မျှပင် မနေကြချေ။ သို့ရာတွင် အထက်ပါစာကို တင်လိုက်ပြီးသည့်နောက်၌ ဦးစောသည် ကျွန်ုပ်အား ၎င်း၏နေအိမ်သို့ ဖိတ်ခေါ်၍ မုန့်ဟင်းခါး၊ လက်ဖက်ရည်စသည်များဖြင့် ရုံဖန်ရုံခါဧည့်ခံပါသည်။ ကျွန်ုပ်ကမူ အထက်ပါစာကို တင်ပြီး၍ ပထမအကြိမ် ဖိတ်ခေါ်စဉ်ကပင် ကျွန်ုပ်၏ လခနည်းလွန်းခြင်းအကြောင်း၊ ဗဟုသုတအကြားအမြင်၌ ဖြစ်စေ၊ ခေါင်းကြီးအရေးအသား၌ဖြစ်စေ အရပ်ရပ်အတွေးအခေါ်၌ဖြစ်စေ သူရိယတိုက်သားများသာမဟုတ် မည်သည့်သတင်းစာသမားနှင့်မဆို ပြိုင်ဝံ့ကြောင်း ပြောလိုက်၏။

**ဆက်လက်ဖော်ပြပါမည်။**

---

# ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေးဟောပြောပွဲနှင့် ပြိုင်ပွဲများကျင်းပ

ရန်ကုန် မေ ၂၂

ရန်ကုန်တိုင်းဒေသကြီး လှည်းကူးခရိုင် လှည်းကူးမြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ကျောင်းသား၊ ကျောင်းသူများ စာဖတ်ရှိန်မြင့်မား၍ ဗဟုသုတရရှိစေရန်၊ အသိဉာဏ်ပညာဖွံ့ဖြိုးတိုးတက်စေရန်ရည်ရွယ်၍ ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေးဟောပြောပွဲနှင့် ပြိုင်ပွဲများကို မေလ ၂၁ ရက်က မြို့နယ်လူထုအခြေပြုဗဟိုဌာန၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်အေးအေးနွဲ့က ဟောပြောပွဲနှင့်ပြိုင်ပွဲများကျင်းပရခြင်း၏ ရည်ရွယ်ချက်နှင့် ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေးဟောပြောပြီး မြို့နယ်စာရေးဆရာအသင်းမှ စာရေးဆရာ ဦးသက်ဦးက စာဖတ်ခြင်း၏အကျိုးကျေးဇူး ခေါင်းစဉ်ဖြင့် အသိပညာပေးဟောပြောသည်။

ဆက်လက်၍ ကျောင်းသား၊ ကျောင်းသူများက ပန်းချီပြိုင်ပွဲ၊ စာဖတ်စွမ်းရည်ပြိုင်ပွဲ၊ ဉာဏ်စမ်းပဟေဠိပြိုင်ပွဲနှင့် ကဗျာရွတ်ဆိုပြိုင်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်ကြပြီး ဆုရရှိသူများကို တာဝန်ရှိသူများက ဆုများချီးမြှင့်ပေးအပ်ကြသည်။

ထို့နောက် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ လူငယ်လူရွယ်များ အသိပညာ ဗဟုသုတရရှိစေရန် ကလေးအလုပ်သမားပပျောက်ရေး၊ မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေး အသိပညာပေးနံရံကပ်စာစောင်နှင့် သုတ/ ရသစာအုပ်စာစောင်များကို ခင်းကျင်းပြသခဲ့ကြောင်း သိရသည်။ **အေးအေးနွဲ့(ပြန်/ဆက်)**



# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ညောင်နှစ်ပင်စိုက်ပျိုးမွေးမြူရေးအထူးဇုန်နှင့် ရွှေပြည်စိုက်ပျိုးမွေးမြူရေးဇုန်စီမံကိန်းသို့ သွားရောက်ကြည့်ရှုစစ်ဆေး





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ညောင်နှစ်ပင်စိုက်ပျိုးမွေးမြူရေးအထူးဇုန်ရှိ စိမ်းလန်းစိုက်ပျိုးထုတ်လုပ်ရေးနှင့်အထွေထွေရောင်းဝယ်ရေးသမဝါယမအသင်းလီမိတက်နှင့် "ထွန်း"ဓာတုကင်းလွတ်သမဝါယမအသင်း စိုက်ပျိုးရေးခြံများကို ကြည့်ရှုစစ်ဆေးစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း C.P Group ရှိ Learning Center ၌ Evaporated Cooling System ဖြင့် အဆင့်မြင့်အသားတိုးဝက် မွေးမြူထားရှိမှု အခြေအနေကို ကြည့်ရှုစစ်ဆေးစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း Myanmar Green Light (MGL) စိုက်ပျိုးမွေးမြူရေးခြံ၌ ဥစားကြက်နှင့် ငါးကန်တွဲဖက်မွေးမြူထားရှိမှု အခြေအနေကို ကြည့်ရှုစစ်ဆေးစဉ်။

နေပြည်တော် မေ ၂၂

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းသည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများ လိုက်ပါ၍ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ညောင်နှစ်ပင်စိုက်ပျိုးမွေးမြူရေးအထူးဇုန်နှင့် ရွှေပြည်စိုက်ပျိုးမွေးမြူရေးဇုန်စီမံကိန်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် ညောင်နှစ်ပင်စိုက်ပျိုးမွေးမြူရေးအထူးဇုန်ရှိ စိမ်းလန်းစိုက်ပျိုးထုတ်လုပ်ရေးနှင့် အထွေထွေရောင်းဝယ်ရေးသမဝါယမအသင်းလီမိတက်နှင့် "ထွန်း"ဓာတုကင်းလွတ် သမဝါယမအသင်း စိုက်ပျိုးရေးခြံများသို့ရောက်ရှိပြီး မုန်ညင်းစိမ်း/ ဖြူ၊ ယုဆိုင်၊ ထိုင်ဝမ်မုန်ညင်း၊ ဆလတ်၊ ချဉ်ပေါင်၊ မုန်လာ၊ ဖက်ဖယ်၊ ကင်ပွန်းချဉ်၊ ဆူးပုပ်၊ နံနံပင်နှင့် အခြားရာသီပေါ်သီးနှံများ စိုက်ပျိုးထားရှိမှု၊ ခြံထွက်ဟင်းသီးဟင်းရွက်များ၊ ဈေးကွက်တင်ပို့မှုနှင့် အပင်စွန့်ပစ်ပစ္စည်းနှင့် အီးအမ်ဘိုကာရှီရောစပ်ထားသည့် ရွက်ဖုန်းအားတိုးဆေး၊ ကာကွယ်ဆေးများ အသုံးပြုမှုတို့ကို လိုက်လံကြည့်ရှုပြီး သိရှိလိုသည်များကို မေးမြန်းဆွေးနွေးသည်။

ညောင်နှစ်ပင်စိုက်ပျိုးမွေးမြူရေးအထူးဇုန်သည် မြေဧက ၉၁၀၆ ဒသမ ၄၇ ဧကရှိသည့်အနက်မှ စိုက်ပျိုးရေးမြေဧကမှာ ၇၄၅၈ ဒသမ ၅၇ ဧကဖြစ်ပြီး စိမ်းလန်းစိုက်ပျိုးထုတ်လုပ်ရေးနှင့် အထွေထွေရောင်းဝယ်ရေးသမဝါယမအသင်းလီမိတက်တွင် အသင်းဝင်တောင်သူဦးရေ ၂၄၂ ဦးတို့က မြေဧက ၁၄၀ တွင် ဟင်းသီးဟင်းရွက်များနှင့် အခြားရာသီပေါ်သီးနှံများကို လည်းကောင်း၊ "ထွန်း"ဓာတုကင်းလွတ်သမဝါယမအသင်းတွင်အသင်းဝင်တောင်သူဦးရေ ၁၀၈ ဦးတို့က မြေဧက ၆၀ တွင် ဟင်းသီးဟင်းရွက်များနှင့် အခြားရာသီပေါ်သီးနှံများကိုလည်းကောင်း စိုက်ပျိုးထားပြီး စိုက်ပျိုးရေးဇုန်အတွင်းမှ ထွက်ရှိလာသည့် ဟင်းသီးဟင်းရွက်များနှင့် ရာသီပေါ်သီးနှံများအပေါ်မူတည်ပြီး ဒေသအတွင်းရှိ လက်လီလက်ကားဈေးများသို့ နေ့စဉ်တန်ချိန် ၂၀ နှင့် ၃၀ အကြား ဖြန့်ဖြူးရောင်းချပေးလျက်ရှိကြောင်း သိရသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့်အဖွဲ့ဝင်များသည် C.P Group ရှိ Learning Center သို့ရောက်ရှိကြပြီး Evaporated Cooling System ဖြင့် အဆင့်မြင့်အသားတိုးဝက် မွေးမြူထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသပြီး သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကာ လိုအပ်သည်များကို မှာကြားသည်။ အဆိုပါ Learning Center တွင် ဝက်မွေးမြူရေးခြံ ၂၇ ခြံရှိပြီး တစ်ခြံတွင် အကောင်ရေ ၆၀၀ နှုန်းဖြင့် ဝက်အကောင်ရေစုစုပေါင်း ၁၆၀၀၀ ကျော် မွေးမြူထားရှိကြောင်းနှင့် ဒေသတွင်းအသားငါးလိုအပ်ချက်များကို နေ့စဉ်တစ်ဖက်တစ်လမ်းမှ ကူညီပံ့ပိုးပေးလျက်ရှိကြောင်း သိရသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့် အဖွဲ့ဝင်များသည် Myanmar Green Light (MGL) စိုက်ပျိုးမွေးမြူရေးခြံသို့ ရောက်ရှိကြပြီး ဥစားကြက်နှင့် ငါးကန်တွဲဖက်မွေးမြူထားမှု၊ ဇီဝဖိုးဇက်များမွေးမြူထားရှိမှုနှင့် ကျွဲကောပင်များနှင့် ဒူးရင်းပင်များ စိုက်ပျိုးထားရှိမှုတို့ကိုလိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို အကြံပြုမှာကြားသည်။ အဆိုပါ Myanmar Green Light (MGL) စိုက်ပျိုးမွေးမြူရေးခြံသည် ဧက ၃၀၀ ခန့်ကျယ်ဝန်းပြီး ကြက်မွေးမြူရေးခြံ ၁၃ ခြံတွင် မီးကိုင်ကြက်အကောင်ရေ ၂၀၀၀၀ နှင့် ဥစားကြက်

စာမျက်နှာ ၆ သို့ ⊃






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းအား ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းက ဇုန်များအတွင်း စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများကို အပိုင်းလိုက်ခွဲခြားဆောင်ရွက်ထားရှိမှုအခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ညောင်နှစ်ပင်စိုက်ပျိုးမွေးမြူရေးအထူးဇုန်အတွင်း စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများဆောင်ရွက်နေကြသည့် လုပ်ငန်းရှင်များ၊ မှော်ဘီမြို့နယ်အတွင်းမှ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် တွေ့ဆုံအမှာစကားပြောကြားစဉ်။

⊃ စာမျက်နှာ ၅ မှအဆက်

အကောင်ရေ ၈၀၀၀၀ မွေးမြူထားရှိပြီး ဒေသတွင်းရှိလက်လီလက်ကားဆိုင်များသို့ နေ့စဉ် ကြက်ဥအလုံးရေ ၅၈၀၀၀ ကျော် ဖြန့်ဖြူးရောင်းချပေးလျက်ရှိကြောင်း သိရသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့် အဖွဲ့ဝင်များသည် ညောင်နှစ်ပင်စိုက်ပျိုးမွေးမြူရေးအထူးဇုန်ခန်းမသို့ရောက်ရှိကြပြီး ဇုန်အတွင်း စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများဆောင်ရွက်နေကြသည့် လုပ်ငန်းရှင်များ၊ မှော်ဘီမြို့နယ်အတွင်းမှဌာနဆိုင်ရာတာဝန်ရှိသူများနှင့်တွေ့ဆုံစဉ် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်က ဇုန်များအတွင်း စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများကို အပိုင်းလိုက်ခွဲခြားဆောင်ရွက်ထားရှိမှု၊ ဇုန်အလိုက်ကော်မတီများ ဖွဲ့စည်းထားရှိမှု၊ ဇုန်အလိုက်စိုက်ပျိုးရေးနှင့် မွေးမြူရေး





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ညောင်နှစ်ပင်ကျေးရွာအနီးရှိ အမျိုးသားညီလာခံကျင်းပခဲ့သည့် ညောင်နှစ်ပင် ပြည်ထောင်စုခန်းမကြီးနှင့်သီးသန့်ဆွေးနွေးခန်းမများ ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများဆောင်ရွက်ထားရှိမှုအခြေအနေများအား ကြည့်ရှုစစ်ဆေးစဉ်။

ရေအရင်းအမြစ်များမဆုံးရှုံးစေရေး အထူးသဖြင့် ချောင်းဖျား၊ မြောင်းဖျားနှင့် ရေထွက်နေရာများ၏ ရေဝေရေလဲနေရာများတွင် သစ်တောများ၊ သစ်ပင်များ အကြောင်းအမျိုးမျိုးကြောင့် ပြုန်းတီးမှုမရှိစေရေး ကာကွယ်ထိန်းသိမ်းရမည်ဖြစ်သကဲ့သို့ ပြုန်းတီးမှုရှိပါကလည်း အမြန်ဆုံးကြီးမြန်သစ်ပင်များ စိုက်ပျိုးထူထောင်ရန်လိုအပ်ကြောင်း၊ ၎င်းအပြင် ရှိပြီး မြစ်၊ ချောင်း၊ မြောင်းများ ရေကြီးရေလျှံမှုများမဖြစ်စေရေးအတွက် မြစ်ညာနှင့် ချောင်းဖျားနေရာများမှစတင်၍ ရေဝေရေလဲပြုန်းတီးမှုများမှတစ်ဆင့် အပေါ်ယံမြေဆီလွှာများ ထိခိုက်ဆုံးရှုံးမှုမရှိစေရေး ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှုနှင့် ဟင်းသီးဟင်းရွက်များနှင့် ရာသီပေါ်သီးနှံ၊ အသား၊ နွားနို့နှင့် ဥများထုတ်လုပ်ရောင်းချပေးနိုင်မှု၊ နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှာကြားချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိမှု၊ စိုက်ပျိုးမွေးမြူရေးဇုန်ကို ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်သွားမည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က အမှာစကားပြောကြားရာ၌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံရေးရည်မှန်းချက်များနှင့် အမျိုးသားရေးရည်မှန်းချက်များကို ချမှတ်၍ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ ထို့ပြင် **အမျိုးသားရေးရည်မှန်းချက် ၂ ရပ်အနက်မှ ဒုတိယအချက်ဖြစ်သည့် စားရေရိက္ခာဖူလုံရေးကိုလည်း အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိ**ကြောင်း၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများတွင် သန့်ရှင်းသောသုံးရေ၊ သောက်ရေများ ရရှိအသုံးပြုနိုင်ရေးသည် အရေးပါကြောင်း၊ ထို့ကြောင့် ရှိပြီး







နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းအား တာဝန်ရှိသူတစ်ဦးက ရွှေပြည်စိုက်ပျိုးမွေးမြူရေးဇုန်အတွင်း လုပ်ငန်းများအကောင်အထည်ဖော်ဆောင်ရွက်နေမှုများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြစဉ်။



လုပ်ငန်းများ ဆောင်ရွက်သွားကြရန်လိုကြောင်း။

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိသောပြည်သူများအားလုံး နေ့စဉ်စားသုံးသည့် အသား၊ ငါး၊ ဥနှင့် ဟင်းသီးဟင်းရွက်များ လုံလုံလောက်လောက်ရှိစေရေး လုံလောက်စွာ ထုတ်လုပ်ဆောင်ရွက်သွားကြရန်လိုကြောင်း၊ ရေးဆွဲထားသည့် စီမံကိန်းများအလိုက် အောင်မြင်အောင် ဆောင်ရွက်ရန်လိုကြောင်း၊ ထိုသို့ **ထုတ်လုပ်ရာတွင်**

**စာမျက်နှာ ၇ သို့ ⊃**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ရွှေပြည်စိုက်ပျိုးမွေးမြူရေးဇုန်အတွင်း DYL အသားတိုးဝက်မွေးမြူရန် တည်ဆောက်ထားရှိသည့် အလုံပိတ်အအေးပေးစနစ် (Evaporated Auto Drinking Auto Feeding System) ဝက်ခြံများကို ကြည့်ရှုစစ်ဆေးစဉ်။

◆ **စိုက်ပျိုးရေးနှင့်မွေးမြူရေးလုပ်ငန်းများတွင် သန့်ရှင်းသောသုံးရေ၊ သောက်ရေများ ရရှိအသုံးပြုနိုင်ရေးသည် အရေးပါ . . .**

◆ **စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများဆောင်ရွက်ရာတွင် မိရိုးဖလာစိုက်ပျိုး မွေးမြူခြင်းထက် ခေတ်မီသိပ္ပံနည်းကျ စိုက်ပျိုးမွေးမြူရေးစနစ်များကို ဆောင်ရွက်သွားရန်လို . . .**

◆ **ဒေသတွင်းစားရေးဖူလုံမှုကိုဆောင်ရွက်ပေးနိုင်ရုံသာမက တိုင်းဒေသကြီးအတွင်း ပိုလျှံသောအသား၊ ငါးများကို ခေတ်မီအေးခဲစနစ်ဖြင့် ထိန်းသိမ်းနိုင်ရေးနှင့် ပြည်ပဈေးကွက်သို့ ပို့ဆောင်နိုင်ရေးအထိစီမံသွားရန်နှင့် လုပ်ငန်းရှင်များလာရောက်ရင်းနှီး မြှုပ်နှံနိုင်ရေး ဖိတ်ခေါ်ဆောင်ရွက်သွားရန်လို . . .**

**➲ စာမျက်နှာ ၆ မှအဆက်**

**သတ်မှတ်ထားသည့် စိုက်ပျိုးမွေးမြူရေးဇုန်များအလိုက် အသား၊ ငါး၊ ဥနှင့် ဟင်းသီးဟင်းရွက်များကို ထုတ်လုပ်သွားရန်လို**ကြောင်း၊ လက်ရှိထုတ်လုပ်နေမှုများမှာ လုံလောက်မှုမရှိသေးသဖြင့် စီမံကိန်းရေးဆွဲသူများ၊ စီမံကိန်းအပေါ် စီမံဆောင်ရွက်ရေး ကြီးကြပ်ရမည့် တိုင်းဒေသကြီးအစိုးရအဖွဲ့မှ တာဝန်ရှိသူများ၊ အကောင်အထည်ဖော်ကြရမည့် ထုတ်လုပ်သူများအနေဖြင့် လူဦးရေနှင့်အညီ Supply နှင့် Demand ကိုမျှတမှုရှိစေရေးတွက်ချက်၍ စားရေရိက္ခာဖူလုံမှုရှိစေရေး ဆောင်ရွက်သွားကြရန်လိုကြောင်း၊ အဆင့်ဆင့်ကြပ်မတ်သူ တာဝန်ရှိသူများအနေဖြင့်လည်း စနစ်တကျကြပ်မတ် အကောင်အထည်ဖော်ရမည့်အပြင် မွေးမြူရေးအတွက်လိုအပ်သည့် မျိုး၊ အစာ၊ ဆေးတို့ကိုလည်း အချိန်မီရရှိရေးကူညီဆောင်ရွက်ပေးကြရန်လိုကြောင်း။

၎င်းအပြင် မွေးမြူရေးလုပ်ငန်းများတွင် ဇီဝကာကွယ်မှုလုပ်ငန်း Biosecurity သည်လည်း အဓိကအရေးကြီးသည့်အတွက် စနစ်တကျ ကြိုတင်ကာကွယ်မှုများကို စတင်ထူထောင်စဉ်ကပင် စဉ်းစားဆောင်ရွက်သွားကြရန်လိုကြောင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများဆောင်ရွက်ရာတွင် မိရိုးဖလာစိုက်ပျိုးမွေးမြူခြင်းထက် ခေတ်မီသိပ္ပံနည်းကျ စိုက်ပျိုးမွေးမြူရေးစနစ်များကိုဆောင်ရွက်သွားရန်လိုကြောင်း၊ ထိုသို့ဆောင်ရွက်နိုင်ရန် သက်ဆိုင်ရာတိုင်း/ခရိုင်ဦးစီးမှူးများက အကြံပေးဆွေးနွေးခြင်းများ၊ ကျွမ်းကျင်ပညာရှင်များဖြင့် အသိပညာပေးခြင်းလုပ်ငန်းများကို ဆရာစားမချန်ဘဲ ကူညီဆောင်ရွက်ပေးကြရန်လိုကြောင်း၊ လုပ်ငန်းရှင်များအနေဖြင့်လည်း မိမိတို့တာဝန်ယူထားရသည့် မွေးမြူရေးဇုန်များ၊ စိုက်ပျိုးရေးဇုန်များအလိုက် လုပ်ငန်းများ အောင်မြင်မှုများရရှိရေး ကြိုးပမ်းဆောင်ရွက်သွားကြရန်လိုကြောင်း၊ **ဒေသတွင်းစားရေးဖူလုံမှုကို ဆောင်ရွက်ပေးနိုင်ရုံသာမက တိုင်းဒေသကြီးအတွင်း ပိုလျှံသော အသား၊ငါးများကို ခေတ်မီအေးခဲစနစ်ဖြင့် ထိန်းသိမ်းနိုင်ရေးနှင့်ပြည်ပဈေးကွက်သို့ ပို့ဆောင်နိုင်ရေးအထိစီမံသွားရန်နှင့် လုပ်ငန်းရှင်များလာရောက်ရင်းနှီးမြှုပ်နှံနိုင်ရေး ဖိတ်ခေါ်ဆောင်ရွက်သွားရန်လို**ကြောင်း စသည်ဖြင့် မှာကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် ဇုန် (၂) အတွင်းရှိ အသားတိုးဝက်များနှင့် အဆင့်မြင့်ဥစားကြက်များမွေးမြူထားရှိမှုများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများကို လိုအပ်သည်များမှာကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် ညောင်နှစ်ပင်ကျေးရွာအနီးရှိ အမျိုးသားညီလာခံကျင်းပခဲ့သည့် ညောင်နှစ်ပင် ပြည်ထောင်စုခန်းမကြီးသို့ သွားရောက်၍ ပြည်ထောင်စုခန်းမကြီးနှင့် သီးသန့်ဆွေးနွေးခန်းမများကို ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုများအား လိုက်လံကြည့်ရှုကာ ဒုတိယဝန်ကြီးချုပ်က သမိုင်းဝင်အဆောက်အအုံများဖြစ်သည့်အတွက် အဆောက်အအုံများ ပျက်စီးဆုံးရှုံးမှုမရှိစေရေး စနစ်တကျ ထိန်းသိမ်းထားရှိရန်နှင့် အဆောက်အအုံများ အတွင်း/အပြင်နှင့် ပတ်ဝန်းကျင်သန့်ရှင်းရေးလုပ်ငန်းများကို ပုံမှန်ဆောင်ရွက်သွားကြရန်နှင့် အခြားလိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့် အဖွဲ့ဝင်များသည်မြန်မာစီးပွားရေးကော်ပိုရေးရှင်းမှ ဆောင်ရွက်လျက်ရှိသည့် ရွှေပြည်စိုက်ပျိုးမွေးမြူရေးဇုန်စီမံကိန်းသို့ ရောက်ရှိကြရာ အဆိုပါဇုန်အတွင်းရှိ အစည်းအဝေးခန်းမ၌ တာဝန်ရှိသူတစ်ဦးက ရွှေပြည်စိုက်ပျိုးမွေးမြူရေးဇုန်အတွင်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် ဥစားကြက်မွေးမြူရေး၊ အသားတိုးဝက်မွေးမြူရေး၊ အသားတိုးဝက်ပေါက်ထုတ်လုပ်ရေး၊ အစေ့ထုတ်ပြောင်းစပ်မျိုး (Hybrid) မျိုးစေ့စိုက်ပျိုးထုတ်လုပ်ရေး၊ တိရစ္ဆာန်အစာထုတ်လုပ်ရေး လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများ၊ ဥစားကြက်ခြံများအတွက် ဆိုလာစနစ်ဖြင့် လျှပ်စစ်ဓာတ်အားပေးနိုင်ရေး ဆောင်ရွက်နေမှုအခြေအနေများနှင့် အဆောက်အအုံများတည်ဆောက်ထားရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြချက်များအပေါ် ဒုတိယဝန်ကြီးချုပ်က မြန်မာ့စီးပွားရေးဦးပိုင်အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်နှင့် မြန်မာစီးပွားရေးကော်ပိုရေးရှင်းတို့မှ တိရစ္ဆာန်အစာအစာများ ထုတ်လုပ်ပြီး မြန်မာပြည်အထက်ပိုင်းနှင့် အောက်ပိုင်းဒေသများသို့ သက်သာသည့် ဈေးနှုန်းဖြင့် ဖြန့်ဖြူးရောင်းချပေးနိုင်ရေး၊ ဇုန်များမှ ထွက်ရှိသည့် အသား၊ ငါး၊ ဥနှင့် အခြားစားသောက်ကုန်ပစ္စည်းများကိုလည်း တပ်မတော်သားများ၊ နိုင်ငံ့ဝန်ထမ်းများနှင့် ဒေသခံပြည်သူများကို သက်သာသောဈေးနှုန်းဖြင့် ရောင်းချပေးနိုင်ရေး နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ စနစ်တကျအကောင်အထည်ဖော်ကြိုးစားဆောင်ရွက်သွားရန်၊ မွေးမြူရေးလုပ်ငန်းများဖြစ်သည့်အတွက် ဇီဝကာကွယ်ရေး (Biosecurity) သည် အရေးကြီးသဖြင့် စတင်တည်ဆောက်သည့် အချိန်မှပင်စပြီး မွေးမြူရေးခြံများအပြင် စီမံကိန်းဧရိယာတစ်ခုလုံးအတွက် ကြိုတင်စီမံဆောင်ရွက်နိုင်ရေး ကြပ်ကြပ်မတ်မတ်ဆောင်ရွက်ရန်၊ တိရစ္ဆာန်အစာ ထုတ်လုပ်မှုအပိုင်းတွင် ကျွမ်းကျင်ပညာရှင်များရှိပြီးဖြစ်၍ အမှန်တကယ်အောင်မြင်သည့် အစာစပ်နည်းစနစ်များဖြစ်အောင် ဆောင်ရွက်သွားရန်၊ အစေ့ထုတ်ပြောင်းစပ်မျိုး(Hybrid) မျိုးစေ့များထုတ်လုပ်ရာတွင်လည်း သုံးစွဲသူတောင်သူများအတွက် အာမခံမှုရှိသည့် မျိုးများဖြစ်ရန်လိုအပ်ပြီး စိုက်ပျိုးသည့် တောင်သူများ သီးထပ်စိုက်ပျိုးနိုင်သည့် ပြောင်းမျိုးစေ့များ ဖြစ်စေရေးအတွက် ကျွမ်းကျင်ပညာရှင်များနှင့် ပူးပေါင်း၍ ဆောင်ရွက်ရန်၊ မွေးမြူရေးဇုန်များအလိုက် တိရစ္ဆာန်အကောင်ရေသောင်းဂဏန်း သိန်းဂဏန်းမွေးမြူရာတွင် မျိုးလုံလောက်စွာ အချိန်မီမရရှိမှုကိုလည်း တစ်ဖက်တစ်လမ်းမှ ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရေးနည်းလမ်းများ ရှာဖွေဆောင်ရွက်ရန်၊ မျိုးကောင်းမျိုးသန့်များနှင့် တိရစ္ဆာန်အစာများ သက်သာသောဈေးနှုန်းဖြင့် ထုတ်လုပ်ရောင်းချဖြန့်ဖြူးပေးရန်နှင့် **ဇုန်နယ်နိမိတ်တွင် အရိပ်ရလေကာပင်များကို အပင်သုံးတန်း Zigzag စနစ်ပုံစံဖြင့် စိုက်ပျိုးထားရှိရန်** မှာကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့် အဖွဲ့ဝင်များသည် ဇုန်အတွင်း DYL အသားတိုးဝက်မွေးမြူရန် တည်ဆောက်ထားရှိသည့် အလုံပိတ်အအေးပေးစနစ် ( Evaporated Auto Drinking Auto Feeding System) ဝက်ခြံများနှင့် Lohmann Brown ( Germany) ဥစားကြက်များကို အလုံပိတ်အအေးပေးစနစ် (Evaporated Fully Automatic System) ဖြင့် မွေးမြူထားရှိမှုများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး သိရှိလိုသည်များ မေးမြန်းဆွေးနွေးကာ လိုအပ်သည်များကိုတာဝန်ရှိသူများအား မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)

---

# ကျွန်းလှမြို့နယ်၌ ယခုနှစ်မိုးသီးနှံစိုက်ပျိုးရာသီတွင် မိုးမြေပဲ ဧက ၇၀၀၀ ကျော် လျာထားစိုက်ပျိုးလျက်ရှိ

ကျွန်းလှ မေ ၂၂

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် ကျွန်းလှမြို့နယ်၌ ပြည်တွင်းစားသုံးဆီဖူလုံပြီး ပြည်ပမှတင်သွင်းမှုလျှော့ချနိုင်ရန် ဆီထွက်သီးနှံမျိုးစုံကို ရာသီအလိုက် စိုက်ပျိုးကြရာ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် မိုးမြေပဲ ဧက ၇၀၀၀ ကျော် လျာထားစိုက်ပျိုးလျက်ရှိကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

"ကျွန်းလှမြို့နယ်မှာ မိုးမြေပဲ၊ ဆောင်းမြေပဲနဲ့ ဒေသအခေါ် စကမြေပဲတို့ကို စိုက်ပျိုးကြပါတယ်။ မိုးမြေပဲကို ဆောင်းမြေပဲစိုက်ပျိုးဖို့ မျိုးအဖြစ် အဓိကထားစိုက်ပျိုးကြပါတယ်။ ဒီနှစ် ကျွန်းလှမြို့နယ်မှာ မိုးမြေပဲ ၇၂၂၃ ဧက စိုက်ပျိုးဖို့ လျာထားပြီး မေလဆန်းပိုင်းကတည်းက စတင်စိုက်ပျိုးခဲ့ပါတယ်" ဟု မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မြင့်မြင့်ရီကပြောသည်။



အဆိုပါမိုးမြေပဲစိုက်ပျိုးသည့်တောင်သူများအား မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ မျိုးကောင်းမျိုးသန့်ရွေးချယ်စိုက်ပျိုးရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ သဘာဝမြေဩဇာ၊ ပိုးသတ်ဆေးနှင့် ပိုးနှင်ဆေးပြုလုပ်သုံးစွဲနည်းများကို အသိပညာပေးလျက်ရှိသည်။

ကျွန်းလှမြို့နယ်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် ဆီထွက်သီးနှံ မြေပဲ ၇၂၂၃ ဧက၊ နှမ်း ဧက ၂၀၊ နေကြာ ၇၁ ဧက စုစုပေါင်း ၇၃၁၄ ဧက စိုက်ပျိုးရန်လျာထားကြောင်း သိရသည်။

**မျိုးဝင်းညို(ကျွန်းလှ)**

---

# ကျွန်းစုမြို့နယ်၌ အပြည်ပြည်ဆိုင်ရာဇီဝမျိုးစုံမျိုးကွဲများနေ့ အထိမ်းအမှတ် မိုးရာသီအကြိုသစ်ပင်စိုက်ပျိုးပွဲကျင်းပ

ကျွန်းစု မေ ၂၂

တနင်္သာရီတိုင်းဒေသကြီး ကျွန်းစုမြို့နယ် သစ်တောဦးစီးဌာနမှ ကြီးမှူးကျင်းပသည့် အပြည်ပြည်ဆိုင်ရာ ဇီဝမျိုးစုံမျိုးကွဲများနေ့အထိမ်းအမှတ် မိုးရာသီအကြို သစ်ပင်စိုက်ပျိုးပွဲကို မေလ ၂၂ ရက်တွင် ကျွန်းစုမြို့ ကပကျေးရွာ ကတန်ကျွန်းပတ်လမ်းဘေး သတ်မှတ်ကွင်းပြင်၌ ကျင်းပသည်။

ရှေးဦးစွာ မြိတ်ခရိုင် သစ်တောဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးဇော်လင်း၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးအောင်စန်းဝင်းနှင့်တာဝန်ရှိသူများက စိုက်ပျိုးမည့် သစ်ပင်ပျိုးပင်များကို ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများအားပေးအပ်ပြီး သစ်ပင်စိုက်ပျိုးပွဲကို သတ်မှတ်နေရာ၌ကျင်းပရာ တက်ရောက်လာကြသူများက စုပေါင်းစိုက်ပျိုးကြသည်။

သဘာဝပတ်ဝန်းကျင်စိမ်းလန်းစိုပြည်စေရန်နှင့် ဒေသခံပြည်သူများအနေဖြင့် သစ်ပင်စိုက်ပျိုးမှု နည်းပညာနှင့် အကျိုးကျေးဇူးများကိုသိရှိကာ လက်တွေ့စိုက်ပျိုးနိုင်စေရန် ရည်ရွယ်၍ ပျဉ်းကတိုးပင် ၁၃၀၊ မဟော်ဂနီပင် ၁၂၀၊ မန်ဂျန်ရှားပင် ၆၀၊ သင်္ကန်းပင် ၃၀၊ ခရေပင် ၂၀ တို့ကို သတ်မှတ်နေရာ၌ စုပေါင်းစိုက်ပျိုးကြရာ မြိတ်ခရိုင် သစ်တောဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးဇော်လင်း၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးအောင်စန်းဝင်းနှင့်အဖွဲ့ဝင်များ၊ မြို့နယ်သစ်တောဦးစီးဌာန ဦးစီးမှူး ဦးသန်းဇော်ဝင်းနှင့် တာဝန်ရှိသူများက လှည့်လည်ကြည့်ရှုကြကြောင်း သိရသည်။

**ထက်မြင့်(ကျွန်းစု)**

# “ကျောင်းလာအပ်နှံတဲ့ကျောင်းသား၊ ကျောင်းသူတွေကို တန်းစဉ်အလိုက် လိုအပ်တဲ့ကျောင်းသုံးကိရိယာတွေကို နိုင်ငံတော်ကထောက်ပံ့ပေးပါတယ်၊ ကျောင်းလခကိုလည်း ကောက်ခံခြင်းမရှိဘဲ အခမဲ့ပညာရေးစနစ်နဲ့ဆောင်ရွက်နေပါတယ်။”

ဒေါက်တာရွှေစင်အိ၊ မန္တလေးတိုင်းဒေသကြီး ပညာရေးမှူးရုံးမှ ညွှန်ကြားရေးမှူး(ပညာ)

**၂၀၂၅ – ၂၀၂၆ ပညာသင်နှစ်အတွက် အခြေခံပညာ(အထက်တန်း၊ အလယ်တန်း၊ မူလတန်း)ကျောင်းများကို ဇွန်လ ၂ ရက်တွင် စတင်ဖွင့်လှစ်မည်ဖြစ်ပြီး “ကျောင်းနေအရွယ်ကလေးအားလုံး စဉ်ဆက်မပြတ်ပညာသင်ယူဖို့ ကျောင်းအပ်နှံကြပါစို့” ဆောင်ပုဒ်ဖြင့် ကျောင်းအပ်နှံရေး ရက်သတ္တပတ်ကို မေလ ၂၂ ရက်မှ ဇွန်လ ၁ ရက်အထိ သတ်မှတ်ထားကာ ယနေ့တွင် ကျောင်းအပ်နှံရေးလုပ်ငန်းစဉ်များကို တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် စတင်ဆောင်ရွက်ကြသည်။ ကျောင်းအပ်နှံရေးနှင့်ပတ်သက်၍ တာဝန်ရှိသူများ၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသားမိဘများ၏စကားသံများကို ဖော်ပြလိုက်ရပါသည်–**


ဒေါက်တာရွှေစင်အိ


ဒေါက်တာသန်းထိုက်စိုး


ဦးဝင်းနိုင်


ဦးဝင်းမြင့်ဦး


ဒေါ်သက်ထားဆွေ

**ဒေါက်တာရွှေစင်အိ**
**မန္တလေးတိုင်းဒေသကြီး**
**ပညာရေးမှူးရုံးမှ ညွှန်ကြားရေးမှူး(ပညာ)**

ဒီနေ့ကတော့ မြန်မာတစ်နိုင်ငံလုံးမှာရှိတဲ့ ကျောင်းတွေအားလုံးကျောင်းအပ်လက်ခံတဲ့နေ့ဖြစ်ပါတယ်။ ကျွန်မတို့ မန္တလေးတိုင်းဒေသကြီးမှာလည်း ကျောင်းတွေမှာ ကျောင်းအပ်နှံရေးလုပ်ငန်းစဉ်တွေ စတင်ဆောင်ရွက်ပါတယ်။ ကျောင်းလာအပ်နှံတဲ့ကျောင်းသား၊ ကျောင်းသူတွေကိုလည်း တန်းစဉ်အလိုက် လိုအပ်တဲ့ ကျောင်းသုံးကိရိယာတွေကို နိုင်ငံတော်က ထောက်ပံ့ပေးပါတယ်။ နောက်ပြီး ကျောင်းလခကိုလည်း ကောက်ခံခြင်းမရှိဘဲ အခမဲ့ပညာရေးစနစ်နဲ့ ဆောင်ရွက်နေပါတယ်။ ကျောင်းအပ်လက်ခံတဲ့နေ့မှာကိုပဲ ကျောင်းတွေမှာ ကလေးတွေကို အများအပြားလာရောက်အပ်နှံကြတာ တွေ့မြင်ရပါတယ်၊ ကျွန်မတို့အနေနဲ့လည်း မိဘတွေနဲ့ ကလေးတွေကို ကျောင်းလာရောက်အပ်နှံကြဖို့နဲ့ စဉ်ဆက်မပြတ် အတန်းလိုက် တက်ရောက်ပညာသင်ယူသွားဖို့ တိုက်တွန်းဖိတ်ခေါ်လိုပါတယ်။ ကျောင်းမဖွင့်မီမှာ ကျောင်းတွေအားလုံးကိုကြံ့ခိုင်မှုကောင်းမွန်စေဖို့နဲ့ ဥပဓိရုပ်ကောင်းမွန်မှုရှိအောင် ဆောင်ရွက်ထားပြီးပါပြီ။ ကလေးတွေ အားလုံးအတွက် လုံခြုံစိတ်ချရတဲ့ ပတ်ဝန်းကျင်ဖြစ်ဖို့၊ သောက်သုံးရေတွေ၊ သန့်စင်ခန်းတွေအားလုံးကိုလည်း အဆင်သင့်ဖြစ်ဖို့ အားလုံးဆောင်ရွက်ပြီးဖြစ်ပါတယ်။ ဒါကြောင့် မိဘတွေအနေနဲ့ ကလေးတွေကို စိတ်ချစွာလာရောက်အပ်နှံကြပါလို့ ပြောကြားလိုပါတယ်။

**ကျောင်းအုပ်ဆရာကြီး**
**ဒေါက်တာသန်းထိုက်စိုး၊ အမှတ်(၁၆)**
**အခြေခံပညာအထက်တန်းကျောင်း၊**
**မန္တလေးတိုင်းဒေသကြီး**

ကျွန်တော်တို့ကျောင်းမှာတော့ ဇွန်လ ၂ ရက်ကနေ ကျောင်းစတင်ဖွင့်လှစ်ပြီး စာသင်ချိန်အပြည့် သင်ကြားပေးသွားမှာဖြစ်ပါတယ်။ အရင်နှစ်က ကျွန်တော်တို့ကျောင်းမှာ ကျောင်းသား၊ ကျောင်းသူပေါင်း ၃၃၀၀ ကျော် တက်ရောက်ပါတယ်။ ဒီနှစ်မှာတော့ ကျောင်းသားဟောင်းတွေလည်း ပြန်လည်တက်ရောက်ကြမှာဖြစ်သလို ကျောင်းသားအသစ်တွေလည်း တက်ရောက်မှာဖြစ်တဲ့အတွက် မနှစ်ကအရေအတွက်ထက် ပိုမိုများသွားမှာဖြစ်ပါတယ်။ မန္တလေးငလျင်ကြီးလှုပ်ခတ်မှုကြောင့် ကျွန်တော်တို့ကျောင်းအနေနဲ့ ပျက်စီးထိခိုက်မှုနည်းပါးပါတယ်၊ ဒီပျက်စီးမှုတွေကိုလည်း ပြန်လည်မွမ်းမံပြီးဖြစ်ပါတယ်။ ဒါကြောင့် ကျောင်းနေအရွယ်ကလေးတွေ ကျောင်းအမြန်ဆုံးအပ်နှံကြဖို့ ဖိတ်ခေါ်ပါတယ်။

**ဒေါ်နှင်းဇာဇာမွန် (ကျောင်းသားမိဘ)**

ကျွန်မရဲ့သားနဲ့သမီးကို ကျောင်းလာရောက်အပ်နှံပေးခြင်းဖြစ်ပါတယ်။ ကျွန်မတို့ ကလေးမိဘတွေနဲ့ ကျောင်းက ဆရာ၊ ဆရာမတွေပူးပေါင်းပြီး ကလေးတွေ သင်ကြားသင်ယူမှု ပိုမိုကောင်းမွန်စေဖို့ ပူးပေါင်းဆောင်ရွက်မှုတွေရှိပါတယ်။ ကလေးတွေအတွက် လိုအပ်တာတွေကိုလည်း ဆရာ၊ ဆရာမတွေနဲ့ မိသားစုသဖွယ် ဆွေးနွေးတိုင်ပင်ဖြစ်ပါတယ်။ ကျောင်းသား၊ ကျောင်းသူတွေအားလုံးကိုလည်း ကျွန်မအနေနဲ့ ပညာထူးချွန်စေချင်ပါတယ်။ မိဘတိုင်းကလည်း ကိုယ့်သားသမီးတွေကို ပညာထူးချွန်ထက်မြက်တဲ့သူတွေဖြစ်အောင် ကျောင်းကိုကြိုးစားပြီး အပ်နှံစေချင်ပါတယ်။

**ကျောင်းအုပ်ဆရာကြီး ဦးဝင်းမြင့်ဦး**
**အမှတ်(၅) အခြေခံပညာအထက်တန်း**
**ကျောင်း၊ နေပြည်တော်ကောင်စီနယ်မြေ**

ကျောင်းအပ်နှံရေး ရက်သတ္တပတ် မတိုင်ခင်ကတည်းက ကျောင်းဝင်းအတွင်း အပြင်သန့်ရှင်းသာယာလှပရေးနဲ့ ကျောင်းဥပဓိရုပ်ကောင်းမွန်ရေးတို့အတွက် လိုအပ်တဲ့ပြင်ဆင်မှုတွေ ဆောင်ရွက်ထားရှိပါတယ်၊ ဒီနေ့ကျောင်းစတင်အပ်နှံရေးနေ့မှာ ယခင်နှစ်ကကျောင်းသားဟောင်းတွေနဲ့ ထပ်မံလာရောက်အပ်နှံတဲ့ကျောင်းသားတွေ ပိုမိုများပြားတာကိုတွေ့ရပါတယ်။ ကျောင်းပြောင်း လာရောက်အပ်နှံတဲ့ ကျောင်းသား၊ ကျောင်းသူတွေကို အဆင်ပြေစွာလက်ခံဆောင်ရွက်ပေးနေပါတယ်။ ကျောင်းအပ်နှံရေးအချိန်ကိုတော့ နံနက် ၈ နာရီကနေ ညနေ ၃ နာရီအထိ သတ်မှတ်ထားပါတယ်။ အခမဲ့ပညာရေးဖြစ်တဲ့အတွက် နိုင်ငံတော်အစိုးရက အထက်တန်းနဲ့အလယ်တန်းဆိုရင် ပုံနှိပ်စာအုပ်တစ်စုံ၊ ဗလာစာအုပ်တစ်ဒါဇင်၊ ခဲတံနှစ်ချောင်း၊ ဘောပင်နှစ်ချောင်း ထောက်ပံ့ပေးပါတယ်၊ မူလတန်းဆိုရင် ပုံနှိပ်စာအုပ်တစ်စုံ၊ ဗလာစာအုပ်၊ ခဲတံလေးချောင်းနဲ့ကျောင်းဝတ်စုံထောက်ပံ့ပေးပါတယ်။ မိဘတိုင်းက ကလေးတွေကို “ကျောင်းနေအရွယ်ကလေးအားလုံး စဉ်ဆက်မပြတ် ပညာသင်ယူဖို့ ကျောင်းအပ်နှံကြပါစို့”ဆိုတဲ့ ဆောင်ပုဒ်နဲ့အညီ နီးစပ်ရာကျောင်းတွေမှာ ကျောင်းအပ်နှံကြဖို့ တိုက်တွန်းချင်ပါတယ်။


ဒေါ်သက်သက်သင်း


ဒေါ်နှင်းဇာဇာမွန်

**ကျောင်းအုပ်ဆရာကြီး ဦးဝင်းနိုင်**
**အမှတ်(၆) အခြေခံပညာအထက်တန်း**
**ကျောင်း၊ နေပြည်တော်ကောင်စီနယ်မြေ**

မေလ ၂၂ ရက်ကနေ ဇွန်လ ၁ ရက်အထိ ကျောင်းအပ်နှံရေး ရက်သတ္တပတ်ဆိုပြီးဆောင်ရွက်နေပါတယ်၊ ကျောင်းတွေအားလုံး ဇွန်လ ၂ ရက်မှာ စတင်သင်ကြားခြင်းလုပ်ငန်းတွေ ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ကျောင်းပြောင်းလာကြတဲ့ ကျောင်းသား၊ ကျောင်းသူတွေအားလုံးကို ကျောင်းအပ်လက်ခံဖို့ ညွှန်ကြားထားတာရှိတဲ့အတွက် ကျောင်းသားအဟောင်းရော အသစ်ရော မည်သူမဆိုလာရောက်အပ်နှံလို့ရပါတယ်၊ လာရောက်အပ်နှံတဲ့ကျောင်းသားတွေအားလုံးကိုလည်းလက်ခံပေးသွားမှာဖြစ်ပါတယ်။

Grade–12 စာမေးပွဲပြန်လည်ဖြေဆိုဖို့အတွက် မေလ ၂ ရက်ကစတင်ပြီး အထက (၆)၊ အထက (၇)နဲ့အထက(၈)တို့က ကျောင်းသား၊ ကျောင်းသူ စုစုပေါင်း ၁၆၀ ကို စခန်းသွင်းလေ့ကျင့်သင်ကြားပေးနေပါတယ်။ ဆရာ၊ ဆရာမတွေက သင်ကြားခြင်းလုပ်ငန်းတွေကို တနင်္လာနေ့မှ စနေနေ့အထိ ဆောင်ရွက်ပါတယ်။ တနင်္ဂနွေတစ်ရက်မှာတော့ ပြန်လည်လေ့ကျင့်ခြင်းနဲ့သုံးနာရီမေးခွန်းဖြေဆိုခြင်းတွေကို ဆောင်ရွက်ပါတယ်။ သင်ကြားသင်ယူမှုလုပ်ငန်းစဉ်အတွက် အထက်တန်းပြဆရာ၊ ဆရာမတွေက အလှည့်ကျစနစ်နဲ့သင်ကြားပို့ချပေးလျက်ရှိပါတယ်။ နိုင်ငံတော်အစိုးရက ကျောင်းသား၊ ကျောင်းသူတွေရဲ့ စားရေးနဲ့ နေထိုင်ရေးကိစ္စတွေအားလုံးကို ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ပညာရေးဝန်ကြီးဌာနရဲ့ လမ်းညွှန်ချက်အရ ဇွန်လ ၂၁ ရက် စာမေးပွဲနောက်ဆုံးနေ့အထိ စခန်းသွင်းလေ့ကျင့်သင်ကြားပေးသွားမှာဖြစ်ပါတယ်။

**ကျောင်းအုပ်ဆရာမကြီး**
**ဒေါ်သက်ထားဆွေ၊ အမှတ်(၁၀)**
**အခြေခံပညာအထက်တန်းကျောင်း**
**နေပြည်တော်ကောင်စီနယ်မြေ**

ကျောင်းအပ်နှံရေး ရက်သတ္တပတ်အဖြစ် စတင်သတ်မှတ်လိုက်တဲ့အချိန်မှာပဲ ကျောင်းဧရိယာသန့်ရှင်းသာယာလှပစေရေးနဲ့ ကျောင်းဥပဓိရုပ်ကောင်းမွန်စေရေးတို့အတွက်ကျောင်းဝင်းကျောင်းပြင်သန့်ရှင်းရေးကို ဆောင်ရွက်ထားပါတယ်။ ကျောင်းသား၊ကျောင်းသူတွေကို စာသင်ခုံနဲ့ စာသင်ခန်းအဆင်ပြေစေဖို့အတွက်လည်း ဆောင်ရွက်နေပါတယ်။ ကျောင်းအပ်နှံရေးအချိန်ကိုတော့ မိဘတွေက ရုံးဝန်ထမ်းတွေဖြစ်တဲ့အတွက် နံနက် ၇ နာရီကနေ ညနေ ၄ နာရီအထိ ကျောင်းအပ်လက်ခံပေးပါတယ်။ အကြောင်းအမျိုးမျိုးကြောင့် ဒီရက်သတ္တပတ်အတွင်း ကျောင်းအပ်နောက်ကျခဲ့လည်း လက်ခံပေးသွားမှာဖြစ်ပါတယ်၊ ကျောင်းအပ်လက်ခံဖို့အတွက် ကျောင်းသားဦးရေ ကန့်သတ်တာမျိုးမရှိဘဲ ကျောင်းသားမိဘတွေနဲ့ ကျောင်းသားတွေ အဆင်ပြေမယ်ဆိုရင် လာအပ်သမျှကို လက်ခံပေးသွားမှာဖြစ်ပါတယ်။ ကျောင်းဖွင့်ရက်မှာ ကျောင်းသား၊ ကျောင်းသူတွေ စာသင်ခန်းထဲ စာသင်ကြားနိုင်ရေး ဦးတည်ချက်ဖြစ်တဲ့အတွက် ကျောင်းသားအသစ်တွေအတွက် ကျောင်းပြောင်းလက်မှတ် အခက်အခဲဖြစ်ခဲ့ရင်လည်း အချိန်ကာလတစ်ခုအထိ စောင့်ဆိုင်းပေးသွားမှာဖြစ်ပါတယ်။

**ကျောင်းအုပ်ဆရာမကြီး**
**ဒေါ်သက်သက်သင်း၊ အမှတ်(၁၁)**
**အခြေခံပညာအထက်တန်းကျောင်း**
**နေပြည်တော်ကောင်စီနယ်မြေ**

မေလ ၂၂ ရက်ကနေ ဇွန်လ ၁ ရက်အထိ ပိတ်ရက်မရှိ နံနက် ၇ နာရီကနေ ညနေ ၄ နာရီအထိ ကျောင်းအပ်လက်ခံပေးနေပါပြီ။ ကျောင်းသားအဟောင်းရော ကျောင်းသားအသစ်ရော ပထမဆုံးရက်မှာ အများအပြားလာရောက်အပ်နှံနေကြတာကိုတွေ့ရပါတယ်။ ကျောင်းသားဦးရေကန့်သတ်ထားတာမျိုးမရှိဘဲ ဝင်ဆံ့အင်အားအထိ လက်ခံသွားမှာဖြစ်ပါတယ်။

လူငယ်တွေအနေနဲ့ ပညာရေးကို စဉ်ဆက်မပြတ် သင်ယူသွားမှသာလျှင် အနာဂတ်တိုင်းပြည်အတွက်အားသစ်တစ်ခု ဖြစ်လာမှာဖြစ်ပါတယ်။ ဒါကြောင့် လူငယ်တွေအားလုံးဟာ မည်သည့်အခက်အခဲရှိနေပါစေ ကျောင်းတက်ကြပါ။ ကျောင်းပညာကို စဉ်ဆက်မပြတ်လေ့လာသင်ယူကြပါလို့တိုက်တွန်းလိုပါတယ်။

**တွေ့ဆုံမေးမြန်း– အောင်အောင်မျိုးဆက်သစ်**

# လျှင်ဒဏ်ကြောင့် ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့သည့်ဒေသများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အင်တိုက်အားတိုက်ဆက်လက်ဆောင်ရွက်လျက်ရှိ



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးသက်ပုံ ငလျင်ဘေးဒဏ်သင့်ဝန်ထမ်းများအတွက် Modular House ဆောက်လုပ်နေမှုများကို ကြည့်ရှုစစ်ဆေးစဉ်။



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးမျိုးမိုးအောင် မဟာမုနိဘုရားကြီးရှိ ချိတ်ဆွဲရတနာပြတိုက်တွင် ယာယီအပူဇော်ခံထားရှိသောထီးတော်ကြီးအား ရောင်တော်ဖွင့်လှစ်ထားရှိမှုအခြေအနေကို သွားရောက်ကြည့်ရှုစစ်ဆေးစဉ်။



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးစိုးတင့်နိုင် ငလျင်ဘေးဒဏ်ကြောင့်ထိခိုက်ပျက်စီးခဲ့သည့် အန္တရာယ်ရှိအဆောက်အအုံများ ဖယ်ရှားရှင်းလင်းခြင်းလုပ်ငန်းများဆောင်ရွက်နေမှုများကို သွားရောက်ကြည့်ရှုစစ်ဆေးစဉ်။



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးမျိုးသန့်နိုင် ကျောက်ဆည်မြို့၌ ဘီလပ်မြေ၊ သံချောင်းနှင့်အထပ်သားပြားများအား စက်ရုံထုတ်အထူးဈေးနှုန်းဖြင့်ရောင်းချပေးနေမှုအခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးစဉ်။

**နေပြည်တော် မေ ၂၂**

မြန်မာနိုင်ငံတွင် လှုပ်ခတ်ခဲ့သော မန္တလေးလျှပ်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့ရသည့်နေရာများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အဖွဲ့အစည်းအသီးသီးက ဒေသခံပြည်သူများနှင့်ပူးပေါင်း၍ အင်တိုက်အားတိုက် ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးသက်ပုံနှင့် တာဝန်ရှိသူများသည် စစ်ကိုင်းမြို့ရှိ သာသနိက အဆောက်အအုံနေရာများ၌ ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သောအပျက်အစီးများအား တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဝင်များ၊ စေတနာရှင်ပြည်သူများနှင့် စေတနာရှင်ကုမ္ပဏီများမှပူးပေါင်း၍စုပေါင်းလုပ်အားပေးရှင်းလင်းဖယ်ရှားနေမှုများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ဆက်လက်ပြီး ဒုတိယဗိုလ်ချုပ်ကြီးသက်ပုံနှင့်တာဝန်ရှိသူများသည် စစ်ကိုင်းမြို့၊ နန်းဦးမြို့သစ်အတွင်း ငလျင်ဘေးဒဏ်သင့်ဝန်ထမ်းမိသားစုများ မိုးမကျမီအမြန်ဆုံးပြောင်းရွှေ့နေထိုင်နိုင်ရေးအတွက် Modular House ဆောက်လုပ်နေမှုအခြေအနေများနှင့်စစ်ကိုင်းမြို့အတွင်းရှိ အန္တရာယ်ရှိ လူနေအဆောက်အအုံများကို မိုးမကျမီဖယ်ရှားရှင်းလင်းနိုင်ရေးအတွက် စက်ယန္တရားအင်အားများတိုးချဲ့၍ အရှိန်အဟုန်မြှင့်တင်ဖယ်ရှားရှင်းလင်းနေမှုတို့ကို လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

အလားတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးမျိုးမိုးအောင်သည် မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်ရှိ မဟာမုနိဘုရားကြီးသို့သွားရောက်၍ ပန်း၊ ရေချမ်းကပ်လှူပူဇော်ပြီး ဂန္ဓကုဋီတိုက်ပြန်လည်မွမ်းမံပြင်ဆင်ခြင်းလုပ်ငန်းနှင့် ကျောင်းတော်ကြီးအား ပြုပြင်ဆောင်ရွက်နေမှုအားလည်းကောင်း၊ စိန်ဖူးတော်အသစ်ပြုလုပ်နေမှု အခြေအနေများအားလည်းကောင်း၊ ယာယီအပူဇော်ခံထားရှိသောထီးတော်ကြီး စိန်ဖူးတော်အဟောင်းနှင့် ဘုရားကြီးမျက်နှာသစ်ရာတွင် အသုံးပြုသောရတနာပစ္စည်းများ စနစ်တကျထိန်းသိမ်းထားရှိမှုအား လည်းကောင်း သွားရောက်ကြည့်ရှုအားပေး၍ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

၎င်းနောက် မန္တလေးတက္ကသိုလ်သို့ သွားရောက်၍ ပင်မဆောင်အပေါ်ထပ်ရှိ ငလျင်ဒဏ်ကြောင့် မီးလောင်ပြိုကျပျက်စီးခဲ့သောအပျက်အစီးများအား ဖယ်ရှားရှင်းလင်းနေမှုများ၊ တက္ကသိုလ်စာကြည့်တိုက်တွင် အပျက်အစီးများ ရှင်းလင်းဆောင်ရွက်ထားရှိမှုတို့အားလည်းကောင်း၊ အောင်မြေသာစံမြို့နယ်ရှိ Sky Villa နေရာသို့သွားရောက်၍ အပျက်အစီးများဖယ်ရှားရှင်းလင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုများ၊ ပစ္စည်းလက်ခံ/ထုတ်ပေးရေးအဖွဲ့ ယာယီရုံးတွင် ရှာဖွေတွေ့ရှိသောပစ္စည်းများအား သက်ဆိုင်ရာပိုင်ရှင်အသီးသီးထံ စနစ်တကျလွှဲပြောင်းထားရှိမှုနှင့် ထပ်မံရှာဖွေတွေ့ရှိသော ငွေနှင့်ပစ္စည်းများအား စနစ်တကျထားရှိမှုအခြေအနေများအား ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ထို့အတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးစိုးတင့်နိုင်နှင့် တာဝန်ရှိသူများသည် မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်အတွင်းရှိ ငလျင်ဒဏ်ကြောင့်ထိခိုက်ပျက်စီးခဲ့သည့်လမ်းဘေးဝဲ/ယာရှိ အန္တရာယ်ရှိအဆောက်အအုံများ ဖယ်ရှားရှင်းလင်းခြင်း လုပ်ငန်းများနှင့် အမရပူရမြို့နယ်ရှိ သမိုင်းဝင်အောင်မြေရွှေကြက်ကျ ဆုတောင်းပြည့်မြတ်စွာဘုရားကြီး ထီးတော်ပြန်လည်ပြုပြင်ရန်အတွက် ပြင်ဆင်ထားရှိမှုများနှင့်ရွှေကူကြီးမြတ်စွာဘုရားအတွင်းရှိ ကျောင်းတိုက်များအား စက်ယန္တရားကြီးများအသုံးပြု၍ အရှိန်အဟုန်မြှင့်ဆောင်ရွက်နေမှုများကိုလည်းကောင်း၊ ချမ်းမြသာစည်မြို့နယ်ရှိ ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သော "အောင်" အီလက်ထရွန်နစ်ပစ္စည်းရောင်းဝယ်ရေးဆိုင်အား စက်ယန္တရားကြီးများဖြင့် ဖြိုဖျက်နေမှုအားလည်းကောင်း၊ အောင်မြေသာစံမြို့နယ်အတွင်းရှိ **စာမျက်နှာ ၁၀ ◆**

## မြန်မာနိုင်ငံပြန်တမ်း

**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ ပြောင်းရွှေ့ခန့်ထားခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် အောက်ဖော်ပြပါဝန်ထမ်းအဖွဲ့အစည်း အကြီးအမှူးများကို ယင်းတို့နှင့်ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်း အကြီးအမှူးရာထူးနေရာများသို့ တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ ပြောင်းရွှေ့ခန့်ထားလိုက်သည်-

| | အမည်၊ လက်ရှိရာထူး၊ ဌာန | ပြောင်းရွှေ့ခန့်ထားသည့် ရာထူး၊ ဌာန |
|---|---|---|
| (၁) | ပါမောက္ခဒေါက်တာကျော်သီဟ<br>ပါမောက္ခချုပ်<br>သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်<br>(မန္တလေး)<br>ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ် ဦးစီးဌာန<br>ကျန်းမာရေးဝန်ကြီးဌာန | ပါမောက္ခချုပ်<br>သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်<br>(ရန်ကုန်)<br>ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ် ဦးစီးဌာန<br>ကျန်းမာရေးဝန်ကြီးဌာန |
| (၂) | ပါမောက္ခဒေါက်တာအေးဘီ<br>ပါမောက္ခချုပ်<br>အခြေခံကျန်းမာရေးတက္ကသိုလ်<br>(မကွေး)<br>ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ် ဦးစီးဌာန<br>ကျန်းမာရေးဝန်ကြီးဌာန | ပါမောက္ခချုပ်<br>ပြည်သူ့ကျန်းမာရေးတက္ကသိုလ်<br>(ရန်ကုန်)<br>ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ် ဦးစီးဌာန<br>ကျန်းမာရေးဝန်ကြီးဌာန |

◆ **စာမျက်နှာ ၉ မှအဆက်**

ကျုံးအနောက် စည်ရှည်တံခါးအား သွားရောက်၍ လုပ်ငန်းပြီးစီးမှုအခြေအနေများအားလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

အလားတူ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးမျိုးသန့်နိုင်သည် ကျောက်ဆည်မြို့၊ ဆူးကုန်းရပ်ကွက်ရှိ ငလျင်ဒဏ်ကြောင့်ပျက်စီးသွားသော ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ဝန်ထမ်းအိမ်ရာဝင်းအတွင်းရှိယာယီ(၃)ခန်းတွဲ လိုင်းခန်းများ တည်ဆောက်နေမှုအခြေအနေများနှင့် ကျောက်ဆည်ခရိုင်စုပေါင်းရုံးအတွင်း၊ ယာယီရုံးခန်းများဖွင့်လှစ်နိုင်ရေးအတွက် Modular Container House များ တည်ဆောက်နေမှု အခြေအနေများ၊ ကျောက်ဆည်ခရိုင်အတွင်းရှိ ငလျင်ဘေးဒဏ်ကြောင့်ပျက်စီးသွားသောဘုရားစေတီများ၊ သာသနိကအဆောက်အအုံများနှင့် လူနေအဆောက်အအုံများ ပြန်လည်ပြုပြင်တည်ဆောက်ရေးအတွက် လိုအပ်လျက်ရှိသော ဘိလပ်မြေ၊ သံချောင်းနှင့် အထပ်သားပြားများအား စက်ရုံထုတ်အထူးဈေးနှုန်းဖြင့် ရောင်းချပေးနေမှုအခြေအနေများနှင့် စဥ့်ကိုင်မြို့နယ်ရှိ Power Gen Kyaukse Company Limited သဘာဝဓာတ်ငွေ့အင်ဂျင်သုံးလျှပ်စစ်ဓာတ်အားပေးစက်ရုံတွင် စက်များပြန်လည်လည်ပတ်လျက်ရှိပြီး လျှပ်စစ်ဓာတ်အားထုတ်လုပ်နေမှုအခြေအနေများအား သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (၁၀၀)

## ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများအား ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း

၁။ ကာကွယ်ရေးဝန်ကြီးဌာန
https://www.mod.gov.mm

၂။ ဥပဒေရေးရာဝန်ကြီးဌာန
https://www.mlis.gov.mm

၃။ ပြန်ကြားရေးဝန်ကြီးဌာန
https://www.moi.gov.mm

၄။ Myawady Webportal
https://myawady.net.mm

၅။ Myanmar National Portal
https://myanmar.gov.mm

၂၂-၅-၂၀၂၅

## ထူးခြားသည့်နေ့အပူချိန်များ

| | | | | |
|---|---|---|---|---|
| ချောက် | ၄၂ | ဒသမ | ၄ | ဒီဂရီဆဲလ်စီးယက် |
| ညောင်လေးပင် | ၄၀ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယက် |
| မြင်းမူ | ၃၉ | ဒသမ | ၁ | ဒီဂရီဆဲလ်စီးယက် |
| ဆင်ဖြူကျွန်း | ၃၈ | ဒသမ | ၉ | ဒီဂရီဆဲလ်စီးယက် |

# အနောက်မြောက်တိုင်းစစ်ဌာနချုပ်(စုဒ္ဒသမ)အကြိမ်မြောက် စုပေါင်းရဟန်းခံ၊ ရှင်ပြုအလှူတော်မင်္ဂလာကျင်းပ



အနောက်မြောက်တိုင်းစစ်ဌာနချုပ်(စုဒ္ဒသမ)အကြိမ်မြောက် စုပေါင်းရဟန်းခံ၊ ရှင်ပြုအလှူတော်မင်္ဂလာကျင်းပစဉ်။

နေပြည်တော် မေ ၂၂

အနောက်မြောက်တိုင်းစစ်ဌာနချုပ်၊ မုံရွာတပ်နယ်၏ (စုဒ္ဒသမ)အကြိမ်မြောက် စုပေါင်းရဟန်းခံ၊ ရှင်ပြုအလှူတော်မင်္ဂလာကို ယနေ့နံနက်ပိုင်းတွင် တိုင်းစစ်ဌာနချုပ်၊ ဇေယျာသီရိခန်းမ၌ပြုလုပ်ရာ မုံရွာမြို့၊ မဟာဇောတိကာရာမကျောင်းတိုက် ပဓာနနာယကဆရာတော် ဘဒ္ဒန္တဝိဇ္ဇောဒယအမှူးပြုသောသံဃာတော်များ ကြွရောက်တော်မူကြပြီး တိုင်းမှူး ဗိုလ်မှူးချုပ်မျိုးမင်းထွေးနှင့် အဖွဲ့ဝင်များ၊ အရာရှိ စစ်သည်၊ မိသားစုဝင်များနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးနှင့်တက်ရောက်လာကြသူများက မုံရွာမြို့၊ ဇိနမာရ်အောင်တပ်ဦးကျောင်းတိုက်တွင် သံဃာတော်များအား သိမ်ဆင်းလောင်းလှူပြီး တိုင်းစစ်ဌာနချုပ်၊ ဇေယျာသီရိခန်းမ၌ မဟာဇောတိကာရာမကျောင်းတိုက် ဆရာတော်ထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြသည်။ ထို့နောက် တိုင်းမှူးနှင့်အဖွဲ့ဝင်များက သံဃာတော်များထံလှူဖွယ်ပစ္စည်းများဆက်ကပ်လှူဒါန်းကြပြီး သံဃာတော်များရွတ်ပွားချီးမြှင့်တော်မူသော ပရိတ်တရားတော်များအား နာယူကြသည်။ ဆက်လက်၍ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက မဟာဇောတိကာရာမကျောင်းတိုက် ဆရာတော်ထံမှ ရေစက်ချအနုမောဒနာတရားနာယူကြပြီး သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။

အလှူတော်မင်္ဂလာ ပထမနေ့အဖြစ် မေလ ၂၁ ရက် နံနက်ပိုင်းတွင် ရဟန်း၊ ရှင်သာမဏေလောင်း ၁၀၈ ပါးသည် တိုင်းစစ်ဌာနချုပ်မှ မုံရွာမြို့တွင်းလှည့်လည်ကြပြီး ဆံချခြင်းနှင့် ပဗ္ဗဇ္ဇအမွေရှင်သာမဏေအဖြစ် သွတ်သွင်းချီးမြှင့်ခြင်းများပြုလုပ်ခဲ့ကြကြောင်း သတင်းရရှိသည်။

(၁၀၀)

# ငလျင်ဘေးအလွန် မြန်မာ့စီးပွားရေးပြန်လည်ကုစားခြင်းနှင့် ပြန်လည်ထူထောင်ခြင်း သုံးသပ်ဆွေးနွေးပွဲကျင်းပမည်

နေပြည်တော် မေ ၂၂

ပြန်ကြားရေးဝန်ကြီးဌာနနှင့် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနတို့ ကြီးမှူး၍ မြန်မာ့ပုံရိပ်ဖော်ညွှန်းရေးအဖွဲ့ (Myanmar Narrative Think Tank) က စီစဉ်ကျင်းပသော **“ငလျင်ဘေးအလွန် မြန်မာ့စီးပွားရေး ပြန်လည်ကုစားခြင်းနှင့် ပြန်လည်ထူထောင်ခြင်း”** (Forum on Rebuilding Myanmar : Post–Earthquake Economic Recovery) သုံးသပ်ဆွေးနွေးပွဲကို မေလ ၃၀ ရက်နှင့် ၃၁ ရက်တို့တွင် နေပြည်တော်ရှိ မင်္ဂလာသီရိဟိုတယ်၌ ကျင်းပမည်ဖြစ်သည်။




သုံးသပ်ဆွေးနွေးပွဲတွင် “မန္တလေးငလျင်ကြီး၏ စီးပွားရေးအပေါ် ရိုက်ခတ်မှုများ”၊ “စီးပွားရေးပြန်လည်ထူထောင်ရာတွင် စိန်ခေါ်မှုများနှင့် အခွင့်အလမ်းများ”၊ “စီးပွားရေးပြန်လည်ကုစားခြင်းအတွက် စုပေါင်းအဖြေရှာခြင်း” စသည့် ခေါင်းစဉ်သုံးခုကို ပြည်တွင်းစီးပွားရေးလုပ်ငန်းရှင်များ၊ UMFCCI ညီနောင်အသင်းအဖွဲ့များမှ တာဝန်ရှိသူများ၊ ပြည်တွင်းရှိ MSME လုပ်ငန်းရှင်များနှင့် စီးပွားရေးနှင့်သက်ဆိုင်သည့် ဝန်ကြီးဌာနများမှ ကျွမ်းကျင်ပညာရှင်များပါဝင်ဆွေးနွေးသွားမည်ဖြစ်ပြီး နိုင်ငံတကာမှ စီးပွားရေးကျွမ်းကျင်ပညာရှင်များနှင့် လေ့လာသုံးသပ်သူများ(Observer)လည်း ပါဝင်တက်ရောက်သွားမည်ဖြစ်သည်။

သုံးသပ်ဆွေးနွေးပွဲကို မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့ရသော စီးပွားရေးလုပ်ငန်းများ ပြန်လည်ထူထောင်အားကောင်းလာစေရန်၊ ငလျင်ဘေးအလွန်ကာလတွင်ဖြစ်ပေါ်လာမည့် ပြည်တွင်း/ပြည်ပ ဈေးကွက်စီးပွားရေးအသစ်များ၊ နိုင်ငံ့စီးပွားရေး ပိုမိုကောင်းမွန်စေမည့် အခွင့်အလမ်းများနှင့် ကြုံတွေ့ရနိုင်သည့် စိန်ခေါ်မှုများအားသိရှိနိုင်စေရန်နှင့် မြန်မာနိုင်ငံ၏ ပထဝီနိုင်ငံရေးအခင်းအကျင်းနှင့် ပထဝီစီးပွားရေးအခွင့်အလမ်းများကို သိရှိအသုံးချပြီး ပြည်တွင်းမှထုတ်ကုန်ပစ္စည်းများအား ဈေးကွက်ချဲ့ထွင်နိုင်ရေးနှင့် စီးပွားရေးလုပ်ငန်းရှင်များအချင်းချင်း ပေါင်းစည်းမြှင့်တင်နိုင်ရန် ရည်ရွယ်ကျင်းပခြင်းဖြစ်သည်။

**“ငလျင်ဘေးအလွန် မြန်မာ့စီးပွားရေး ပြန်လည်ကုစားခြင်းနှင့် ပြန်လည်ထူထောင်ခြင်း”** သုံးသပ်ဆွေးနွေးပွဲကျင်းပနေမှုကို MOI Website အပါအဝင် Myanmar Narrative Facebook Page၊ MRTV Facebook Page တို့မှ တိုက်ရိုက် (Live) ထုတ်လွှင့်ပြသသွားမည်ဖြစ်သည်။

သုံးသပ်ဆွေးနွေးပွဲ တက်ရောက်ရန် စိတ်ပါဝင်စားသူများအနေဖြင့် https://myanmarnarrative.org/ ၏ Registration Form မှတစ်ဆင့် အမည်စာရင်းပေးသွင်းနိုင်ပြီး အစီအစဉ်နှင့်ပတ်သက်၍ သိရှိလိုသည်များကို ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန သုတေသနနှင့် သတင်းအချက်အလက်ဌာနခွဲ တယ်လီဖုန်းအမှတ် ၀၆၇-၃၄၁၂၂၄၂ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရသည်။

မြဝတီ

# အစိုးရ - ပုဂ္ဂလိက ကုန်သွယ်မှုမြှင့်တင်ရေးကောင်စီ၏ (၂/ ၂၀၂၅) ကြိမ်မြောက် အစည်းအဝေးကျင်းပ

## အိန္ဒိယနိုင်ငံသို့ မတ်ပဲတင်ပို့နိုင်ရေး G to G ညှိနှိုင်းဆောင်ရွက်ပေးနိုင်ခဲ့မှုသည် ကောင်စီ၏သိသာသောရလဒ်တစ်ခုဖြစ်



နေပြည်တော် မေ ၂၂

အစိုးရ-ပုဂ္ဂလိက ကုန်သွယ်မှုမြှင့်တင်ရေးကောင်စီ၏(၂/၂၀၂၅) ကြိမ်မြောက် အစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ အစိုးရ-ပုဂ္ဂလိက ကုန်သွယ်မှုမြှင့်တင်ရေးကောင်စီဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦး၊ ကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်နှင့်ကောင်စီအဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီးများ၊ အသင်းအဖွဲ့များမှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ကောင်စီဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦးက အဖွင့်အမှာစကား ပြောကြားရာတွင် မကြာသေးမီကဖြစ်ပွားခဲ့သောလျှင်ဘေးအန္တရာယ်ကြောင့်ထိခိုက်မှုများရှိခဲ့သော်လည်း ကုန်သွယ်မှုလုပ်ငန်းများ ချောမွေ့စေရေး ပံ့ပိုးပေးနိုင်ရန်အတွက် အစိုးရ-ပုဂ္ဂလိက ကုန်သွယ်မှုမြှင့်တင်ရေး ကောင်စီအစည်းအဝေးများကို လေးလတစ်ကြိမ်ကျင်းပရန် လျာထားသတ်မှတ်ချက်အတိုင်းကျင်းပဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ အမျိုးသားပို့ကုန်မဟာဗျူဟာ (၂၀၂၀-၂၀၂၅) အကောင်အထည်ဖော်ဆောင်ရွက်မှုကာလ ပြီးဆုံးတော့မည်ဖြစ်၍ အမျိုးသားပို့ကုန်မဟာဗျူဟာ (၂၀၂၆-၂၀၃၀)ကို အကောင်အထည်ဖော်နိုင်ရန်အတွက် ဆောင်ရွက်သွားကြရန်ဖြစ်ကြောင်း၊ အမျိုးသားပို့ကုန်မဟာဗျူဟာ (၂၀၂၆-၂၀၃၀) အတွက် ကဏ္ဍများကိုရွေးချယ်ပြီး လုပ်ငန်းစီမံချက် (Plan of Actions-PoA) များကို ရေးဆွဲသည့်အခါ သက်ဆိုင်ရာကဏ္ဍအလိုက်အစိုးရ-ပုဂ္ဂလိက အဖွဲ့အစည်းများက ညှိနှိုင်းပူးပေါင်းရေးဆွဲကြရန်ဖြစ်ကြောင်း။

အစိုးရ-ပုဂ္ဂလိက ကုန်သွယ်မှုမြှင့်တင်ရေးကောင်စီ၏ (၁/၂၀၂၅) ကြိမ်မြောက် အစည်းအဝေးဆုံးဖြတ်ချက်အရ အိန္ဒိယနိုင်ငံသို့ မတ်ပဲတင်ပို့နိုင်ရေးအတွက် ၂၀၂၅ ခုနှစ်မတ်လမတိုင်မီ Open General License – OGL ရရှိရေး အိန္ဒိယနိုင်ငံအစိုးရနှင့် G to G ညှိနှိုင်းဆောင်ရွက်ပေးနိုင်ခဲ့မှုသည် ကောင်စီ၏ သိသာသောရလဒ်တစ်ခုဖြစ်ကြောင်း၊ ပြည်ထောင်စုနယ်မြေ နေပြည်တော်တွင် ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီလအတွင်း ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲကျင်းပပေးခဲ့ပြီး ဒေသတစ်ခု ထုတ်ကုန်တစ်ခု (One Region One Product) အဖြစ် တိုင်းဒေသကြီး/ ပြည်နယ်များအလိုက် အလားအလာရှိသော ထုတ်ကုန်များကိုရွေးချယ်၍ လုပ်ငန်းရှင်များကို ဆုချီးမြှင့်ပေးခဲ့သည့်အပြင် ပြပွဲကာလအတွင်း MSME လုပ်ငန်းရှင်များ ပြည်တွင်း/ ပြည်ပဈေးကွက်ချိတ်ဆက်ရရှိရေး၊ ချေးငွေရရှိရေးအတွက် ဘဏ်များနှင့် ချိတ်ဆက်နိုင်ရေး ကူညီပေးမှုများကြောင့် ပို့ကုန်တင်ပို့လိုသည့်လုပ်ငန်းရှင်များအတွက် အထောက်အကူကောင်းများရရှိအောင် ဆောင်ရွက်ပေးနိုင်ခဲ့သည်ကို တွေ့ရှိခဲ့ရကြောင်း၊ ကဏ္ဍများအလိုက် ပို့ကုန်မြှင့်တင်ရေးဆောင်ရွက်ရာတွင် ကြုံတွေ့ရသောအခက်အခဲများ၊ ကန့်သတ်ချက်များ တင်ပြလာမှုများအပေါ် တတ်နိုင်သမျှ ပံ့ပိုးဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားသည်။

ထို့နောက် အစိုးရ-ပုဂ္ဂလိက ကုန်သွယ်မှုမြှင့်တင်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်က အမှာစကားပြောကြားပြီး ကောင်စီအတွင်းရေးမှူး စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံက အစိုးရ-ပုဂ္ဂလိက ကုန်သွယ်မှုမြှင့်တင်ရေးကောင်စီ၏ (၁/၂၀၂၅)ကြိမ်မြောက် အစည်းအဝေးဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ထားရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် အစည်းအဝေးသို့ တက်ရောက်လာကြသည့်ကောင်စီအဖွဲ့ဝင်များက သက်ဆိုင်ရာကဏ္ဍအလိုက် ဆောင်ရွက်ထားရှိမှုများနှင့်စပ်လျဉ်း၍ ဆွေးနွေးတင်ပြချက်များအပေါ် အစိုးရ-ပုဂ္ဂလိကကုန်သွယ်မှုမြှင့်တင်ရေးကောင်စီဥက္ကဋ္ဌက ကဏ္ဍများအလိုက် ပို့ကုန်ဖွံ့ဖြိုးတိုးတက်ရေးနှင့်ကုန်သွယ်မှုမြှင့်တင်ရေးကိုရှေးရှုပြီး ပြန်လည်ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။


မြဝတီ

၂၀၂၅ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့

ဇွန်လ(၅)ရက်




**ရိုးရိုးမီးလုံး၊ မီးချောင်းများအစား ဓာတ်အားသက်သာစေမည့် Energy Saving Lamps များကို အသုံးပြုသင့်ပါသည်။**




# ဗီယက်နမ်နိုင်ငံရှိ ဗုဒ္ဓဘာသာအဖွဲ့အစည်းတစ်ခုဖြစ်သည့် Parami Group က ဆေးဝါးနှင့်ဆေးပစ္စည်းများလှူဒါန်း

နေပြည်တော် မေ ၂၂

မြန်မာနိုင်ငံတွင် မတ်လ ၂၈ ရက်က လှုပ်ခတ်ခဲ့သော အင်အားအလွန်ပြင်းထန်သည့် ငလျင်ဒဏ်ကို ပြင်းထန်စွာခံစားခဲ့ရသော တိုင်းဒေသကြီး၊ ပြည်နယ်ခြောက်ခုတို့တွင် မေလ ၂၂ ရက်အထိ သေဆုံးသူ ၃၇၃၀ ဦး၊ ထိခိုက်ဒဏ်ရာရရှိသူ ၅၁၀၄ ဦးနှင့်ပျောက်ဆုံးသူ ၇၇ ဦးရှိသည်။

မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နှင့်ပြည်တွင်းပြည်ပမှ ရှာဖွေကယ်ဆယ်ရေးအဖွဲ့ဝင်များသည် လိုအပ်သည့်ဒေသများသို့ အချိန်နှင့်တစ်ပြေးညီ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိပြီး အဆောက်အအုံများအတွင်းပိတ်မိနေသူများအား ရှာဖွေကယ်ဆယ်ခဲ့ရာ ယနေ့အထိ အသက်ရှင်သူ ၆၅၃ ဦးကို ရှာဖွေကယ်ဆယ်ပေးနိုင်ခဲ့ပြီး သေဆုံးသူ ၈၀၇ ဦးအား ရှာဖွေပေးနိုင်ခဲ့သည်။

ဘေးသင့်ပြည်သူများသို့ ပြည်တွင်းစေတနာရှင်အလှူရှင်များက ငွေနှင့်အလှူပစ္စည်းများ ထောက်ပံ့လှူဒါန်းလျက်ရှိသကဲ့သို့ ပြည်ပနိုင်ငံများ၊ အဖွဲ့အစည်းများ၊ စေတနာရှင်အလှူရှင်များက ငွေနှင့်အလှူပစ္စည်းများ ထောက်ပံ့လှူဒါန်းပေးလျက်ရှိရာ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ မေလ ၂၁ ရက်ညနေ ၅ နာရီမှ ၂၂ ရက်ညနေ ၅ နာရီအတွင်း ဗီယက်နမ်သံရုံးမှတစ်ဆင့် ဗီယက်နမ်နိုင်ငံရှိ ဗုဒ္ဓဘာသာအဖွဲ့အစည်းတစ်ခုဖြစ်သည့် Parami Group က လှူဒါန်းသည့် ဆေးဝါးနှင့်ဆေးပစ္စည်း (အလေးချိန် သုည ဒသမ ၄၅၁ တန်)နှင့် မြန်မာကောင်စစ်ဝန်ချုပ်ရုံး(နန်နင်း)က လှူဒါန်းသည့် အုတ်ဂျုံမှုန့် (အလေးချိန် သုည ဒသမ ၇၃၁ တန်) ရောက်ရှိခဲ့သည်။

အဆိုပါ ထောက်ပံ့ရေးပစ္စည်းများကို ဘေးသင့်ပြည်သူများလက်ဝယ်အရောက် အမြန်ဆုံးခွဲဝေထောက်ပံ့လျက်ရှိကြောင်း သတင်းရရှိသည်။

မြဝတီ

# ငါတို့မှ မလုပ်ရင် . . .

ဘုန်းမောင်ဝင်း(ဖျာပုံ)

**"အခုချီးမြှင့်ခံရတဲ့ ဆုတံဆိပ်တွေရချင်လို့ တိုက်ခဲ့တာမဟုတ်ဘူး၊ ခုလို ရမယ်မှန်းလည်း မသိပါဘူး။ ငါတို့မြန်မာပြည်လွတ်လပ်ဖို့အတွက်ဆိုတဲ့ စိတ်တစ်ခုတည်းနဲ့ တိုက်ခဲ့တာ၊ ငါတို့ခေတ်မှာ ပေါ်ပေါက်ခဲ့တဲ့ အခက်အခဲ ငါတို့မှမလုပ်ရင် ဘယ်သူလုပ်မလဲ"** ဆိုတဲ့ လွတ်လပ်ရေးမော်ကွန်းဝင် ဒုတိယအဆင့် တပ်ကြပ်ဘချော(ငြိမ်း)ရဲ့ ပြောစကား မှတ်သားနာထောင်ခဲ့ရပါသည်။ အသက် ၉၈ နှစ်အရွယ်သို့ ရောက်ရှိနေသည့်တိုင် အားမာန်အပြည့်ဖြင့် မြန်မာနိုင်ငံလွတ်လပ်ရေးကြိုးပမ်းမှုကာလ ဗမာ့လွတ်လပ်ရေးတပ်မတော်သို့ ဝင်ရောက်၍ နိုင်ငံ့တာဝန်ထမ်းဆောင်ခဲ့မှုကို ပြန်လည်အမှတ်ရပြောပြခြင်းဖြစ်သည်။ အသက်အရွယ်ကြီးရင့်သော်လည်း နိုင်ငံအပေါ်ထားရှိသောစိတ်ထားမှာ နုပျိုလတ်ဆတ်ဆဲ၊ သန်မာနေဆဲ၊ မျိုးချစ်စိတ်အပြည့်ရှိနေဆဲဖြစ်ကြောင်း သူ့စကားများက သက်သေထူနေသည်။ ဂျပန်ခေတ်တော်လှန်ရေးများတွင် ကိုယ်တိုင်ကိုယ်ကျပါဝင်ဆောင်ရွက်ခဲ့မှုများကို အားပါးတရ စိတ်အားထက်သန်စွာ လက်သီးလက်မောင်းတန်းကာ ပြန်ပြောပြသည်။ နောင်လာနောက်သားများအတွက် အတုယူမှတ်သားထိုက်သော လွတ်လပ်ရေးမော်ကွန်းဝင်တစ်ဦး၏ အမှာစကားလည်းဖြစ်သည်။

နှစ်(၈၀)ပြည့် တပ်မတော်နေ့ အခမ်းအနားသို့ တက်ရောက်ကြမည့် အငြိမ်းစား တပ်မတော်အရာရှိကြီးများအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဦးဆောင်သည့် တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများက ဂါရဝပြုကြသည်။ ဤသည်မှာ တပ်မတော်၏ ကောင်းသောအစဉ်အလာဖြစ်သည်။ တပ်မတော်တွင် လက်ရှိတာဝန်ထမ်းဆောင်နေကြသူများသည် တပ်မတော်တာဝန်များကို လက်ဆင့်ကမ်း တာဝန်ထမ်းဆောင်နေသူများဖြစ်သည်။ တပ်မတော်အငြိမ်းစားအရာရှိများသည် ယင်းတို့၏မိဘဆရာသမားများဖြစ်သည်။ ဗုဒ္ဓဘာသာအစဉ်အလာနှင့်အညီ အထက်အောက် ရိုသေလေးစားမှုဖြင့် ဂါရဝပြုကန်တော့ခြင်းသည် တပ်မတော်၏ကောင်းမြတ်သည့် အစဉ်အလာကောင်းတစ်ခုပင်ဖြစ်သည်။ နှစ်(၈၀)ပြည့် တပ်မတော်နေ့တွင်အငြိမ်းစားတပ်မတော်အရာရှိကြီးများကို ဂါရဝပြုသည့်နည်းတူ လွတ်လပ်ရေးမော်ကွန်းဝင် ပုဂ္ဂိုလ်များကိုလည်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့်ဇနီးတို့က နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ ဧည့်ခန်းမဆောင်၌ လက်ဖက်ရည်ဝိုင်းဖြင့် တည်ခင်းဧည့်ခံခဲ့သည်။

မြန်မာနိုင်ငံသည် နယ်ချဲ့အင်္ဂလိပ်တို့၏သုံးကြိမ်တိုင်တိုင် မတရားကျူးကျော်သိမ်းပိုက်မှုကြောင့် လွတ်လပ်ရေးဆုံးရှုံးခဲ့ရပြီး သူ့ကျွန်ဘဝဖြင့်နှစ်ပေါင်း (၁၂၃) နှစ်တိုင် နေထိုင်ခဲ့ရသည်။ နယ်ချဲ့တို့၏ကုပ်သွေးစုပ်အမြတ်ထုတ်မှုကိုခံခဲ့ရသကဲ့သို့ ဖက်ဆစ်ဂျပန်တို့၏ အနိုင်ကျင့်နှိပ်စက်မှုကိုလည်း ကြုံတွေ့ခံစားခဲ့ရသည်။ ကျွန်ဘဝမှ လွတ်မြောက်၍ လွတ်လပ်ရေးရရှိနိုင်ရေး နှစ်ပေါင်းများစွာတွန်းလှန်တိုက်ခိုက်ခဲ့ကြရ



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း လွတ်လပ်ရေးမော်ကွန်းဝင် ဒုတိယအဆင့် တပ်ကြပ်ဘချော(ငြိမ်း)အား ဂါရဝပြုချီးမြှင့်ငွေနှင့် အားဖြည့်ဌက်သိုက်များကို ကိုယ်တိုင်ကိုယ်ကျပေးအပ်စဉ်။

သည်။ ထိုခေတ် ထိုကာလက မျိုးချစ်နိုင်ငံ့သားကောင်းများသည်မြန်မာနိုင်ငံသားများ ရင်ဆိုင်ကြုံတွေ့နေရသည့် သူ့ကျွန်ဘဝ အခက်အခဲများကို ရင်ဆိုင်ဖြေရှင်းပေးရန် တာဝန်ရှိသည်ကိုခံယူ၍ ကိုယ်ပိုင်အသိစိတ်ဓာတ်ရှိစွာဖြင့် လွတ်လပ်ရေးတိုက်ပွဲကိုဝင်ခဲ့ကြသည်။ အသက်သွေးချွေးပေါင်းများစွာ ပေးဆပ်တိုက်ပွဲဝင်ခဲ့ကြ၍သာ ယနေ့ကဲ့သို့ လွတ်လပ်သော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကို တည်ထောင်နိုင်ခဲ့ခြင်းဖြစ်သည်။

သူ့ကျွန်ဘဝ လွတ်လပ်ရေးကြိုးပမ်းမှုကာလ၌ မျိုးချစ်လူငယ်များ၏ စိတ်ထဲတွင် အဆိုပါ **ငါတို့ခေတ်မှာ ကြုံတွေ့နေရတဲ့အခက်အခဲ ငါတို့မှမလုပ်ရင် ဘယ်သူလုပ်မလဲ**ဟူသည်ကို စွဲမှတ်ခံယူ၍ နိုင်ငံချစ်စိတ်မျိုးချစ်စိတ်ဓာတ်များဖြင့် စွန့်လွှတ်စွန့်စားဆောင်ရွက်ခဲ့ကြခြင်းပင်ဖြစ်သည်။ လွတ်လပ်ရေးသည် ပထမ၊ လွတ်လပ်ရေးသည် ဒုတိယ၊ လွတ်လပ်ရေးသည် တတိယဟူသော ဦးတည်ချက်ထားကာ မမိုတ်မသုန်ကြိုးပမ်းခဲ့ကြခြင်းကြောင့်သာလျှင် မြန်မာနိုင်ငံ၏ အနာဂတ်လွတ်လပ်ရေး အလင်းရောင်သန်းခဲ့ရခြင်းဖြစ်သည်။

လွတ်လပ်ရေးရပြီးစကာလတွင် ပြည်တွင်းဆူပူသောင်းကျန်းမှုများနှင့် ပြည်ပကျူးကျော်မှုအန္တရာယ်များ ရင်ဆိုင်ကြုံတွေ့ခဲ့ရပါသည်။ အင်းစိန်အထိ သူပုန်များသိမ်းပိုက်ထားပြီး ရန်ကုန်အစိုးရဟုဆိုရလောက်သည်အထိ အစိုးရ၏အချုပ်အခြာအာဏာသည် ရန်ကုန်မြို့ကွက်ကွက်ကလေးအပေါ်၌သာ သက်ရောက်မှုရှိတော့သည့် အခြေအနေမျိုးအထိဖြစ်ခဲ့ရသည်။ အစိုးရ၏ အုပ်ချုပ်ရေးယန္တရားလက်လှမ်းမမီသည့် မြို့ရွာများ၌ သောင်းကျန်းသူများကြီးစိုးပြီး တရားဥပဒေကင်းမဲ့ကာ ပြည်သူအများ အတိဒုက္ခရောက်စွာဖြင့် ကျီးလန့်စာစားဘဝဖြင့် နေထိုင်ခဲ့ကြရသည်။ ထိုအခြေအနေမှ နိုင်ငံတစ်ဝန်း အစိုးရ၏အချုပ်အခြာအာဏာပြန်လည်တည်ဆောက်နိုင်စေရေးတည်ငြိမ်အေးချမ်းမှုကို လိုလားသော နိုင်ငံသားများ၏ တာဝန်သိသိ ပူးပေါင်းပါဝင်မှုဖြင့် ကိုယ့်အားကိုယ်ကိုးဆောင်ရွက်နိုင်ခဲ့သည်။ ထို့ပြင် ပြည်တွင်းရေးမငြိမ်မသက်မှုကို အခွင့်ကောင်းယူ၍ သံလွင်မြစ်အရှေ့ဘက်ခြမ်းအထိ ကျူးကျော်သိမ်းပိုက်လာသည့် တရုတ်ဖြူကူမင်တန်များကိုလည်း နိုင်ငံသားများ၏စုပေါင်းအားဖြင့် အောင်မြင်စွာတွန်းလှန်နိုင်ခဲ့သည်။ ဤကဲ့သို့ မြန်မာနိုင်ငံ၌ အခက်အခဲအကျပ်အတည်းများ ရင်ဆိုင်ကြုံတွေ့ရချိန်များတွင် ထိုခေတ်ထိုကာလက မြန်မာနိုင်ငံသားများက **ငါတို့ခေတ်မှာ ကြုံတွေ့နေရတဲ့အခက်အခဲ ငါတို့မှမလုပ်ရင် ဘယ်သူလုပ်မလဲ**ဟူသည့်စိတ်ထားကိုစွဲမှတ်ခံယူ၍ သက်စွန့်ကြိုးပမ်းဆောင်ရွက်ခဲ့ကြခြင်းပင်ဖြစ်သည်။

ယနေ့မြန်မာနိုင်ငံသည် ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင်ဖြစ်ပေါ်လာသော မဲလိမ်မဲခိုးမဲမသမာမှုများကို NLD ပါတီအစိုးရက တရားဥပဒေနှင့်အညီ ဖြေရှင်းမပေးဘဲ တတိယအကြိမ်လွှတ်တော်ခေါ်ယူ၍ နိုင်ငံတော်အာဏာကို အတင်းအဓမ္မရယူရန်ကြိုးပမ်းလုပ်ဆောင်ခဲ့သည်။ ထို့ကြောင့် ယာယီသမ္မတက ဥပဒေနှင့်အညီ နိုင်ငံတော်ကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီအစည်းအဝေးခေါ်ယူ၍ နိုင်ငံတော်ကို အရေးပေါ်အခြေအနေကြေညာခဲ့ရခြင်းဖြစ်သည်။ နိုင်ငံတော်၏အရေးပေါ်အခြေအနေအရ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရကို ဖွဲ့စည်းပြီး နိုင်ငံတော်တာဝန်ကို ခေတ္တထိန်းသိမ်းရယူဆောင်ရွက်နေရသည့်အခြေအနေဖြစ်သည်။

မဲလိမ်မဲခိုးမှုကြောင့် နိုင်ငံတော်အာဏာလက်လွှတ်လိုက်ရသော NLD ပါတီမှ ပုဂ္ဂိုလ်အချို့သည် အကြမ်းဖက် CRPH၊ NUG နှင့် PDF အဖွဲ့များကို ဖွဲ့စည်းခဲ့ပြီး မစားရသည့်အမဲ သဲနှင့်ပက်သည့်နှယ် နိုင်ငံအတွင်း အကြမ်းဖက်အဖျက်လုပ်ရပ်များဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရ၏ အုပ်ချုပ်ရေးယန္တရား ပျက်စီးရာပျက်စီးကြောင်းလုပ်ဆောင်နေကြသည်။ နိုင်ငံတစ်ဝန်းအကြမ်းဖက်မှုများလုပ်ဆောင်၍ နိုင်ငံသားများ၏ လူမှုစီးပွားဘဝများလုံခြုံရေးနှင့် နိုင်ငံတော်၏ဖွံ့ဖြိုးတိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးလျက်ရှိသည်။

**စာမျက်နှာ ၁၃ သို့** ❐

**■ မြန်မာနိုင်ငံ၌ အခက်အခဲအကျပ်အတည်းများ ရင်ဆိုင်ကြုံတွေ့ရချိန်များတွင် ထိုခေတ်ထိုကာလက မြန်မာနိုင်ငံသားများက ငါတို့ခေတ်မှာကြုံတွေ့နေရတဲ့အခက်အခဲ ငါတို့မှမလုပ်ရင် ဘယ်သူလုပ်မလဲဟူသည့်စိတ်ထားကိုစွဲမှတ်ခံယူ၍ သက်စွန့်ကြိုးပမ်းဆောင်ရွက်ခဲ့ကြခြင်းပင်ဖြစ် . . .**

**■ လွတ်လပ်ရေးရရှိအောင်ကြိုးပမ်းခဲ့ရသော တပ်မတော်သားများ၊ လွတ်လပ်ရေးရရှိပြီးနောက် ရန်ကုန်မြို့ကွက်ကွက်ကလေးသာရှိနေသည့်အချိန်တွင် ရန်သူများကိုရှပ်ရှပ်ချွံချွံ တိုက်ပွဲဝင်ခဲ့သော တပ်မတော်သားများ၊ ပြည်ပကျူးကျော်သူ တရုတ်ဖြူကူမင်တန်များကို မောင်းထုတ်နိုင်ခဲ့သော တပ်မတော်သားများ စသည့် နိုင်ငံ့အချုပ်အခြာအာဏာဆုံးရှုံးသွားနိုင်သည့်တိုက်ပွဲများတွင် အောင်ပွဲခံခဲ့သော တပ်မတော်သားများသည် ယခုခေတ်လူငယ်များအနေဖြင့် အတုယူရမည့်စိတ်ဓာတ်နှင့် ဆောင်ရွက်ချက်များဖြစ် . . .**

**■ မိမိမိသားစုတစ်ခုမပြိုကွဲရေးအတွက် မိသားစုဝင်များဖြစ်ကြသော မိသားစုဝင်များအားလုံး ကိုယ့်တာဝန်ကိုယ်ကျေကြဖို့လိုသလို နိုင်ငံတစ်ခုတည်တံ့ခိုင်မြဲရေးအတွက် ပြည်တွင်းပြည်ပဖျက်ဆီးနှောင့်ယှက်မှုများ၊ ကျူးကျော်ရန်စမှုများမှ ကာကွယ်ရေး၊ မိမိနိုင်ငံ၏ ကာကွယ်ရေးစနစ်ကောင်းမွန်ရေးသည် နိုင်ငံသားတိုင်းတွင်တာဝန်ရှိ . . .**

❒ စာမျက်နှာ ၁၂ မှအဆက်

နိုင်ငံတော်၏အခြေခံအဆောက်အဦများ၊ လမ်းတံတားများကိုပျက်စီးအောင်ဖျက်ဆီး၍ ကုန်စည်စီးဆင်းမှုများ ရပ်တန့်အောင် လုပ်ဆောင်ကာ နိုင်ငံတော်ကိုအဘက်ဘက်မှ အခက်အခဲတွေ့အောင် လုပ်ဆောင်နေသောအခြေအနေဖြစ်သည်။ အချို့သော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများကလည်း အဆိုပါအကြမ်းဖက်မှုများကို ကူညီပေးခဲ့ကြပြီး နိုင်ငံတစ်ဝန်းမတည်မငြိမ်ဖြစ်အောင် တိုးမြှင့်လုပ်ဆောင်၍ ပွဲလန့်တုန်းဖျာခင်းကာ နယ်မြေများ သိမ်းပိုက်နိုင်ရေး လုပ်ဆောင်နေကြသည်။ မြို့ရွာများကို အဓမ္မသိမ်းပိုက်ပြီး ပြည်သူများကို လက်နက်ဖြင့်ခြိမ်းခြောက်ကာ စစ်ဘုရင်ဝါဒကို ဖော်ဆောင်နေကြသည်။

အတိတ်သမိုင်းကြောင်းကို ပြန်ပြောင်းလေ့လာကြည့်ပါက နိုင်ငံတော်ကာကွယ်ရေးအင်အား တောင့်တင်းခိုင်မာသည့် ကာလများတွင် မြန်မာနိုင်ငံသည် အခြေတကျနှင့် အနေလှခဲ့သည်။ နိုင်ငံတော်ကာကွယ်ရေးအင်အား မတောင့်တင်းခဲ့သည့်အခါ နိုင်ငံ၏ပုံရိပ်သည် မလှမပရှိခဲ့သည်။ နောက်ဆုံးတွင် နိုင်ငံ၏အချုပ်အခြာအာဏာနှင့် လွတ်လပ်ရေးပါ ဆုံးရှုံးသွားခဲ့ရသည်။ နိုင်ငံ၏လွတ်လပ်ရေး ပြန်လည်ရရှိအောင် ကြိုးပမ်းခဲ့ရာတွင်လည်း တပ်မတော်တစ်ရပ်အဖြစ်ပေါ်ထွန်းလာမှသာ လွတ်လပ်ရေးပြန်လည်ရရှိခဲ့ခြင်းဖြစ်သည်။ မြန်မာ့လွတ်လပ်ရေးကြိုးပမ်းမှုတွင်ပါဝင်ခဲ့ကြသူများသည် နိုင်ငံ့လွတ်လပ်ရေးရရှိရေးအတွက် အရိုးကြေကြေ အရေခန်းခန်း စိတ်ဓာတ်ခိုင်မာစွာဖြင့် တိုက်ပွဲဝင်ခဲ့ကြခြင်းဖြစ်သည်။ နိုင်ငံ့လွတ်လပ်ရေး ရရှိရေးအတွက် မိမိလုပ်ငန်းဆောင်တာများကို ပစ်ပယ်ကာ **ငါမှမလုပ်ရင် ဘယ်သူလုပ်မလဲ**စိတ်ဓာတ်ဖြင့် တပ်မတော်သို့ သူ့ထက်ငါ ဝင်ရောက်ခဲ့ကြသည်။ စိတ်ဓာတ်က ပြင်းထန်သည်။ အမိနိုင်ငံလွတ်လပ်ရေးရရှိရေးသည် အဓိကဖြစ်သည်ဟူသော တူညီသောတာဝန်တစ်ခုကို လူငယ်အားလုံး မည်သူကမျှမပေးအပ်ပါဘဲ ညီညွတ်စွာမှတ်ယူကြသည်။ လွတ်လပ်ပြီးစ မြန်မာနိုင်ငံတွင် ရရှိထားသော လွတ်လပ်ရေးကြီး ပြန်လည်မဆုံးရှုံးစေရေး၊ နိုင်ငံတော်၏ ပိုင်နက်နယ်မြေနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲစေရေးအတွက် ပြည်တွင်းရောင်စုံသောင်းကျန်းမှုများနှင့် တရုတ်ဖြူကူမင်တန်ကျူးကျော်မှုများကို နိုင်ငံသားများက တပ်မတော်အင်အားရှိမှ တိုင်းပြည်အင်အားရှိမည် စိတ်ထားဖြင့် တာဝန်သိသိပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့သောကြောင့် အောင်မြင်စွာ ကျော်လွှားနိုင်ခဲ့ခြင်းဖြစ်သည်။

နိုင်ငံတော်ကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရန်တာဝန်သည် နိုင်ငံသားအားလုံး၏ မွေးရာပါ တာဝန်ဖြစ်သည်။ ထိုတာဝန်ကို ရှေးက မိဘဘိုးဘွားအဆက်ဆက်က ထိန်းသိမ်းစောင့်ရှောက်ခဲ့ကြသည့်အတွက် ယနေ့ကာလ ကျွန်တော်တို့လက်ထက်တွင် မြန်မာနိုင်ငံသည် အချုပ်အခြာအာဏာပိုင် လွတ်လပ်သော နိုင်ငံအဖြစ် တည်ကြည်ခန့်ညားစွာ ရပ်တည်နေနိုင်ခြင်းဖြစ်သည်။ နိုင်ငံကို ချစ်သည့် နိုင်ငံသားများက နိုင်ငံတော်ကာကွယ်ရန် တပ်မတော်တွင်းသို့ဝင်ရောက်ကာ ပေါ်ပေါက်လာသည့် ရန်စွယ်အန္တရာယ်မှန်သမျှကို တိုက်ထုတ်အောင်မြင်ခဲ့ခြင်းဖြစ်သည်။ လွတ်လပ်ရေးရရှိအောင် ကြိုးပမ်းခဲ့ရသော တပ်မတော်သားများ၊ လွတ်လပ်ရေးရရှိပြီးနောက် ရန်ကုန်မြို့ကွက်ကွက်ကလေးသာရှိနေသည့်အချိန်တွင် ရန်သူများကို ရှုပ်ရှုပ်ချွံချွံတိုက်ပွဲဝင်ခဲ့သော တပ်မတော်သားများ၊ ပြည်ပကျူးကျော်သူ တရုတ်ဖြူကူမင်တန်များကို မောင်းထုတ်နိုင်ခဲ့သော တပ်မတော်သားများ စသည့်နိုင်ငံ့အချုပ်အခြာအာဏာ ဆုံးရှုံးသွားနိုင်သည့် တိုက်ပွဲများတွင် အောင်ပွဲခံခဲ့သော တပ်မတော်သားများသည် ယခုခေတ်လူငယ်များအနေဖြင့် အတုယူရမည့် စိတ်ဓာတ်နှင့် ဆောင်ရွက်ချက်များဖြစ်သည်။ နိုင်ငံသားတစ်ယောက်၏ တာဝန်သိမှု၊ စိတ်ဓာတ်ခိုင်မာမှုနှင့် ဖွဲ့သတ္တိရှိမှုတို့မှာ အောင်မြင်ရခြင်းဖြစ်ကြောင်း အတုယူကြရပေမည်။

လူငယ်များအနေဖြင့် တာဝန်သိစိတ်ရှိစွာ၊ စည်းစနစ်ကျနစွာ မိမိနိုင်ငံဂုဏ်သိက္ခာကို ကာကွယ်ကြရမည်ဖြစ်သည်။ မိမိမိသားစုတစ်ခု မပြိုကွဲရေးအတွက် မိသားစုဝင်များဖြစ်ကြသော မိသားစုဝင်များအားလုံး ကိုယ့်တာဝန်ကိုယ်ကျေကြဖို့လိုသလို နိုင်ငံတစ်ခုတည်တံ့ခိုင်မြဲရေးအတွက် ပြည်တွင်းပြည်ပဖျက်ဆီးနှောင့်ယှက်မှုများ၊ ကျူးကျော်ရန်စမှုများမှကာကွယ်ရေး၊ မိမိနိုင်ငံ၏ ကာကွယ်ရေးစနစ်ကောင်းမွန်ရေးသည် နိုင်ငံသားတိုင်းတွင် တာဝန်ရှိပါသည်။ မိမိတို့သည် မြန်မာနိုင်ငံမှမွေးသည့် မြန်မာနိုင်ငံသားများဖြစ်ခြင်းကြောင့် မိမိနိုင်ငံကိုချစ်မြတ်နိုးရမည့် မျိုးချစ်စိတ်အပြင် အရေးကြုံက သွေးဆုံကြသည့် ပြည်ထောင်စုစိတ်ဓာတ်ကိုလည်း ထားရမည်ဖြစ်သည်။ ရှေးအဆက်ဆက်က မျိုးချစ်စိတ်ဖြင့် စွန့်လွှတ်စွန့်စားခဲ့မှုတို့ကြောင့်သာလျှင် ယခုကဲ့သို့မြန်မာနိုင်ငံအမည်ကို ထင်ရှားစွာ သိမြင်ကြရခြင်းဖြစ်သည်။

ယနေ့ခေတ် အကြမ်းဖက်သမားများ၏ အဖျက်လုပ်ရပ်များကြောင့် မြန်မာနိုင်ငံတွင် ကြုံတွေ့နေရသော ခက်ခဲကျပ်တည်းသည့် အခြေအနေများမှ လွန်မြောက်နိုင်ရေးအတွက် လူငယ်မောင်မယ်များအနေဖြင့်လည်း မိမိတို့၏ ဘိုးဘေးစဉ်ဆက်ကြံ့ခိုင်သည့် စိတ်ဓာတ်၊ စွန့်လွှတ်စွန့်စားသည့် စိတ်ဓာတ်၊ နိုင်ငံအချုပ်အခြာအာဏာကို အသက်စွန့်ပြီး ကာကွယ်လိုသည့် စိတ်ဓာတ်များဖြင့် ဘိုးဘေးတို့အသက်သွေးချွေးပေါင်းများစွာ စတေးပြီးမှ အရယူခဲ့သော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးနှင့်အချုပ်အခြာအာဏာ အဓွန့်ရှည်တည်တံ့နိုင်စေရေးအတွက် **ငါတို့ခေတ်မှာ ကြုံတွေ့နေရတဲ့ အခက်အခဲ ငါတို့မှမလုပ်ရင် ဘယ်သူလုပ်မလဲ** ဟူသည့်စိတ်ထားကို စံနမူနာယူ၍ ဆောင်ရွက်ကြရမည်ဖြစ်ပေသည်။ ။

## ချိန်ခါအညီ ကျောင်းအပ်မည်

❖ မုတ်သုံပန်းတို့ လန်းဆန်းဖွယ်
မိုးကိုမျှော်ကြ ဖူးတံသွယ်။
ငွေမင်ရောင်ခြယ် အာကာဝင့်
တိမ်ပန်းပြာပြာ ထပ်ကာဆင့်။
❖ တလွင့်လွင့်နှင့် လေချီရာ
တိမ်ထောင်ပျိုးတော့ ပတ်လည်ရွာ။
ဝသန်ချိန်ခါ မိုးဦးကျ
စံပယ်ဖြူဖြူ ဖွေးဖွေးလှ။
❖ လှလှပပ ကုံးကာသီ
ဆရာမကို ပေးဖို့ရည်။
မေလရက်ဆီ ဘယ်မလစ်
ကျောင်းအပ်ခံပြီ နှစ်ဆယ့်နှစ်။
❖ မီးမီးချစ်တဲ့ မေမေရယ်
ကျောင်းအပ်နေ့ကို မေ့နဲ့ကွယ်။
စာအုပ် ခဲတံ လွယ်အိတ်လေး
မေမေကြိုတင် ဝယ်လို့ပေး။
မီးမီး ကျောင်းတက်ရေး။ ။

**မိုးမြင့်မေ (သ.က.ဟ.အ)**

## မြဝတီရုပ်မြင်သံကြားအစီအစဉ်

၂၃-၅-၂၀၂၅ ( သောကြာနေ့ )

| | | | |
|---|---|---|---|
| ၁။ ၀၆:၀၀ | တရားတော် | ၁၀။ ၁၆:၀၀ | ကိုယ်လက်လှုပ်ရှားအားကစား |
| ၂။ ၀၈:၀၀ | မျိုးချစ်တပ်မတော် | | |
| ၃။ ၀၉:၀၀ | ရင်မှာစွဲလမ်းတော်ဝင်ပန်း | ၁၁။ ၁၇:၀၀ | သုတစုံလင်ဗဟုသုတပုံပြင် |
| ၄။ ၁၀:၀၀ | သီချင်းလက်ဆောင် | ၁၂။ ၁၈:၃၀ | ထုတ်လွှင့်ပြန်ကြားသတင်းမှန်များ |
| ၅။ ၁၁:၀၀ | အတွေးအမြင် | | |
| ၆။ ၁၂:၀၀ | ရှေးမြန်မာမင်းများ၏ခေါင်းဆောင်မှု | ၁၃။ ၁၉:၀၀ | **The Unknown War အပိုင်း(၁၉)** |
| ၇။ ၁၃:၀၀ | သာယာသီကြွေးခေတ်ဆန်းတေး | ၁၄။ ၂၀:၀၀ | **မြဝတီရုပ်မြင်သံကြားသတင်း** |
| ၈။ ၁၄:၀၀ | ပန်းပေါင်းစုံစွာအနုပညာ | | အမျိုးသားရေးတေးကဗျာ |
| | | | နိုင်ငံတကာသတင်း |
| ၉။ ၁၅:၀၀ | ဇာတ်လမ်းတို | | မိုးလေဝသ သတင်း |

## ပေါင်မြို့နယ်၌ စပါးမျိုးစေ့ချကိရိယာ (Seeder) ဖြင့် စိုက်ပျိုးပြသခြင်းနှင့်ကွင်းသရုပ်ပြပွဲကျင်းပ



ပေါင် မေ ၂၂

မွန်ပြည်နယ် ပေါင်မြို့နယ်၌ စပါးမျိုးစေ့ချကိရိယာ(Seeder) ဖြင့် စိုက်နည်းစနစ်မှန်ကန်ရေး၊ ကြဲခင်းစနစ်လျှော့ချနိုင်ရေး လက်တွေ့အစေ့ချစိုက်ပျိုးပြသခြင်းနှင့်ကွင်းသရုပ်ပြပွဲကို မေလ ၂၁ ရက်က သဖြူချောင်ကျေးရွာရှိ တောင်သူဦးထွန်းမောင်၏ လယ်ယာမြေ၌ ကျင်းပကြောင်း သိရသည်။

အဆိုပါ စပါးမျိုးစေ့ချကိရိယာဖြင့်လက်တွေ့အစေ့ချစိုက်ပျိုးပြသခြင်းကို သဖြူချောင်ကျေးရွာအုပ်စု ကွင်းအမှတ်(၇၅၀)ဦးပိုင်အမှတ်(၄၃/၁+၄၇/၁) ရှိတောင်သူဦးထွန်းမောင်၏လယ်ယာမြေ၌ကျင်းပရာ သထုံခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ခေတ္တဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးထင်လင်းအောင်နှင့်အဖွဲ့ဝင်များ၊ မြို့နယ်စက်မှုလယ်ယာဦးစီးဌာန ဦးစီးမှူး ဦးရဲမြင့်၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်စွာလှိုင်၊ မြို့နယ်ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန ဦးစီးမှူး ဦးအောင်ကျော်စွာဝင်း၊ တာဝန်ရှိသူများနှင့် ကျေးရွာတောင်သူများက ကြည့်ရှုအားပေးကာ ရှစ်တန်းသွားမျိုးစေ့ချကိရိယာဖြင့် မျိုးစေ့ချစိုက်ပျိုးရာတွင် ရရှိနိုင်မည့်အကျိုးကျေးဇူးများ၊ လိုအပ်သည့်နည်းပညာပံ့ပိုးပေးနိုင်မှုများကို သက်ဆိုင်ရာတာဝန်ရှိသူများက ညှိနှိုင်းဆောင်ရွက်ပေးကြသည်။

ပေါင်မြို့နယ်၌ မိုးစပါးစိုက်ပျိုးရာသီတွင် တောင်သူများအဆင်ပြေစွာ စိုက်ပျိုးနိုင်စေရန် မွန်ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ပေါင်မြို့နယ်ရှိ တောင်သူများအတွက် မျိုးစေ့ချကိရိယာများကို ပေးအပ်ထားကြောင်းသိရသည်။ **မွန်မလေး(ပြန်/ဆက်)**

# လူမှုဖူလုံရေးစီမံကိန်းကို အကျုံးဝင်မြို့နယ် ၁၂၆ မြို့နယ်အထိတိုးချဲ့ဆောင်ရွက်



နေပြည်တော် မေ ၂၂

အလုပ်သမားဝန်ကြီးဌာန အမျိုးသားအဆင့်လူမှုဖူလုံရေးအဖွဲ့အစည်းအဝေး(၁/၂၀၂၅) ကို ယနေ့မွန်းလွဲ ၁ နာရီတွင် အဆိုပါဝန်ကြီးဌာန ယာယီအစည်းအဝေးခန်းမ၌ ကျင်းပသည်။


ဦးစွာ ပြည်ထောင်စုဝန်ကြီးက လူမှုဖူလုံရေးအဖွဲ့အနေဖြင့် အလုပ်သမားများ၏ လူမှုဘဝလုံခြုံရေးအတွက် လူမှုကာကွယ်စောင့်ရှောက်မှုများကို လူမှုဖူလုံရေးဥပဒေနှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ လက်ရှိတွင် လူမှုဖူလုံရေးစီမံကိန်းကို အကျုံးဝင်မြို့နယ် ၁၂၆ မြို့နယ်အထိ တိုးချဲ့ဆောင်ရွက်နိုင်ခဲ့ပြီး အလုပ်ဌာနများမှ အာမခံအလုပ်သမား ၁ ဒသမ ၂၉ သန်းခန့်အတွက် ကျန်းမာရေးစောင့်ရှောက်မှုနှင့် ငွေကြေးအကျိုးခံစားခွင့်များ ခွင့်ပြုထုတ်ပေးလျက်ရှိကြောင်း။

ထို့ပြင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်ချက်အရ လူမှုဖူလုံရေးအဖွဲ့အနေဖြင့် အာမခံအလုပ်သမားများ၏ အကျိုးကို ရှေးရှုပြီး ယခုအစည်းအဝေးတွင် မန္တလေးမြေလျှင်လှုပ်ခတ်မှုဖြစ်စဉ်ကြောင့် ငလျင်ဘေးသင့်ခဲ့သည့် တိုင်းဒေသကြီး/ပြည်နယ်ခြောက်ခုရှိအာမခံထားသူများအား သဘာဝဘေးအန္တရာယ်ကျရောက်မှုဆိုင်ရာ မိသားစုထောက်ပံ့မှုအကျိုးခံစားခွင့် ၄၀ ရာခိုင်နှုန်းပေးအပ်ခြင်းနှင့် အာမခံအလုပ်သမားများ၏ မူလတန်း၊ အလယ်တန်း၊ အထက်တန်း၊ တက္ကသိုလ်၊ ကောလိပ်တို့၌ အချိန်ပြည့်ပညာသင်ကြားနေသော သားသမီးများအတွက် ပညာသင်စရိတ်ခွင့်ပြုထုတ်ပေးခြင်းများအား မှတ်တမ်းတင်အတည်ပြုဆောင်ရွက်သွားမည်ဖြစ်ကြောင်းပြောကြားသည်။

ထို့နောက် လူမှုဖူလုံရေးအဖွဲ့ ခေတ္တညွှန်ကြားရေးမှူးချုပ်က လုပ်ငန်းဆောင်ရွက်မှုများ၊ ရှေ့လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြခဲ့ပြီး အမျိုးသားအဆင့်အဖွဲ့ဝင် ဒုတိယဝန်ကြီးနှင့် ဌာနကိုယ်စားလှယ်များက အစီအစဉ်အတိုင်း ဆွေးနွေးတင်ပြသည်။

အစည်းအဝေးသို့ အမျိုးသားအဆင့်လူမှုဖူလုံရေးအဖွဲ့ဥက္ကဋ္ဌ အလုပ်သမားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးချစ်ဆွေ၊ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဦးဝင်းရှိန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ အမျိုးသားအဆင့်လူမှုဖူလုံရေးအဖွဲ့ အဖွဲ့ဝင် အစိုးရကိုယ်စားလှယ်များ တက်ရောက်ကြပြီး အလုပ်ရှင်/အလုပ်သမား အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များက Online မှ တက်ရောက်ကြကြောင်းသိရသည်။ မြဝတီ

# (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် အောင်မြင်မှုရရှိစေရေးဆွေးနွေး



နေပြည်တော် မေ ၂၂

အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်သည် (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် အောင်မြင်မှုရရှိစေရေးအတွက် အောင်နိုင်ရေး၊ လေ့ကျင့်ရေးနှင့် နည်းစနစ်ပိုင်းဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၅/၂၀၂၅)ကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်၊ ရုံးအမှတ်(၃၁)ရှိ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက ၂၀၂၅ ခုနှစ် ဒီဇင်ဘာလတွင် ထိုင်းနိုင်ငံ၌ ကျင်းပမည့် (၃၃)ကြိမ်မြောက်အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် အောင်မြင်မှုရရှိစေရေးအတွက် အောင်နိုင်ရေးကိုရှေးရှုပြီး လေ့ကျင့်ရေးပိုင်း၊ နည်းစနစ်ပိုင်းဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်ပြီး အသေးစိတ်တင်ပြဆွေးနွေးပေးစေလိုကြောင်း၊ အားကစားနှင့်ကာယပညာသိပ္ပံကျောင်းများ ကျောင်းဖွင့်ကာလမတိုင်မီ ပြန်လည်ပြင်ဆင်မှုများ အချိန်မီပြီးစီးစေရေးအတွက် တာဝန်ရှိသူများအနေဖြင့် သက်ဆိုင်ရာကဏ္ဍများအလိုက် စိစစ်ကြပ်မတ်ဆောင်ရွက်ပေးစေလိုကြောင်း ပြောကြားသည်။

ဆက်လက်၍အစည်းအဝေးတက်ရောက်လာကြသည့် ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယအမြဲတမ်းအတွင်းဝန်နှင့် ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ လက်ထောက်အတွင်းဝန်များနှင့် ဌာနခွဲများမှ တာဝန်ခံညွှန်ကြားရေးမှူးများက သက်ဆိုင်ရာကဏ္ဍများအလိုက် ရုံးလုပ်ငန်းဆောင်ရွက်နေမှုများ၊ ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းအစီအမံများနှင့်ပတ်သက်၍ တင်ပြဆွေးနွေးခဲ့ကြရာ ဒုတိယဝန်ကြီး ဦးထိန်လင်းနှင့် ဦးဇင်မင်းထက်တို့က ဖြည့်စွက်ဆွေးနွေးခဲ့ပြီး ပြည်ထောင်စုဝန်ကြီးက လိုအပ်ချက်များအပေါ် ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

မြဝတီ

# အခြေခံလေကြောင်းလူငယ်သင်တန်းအမှတ်စဉ်(၁/၂၀၂၅)နှင့် တန်းမြင့်လေကြောင်းလူငယ်သင်တန်းအမှတ်စဉ်(၁/၂၀၂၅)မှ သင်တန်းသားများ၊ နည်းပြအုပ်ချုပ်သူများ ရန်ကုန်မြို့သို့ရောက်ရှိ လေ့လာရေးခရီးစဉ်များဆက်လက်ဆောင်ရွက်





အခြေခံလေကြောင်းလူငယ်သင်တန်းအမှတ်စဉ်(၁/၂၀၂၅) နှင့် တန်းမြင့်လေကြောင်းလူငယ်သင်တန်းအမှတ်စဉ်(၁/၂၀၂၅)မှ သင်တန်းသားများ နျူကလီးယားနည်းပညာသတင်းအချက်အလက်စင်တာသို့ သွားရောက်လေ့လာစဉ်။

နေပြည်တော် မေ ၂၂

အခြေခံလေကြောင်းလူငယ်သင်တန်းအမှတ်စဉ်(၁/၂၀၂၅)နှင့် တန်းမြင့်လေကြောင်းလူငယ်သင်တန်းအမှတ်စဉ်(၁/၂၀၂၅)မှ သင်တန်းသား၊ နည်းပြအုပ်ချုပ်သူများသည် လေ့လာရေးခရီးစဉ်များ ဆက်လက်ဆောင်ရွက်ရန် ရန်ကုန်မြို့သို့ တပ်မတော်လေယာဉ်များ၊ မော်တော်ယာဉ်များဖြင့်ရောက်ရှိကြရာ တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

အဆိုပါ သင်တန်းသား၊ နည်းပြအုပ်ချုပ်သူများသည် ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်ရှိ နျူကလီးယားနည်းပညာသတင်းအချက်အလက်စင်တာသို့ သွားရောက်လေ့လာကြရာ တာဝန်ရှိသူများက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားသည်။ ထို့နောက် လေကြောင်းလူငယ်သင်တန်းသားများအား ပြခန်းခန်းမဆောင်တွင် ပြသထားသော နျူကလီးယားနည်းပညာအသုံးပြု၍ ရောဂါရှာဖွေမှု (ကိုမိုဂရမ်) နမူနာပုံစံ၊ အသေးစားလျှပ်စစ်ဓာတ်အားထုတ် ဓာတ်ပေါင်းဖိုအမျိုးအစားတစ်ခုဖြစ်သော RITM-200 ၏ အတွင်းပိုင်းပါဝင်ပစ္စည်းများနှင့် အလုပ်လုပ်ပုံပြနမူနာပုံစံ၊ ခန္ဓာကိုယ်၏ ဓာတ်ရောင်ခြည်ပမာဏကိုတိုင်းတာပြီး သဘာဝပတ်ဝန်းကျင်ရှိအရာဝတ္ထုပစ္စည်းများတွင်ပါရှိသည့် ဓာတ်ရောင်ခြည်ပမာဏနှင့်နှိုင်းယှဉ်ဖော်ပြပေးသည့် Radiometer စက်၊ နျူကလီးယားနည်းပညာဆိုင်ရာ အခြေခံအကြောင်းအရာများကိုမေးခွန်းများမေး၍ဖြေကြားနိုင်သည့် ပဟေဠိဂိမ်းစနစ်၊ သဲ၊ ကျောက်၊ ဘိလပ်မြေ စသည့် သဘာဝပတ်ဝန်းကျင်ရှိ အရာဝတ္ထုများတွင်ထွက်ရှိလျက်ရှိသော ရေဒီယိုသတ္တိကြွမှုကို တိုင်းတာဖော်ပြပေးသည့်စက်၊ နျူကလီးယားဓာတ်ပေါင်းဖိုတစ်ခု၏အတွင်းပိုင်းတွင် ပါဝင်သည့်ပစ္စည်းများနှင့်အဆင့်ဆင့်တည်ဆောက်ပုံကို 3D Virtual နည်းပညာဖြင့် ပုံဖော်ပြသသည့်ပုံစံငယ်နှင့် လေအားအသုံးပြု၍ လျှပ်စစ်ဓာတ်အားထုတ်လုပ်သည့် Wind Turbine နမူနာပုံစံငယ်တို့ကို တာဝန်ရှိသူများက အသေးစိတ်ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ဗီဒီယိုပြခန်းမဆောင်တွင် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၏ လုပ်ငန်းဆောင်ရွက်ချက်များကို ဂုဏ်ပြုသရုပ်ဖော်ပြသသည့်သီချင်း MTV၊ အသေးစားလျှပ်စစ်ဓာတ်အားထုတ် ဓာတ်ပေါင်းဖိုများ၏ အရေးပါမှုနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံပိုင် အဏုမြူစွမ်းအင်ကော်ပိုရေးရှင်း ROSATOM ၏ အသေးစားလျှပ်စစ်ဓာတ်အားထုတ် ဓာတ်ပေါင်းဖိုတည်ဆောက်မှုအတွေ့အကြုံများကို ရှင်းလင်းတင်ပြမှု ဗီဒီယိုပြကွက်၊ နျူကလီးယားနှင့် ဓာတ်ရောင်ခြည်ဆိုင်ရာ အခြေခံအကြောင်းအရာများကို မြန်မာဘာသာဖြင့် ရှင်းလင်းပြောကြားထားသည့် ပြကွက်များ၊ ပိုစတာပြခန်းတွင် နျူကလီးယားနည်းပညာဖြင့် ကျန်းမာရေး၊ စွမ်းအင်ထုတ်လုပ်ရေး၊ ပညာရေး၊ စက်မှုလုပ်ငန်းနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်ရေးကဏ္ဍအသီးသီးတွင် လက်တွေ့ကျကျ အသုံးပြုနေခြင်းဆိုင်ရာ ပိုစတာများကို လေ့လာကြည့်ရှုကြရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသခဲ့ကြောင်း သတင်းရရှိသည်။ (၁၀၀)

# ကယ်ဆယ်ရေးပစ္စည်းများနှင့် ထောက်ပံ့ရေးပစ္စည်းများလွှဲပြောင်းပေးအပ်ပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါ်ဒွဲဘူ တက်ရောက်

မြစ်ကြီးနား မေ ၂၂

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါ်ဒွဲဘူသည် ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်၊ တာဝန်ရှိသူများနှင့်အတူ ယနေ့ နံနက် ၁၁ နာရီတွင် ပြည်နယ်ဥပဒေချုပ်ရုံး၌ကျင်းပသည့် ဥပဒေအရာရှိ ကျင့်ဝတ်ဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြားသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်က ယနေ့ ဥပဒေအရာရှိများအနေဖြင့် ကျင့်ဝတ်နှင့်အညီ လိုက်နာဆောင်ရွက်ပြီး နိုင်ငံတော်အစိုးရ၏ မျှော်မှန်းချက်တစ်ရပ်ဖြစ်သည့် တရားဥပဒေစိုးမိုးရေးနှင့် ပြည်သူများအတွက် ဥပဒေရေးရာ ဝန်ဆောင်မှုပေးရာတွင် အားလုံးတန်းတူညီမျှအခွင့်အရေးရရှိစေရေး၊ ဥပဒေ၏ အကာအကွယ်ကိုလည်း တန်းတူညီမျှစွာရပိုင်ခွင့်ရရှိစေရန် အမြဲအလေးထားကူညီဆောင်ရွက်ပေးကြရမည်ဖြစ်ကြောင်း၊ ထို့ပြင် ရွေးကောက်ပွဲကျင်းပနိုင်ရေးအတွက် တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးကို ဥပဒေအရာရှိများက ဝိုင်းဝန်းပူးပေါင်းပါဝင်ဆောင်ရွက်ကြရန် လိုအပ်ကြောင်း တိုက်တွန်းမှာကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်ကအမှာစကားပြောကြားပြီး အခမ်းအနားတက်ရောက်လာသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။



ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်သည် ပြည်နယ်အစိုးရအဖွဲ့ရုံးရှေ့ မြက်ခင်းပြင်၌ ကျင်းပသည့် ပြည်နယ်သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့က ဒေသတွင်းရှိ ရှာဖွေကယ်ဆယ်ရေးအသင်းအဖွဲ့များအတွက် ကယ်ဆယ်ရေးပစ္စည်းများနှင့်ထောက်ပံ့ရေးပစ္စည်းများ လွှဲပြောင်းပေးအပ်ပွဲအခမ်းအနားသို့ တက်ရောက်သည်။

အဆိုပါအခမ်းအနားတွင် ပြည်နယ်သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌ ပြည်နယ်ဝန်ကြီးချုပ်က ထောက်ပံ့ပေးအပ်ခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်နှင့် ပြည်နယ်ဝန်ကြီးချုပ်တို့က တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် ပေါင်စန်းပြည်နယ်ခွဲ ပြည်သူ့အစိုးရထံမှ ပြည်နယ်အစိုးရအဖွဲ့ထံ ပေးအပ်လှူဒါန်းထားသည့် ယာယီမိုးကာတဲ (အဆောင်သေး) အစုံ ၁၀၀၊ မိုးကာလိပ် ၃၁၂ လိပ်၊ ခေါက်ဆွဲခြောက်ဘူးများနှင့် ဆန်ပြုတ်ဘူးများကို ရှာဖွေကယ်ဆယ်ရေးတပ်ဖွဲ့ဝင်များနှင့် ပရဟိတလူမှုကူညီရေးအသင်းအဖွဲ့များထံ လွှဲပြောင်းထောက်ပံ့ပေးအပ်ကြပြီး ယာယီမိုးကာတဲအိမ်များနှင့် မိုးကာလိပ်များကို လှည့်လည်ကြည့်ရှုစစ်ဆေး၍ ရှာဖွေကယ်ဆယ်ရေးတပ်ဖွဲ့ဝင်များအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်အားပေးခဲ့ကြကြောင်း သိရသည်။ **ပြည်နယ်ပြန်/ဆက်**

# ၂၀၂၅-၂၀၂၆ ပညာသင်နှစ် ကျောင်းအပ်နှံရေးနေ့အခမ်းအနားကျင်းပ၊ ကျောင်းနေအရွယ်ကလေးတိုင်း (KG+9) အခြေခံပညာအလယ်တန်းအဆင့် ပြီးဆုံးသည်အထိ ပညာသင်ကြားနိုင်ရန် ရည်မှန်းချက်ထားကြိုးပမ်းဆောင်ရွက်လျက်ရှိ

နေပြည်တော် မေ ၂၂

၂၀၂၅-၂၀၂၆ ပညာသင်နှစ် ကျောင်းအပ်နှံရေးနေ့အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော် ဇမ္ဗူသီရိမြို့နယ် အမှတ်(၁၁)အခြေခံပညာအထက်တန်းကျောင်းရှိ ခန်းမ၌ကျင်းပရာ ဇမ္ဗူသီရိမြို့နယ် အမှတ်(၁၁) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူများက "ကျောင်းအပ်ကြစို့"သီချင်းဖြင့် သီဆိုဖွင့်လှစ်ကြသည်။



ယင်းနောက် ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေက ကျောင်းသား၊ ကျောင်းသူများ ကျောင်းအပ်နှံရေးမနှောင့်နှေးမခက်ခဲစေရေးအတွက် စနေ၊ တနင်္ဂနွေ ပိတ်ရက်မရှိ စီစဉ်လက်ခံဆောင်ရွက်ပေးလျက်ရှိကြောင်း။

မန္တလေးငလျင်ကြီးဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့ရသည့် အခြေခံပညာကျောင်းများတွင် ဖွင့်လကျောင်းဖွင့်ချိန်အမီ ကျောင်းသား၊ ကျောင်းသူများ အေးချမ်းစွာပညာသင်ယူနိုင်ရေးအတွက် ထိခိုက်ပျက်စီးမှုများအလိုက် အသစ်ပြန်လည်တည်ဆောက်ပေးခြင်း၊ ယာယီစာသင်ဆောင်များ တည်ဆောက်ပေးခြင်း၊ ကျောင်းနှင့် ကျောင်းသားအရေအတွက်ပေါ်မူတည်၍ နှစ်ချိန်တက်ကျောင်းအဖြစ် ဆောင်ရွက်ပေးခြင်းများနှင့်အတူ ရေ၊ မီး၊ သန့်စင်ခန်းပြည့်စုံရေးတို့ကို ပြင်ဆင်ဆောင်ရွက်ထားကြောင်း၊ ကျောင်းနေအရွယ်ကလေးတိုင်း (KG+9) အခြေခံပညာအလယ်တန်းအဆင့်ပြီးဆုံးသည်အထိ ပညာသင်ကြားနိုင်ရန် ရည်မှန်းချက်ထား ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ KG+9 အဆင့်ပြီးဆုံးသည့်အခါ အသက်မွေးဝမ်းကျောင်းပညာသင်ကြားမည့်ကျောင်းများသို့ ဆက်လက်တက်ရောက်နိုင်ပြီး လုပ်ငန်းခွင်ဝင်ရောက်နိုင်သလို သတ်မှတ်အရည်အချင်းပြည့်မီပါက အဆင့်မြင့်ပညာများကို ဆက်လက်သင်ယူနိုင်မည်ဖြစ်ကြောင်း။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၏ လမ်းညွှန်ချက်နှင့်အညီ ကျောင်းသား၊ ကျောင်းသူများအားလုံး အလယ်တန်းဆင့် (Grade-9) ပြီးမြောက်အောင်မြင်ပါက စက်မှု၊ စိုက်ပျိုးရေး၊ မွေးမြူရေးပညာရပ်များကို သင်ယူလေ့လာခွင့်ရရှိနိုင်ရေးအတွက် ၂၀၂၃-၂၀၂၄ ပညာသင်နှစ်တွင် အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးအထက်တန်းကျောင်း ၅၁ ကျောင်းနှင့် ၂၀၂၄-၂၀၂၅ ပညာသင်နှစ်တွင် ၃၄ ကျောင်းဖွင့်လှစ်ပေးခဲ့ပြီး ယခု ၂၀၂၅-၂၀၂၆ ပညာသင်နှစ်တွင် ၄ ကျောင်း ထပ်မံတိုးချဲ့ဖွင့်လှစ်ပေးသွားမည်ဖြစ်ကြောင်း၊ "ကျောင်းနေအရွယ်ကလေးအားလုံး စဉ်ဆက်မပြတ်ပညာသင်ယူဖို့ ကျောင်းအပ်နှံကြပါစို့" ဟူသော ကျောင်းအပ်နှံရေးနေ့သီတင်းပတ်ဆောင်ပုဒ်ကို အလေးအနက်ထား အကောင်အထည်ဖော်ဆောင်ရွက်ရင်း ပညာရေးဝန်ထမ်းများ၊ ပညာရေးနှင့်ဆက်စပ်သော ဌာနများနှင့် မိဘပြည်သူများအားလုံး အမျိုးသားရေးအသွင်ဖြင့် တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်ပေးကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးက အနာဂတ်နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရည်အသွေးရှိသော ပညာရေးရင်းနှီးမြှုပ်နှံမှုကို မဖြစ်မနေဆောင်ရွက်ရန်လိုအပ်ကြောင်း ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် အခမဲ့ပုံနှိပ်များ၊ ဗလာစာအုပ်များ၊ ဘောပင်များ၊ ခဲတံများ၊ ကျောင်းဝတ်စုံများ၊ ထောက်ပံ့ပစ္စည်းများကိုပေးအပ်ရာ သက်ဆိုင်ရာ မြို့နယ်ပညာရေးမှူးများက လက်ခံရယူကြကြီး ဇမ္ဗူသီရိမြို့နယ် အမှတ်(၁၁) အခြေခံပညာအထက်တန်းကျောင်း ကျောင်းသား၊ ကျောင်းသူများက "ဇာတိမာန်"သီချင်းဖြင့် ဖျော်ဖြေကြသည်။

ဆက်လက်၍ စာသင်ခန်းအလိုက် ကျောင်းအပ်လက်ခံနေမှုများအား လိုက်လံကြည့်ရှုအားပေး၍ ကျောင်းသား၊ ကျောင်းသူများနှင့်ကျောင်းသားမိဘများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်အားပေးသည်။

ထို့မှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးသည် မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း၊ အမှတ်(၅)အခြေခံပညာအထက်တန်းကျောင်း (ရှမ်းတဲ)သို့သွားရောက်၍ ကျောင်းဥပဓိရုပ်ကောင်းမွန်ရေးဆောင်ရွက်ထားရှိမှုအခြေအနေများ၊ စာသင်ခန်းအတွင်း ပြင်ဆင်ထားရှိမှုအခြေအနေများကိုလှည့်လည်ကြည့်ရှုစစ်ဆေးပြီး ၂၀၂၅-၂၀၂၆ ပညာသင်နှစ်အတွက် ကျောင်းအပ်နှံကြသည့် ကျောင်းသား၊ ကျောင်းသူများ၊ မိဘပြည်သူများကို ရင်းရင်းနှီးနှီးနှုတ်ဆက်၍ ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**မြဝတီ**





တိပိဋကရေ တိပိဋကကောဝိဒရွေးချယ်ရေးစာမေးပွဲ ဩဝါဒါစရိယအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဧရာဝတီတိုင်းဒေသကြီး၊ ဟင်္သာတမြို့၊ မိုးကောင်းကျောင်းတိုက် ပဓာနနာယက အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တသုမင်္ဂလာစာရာဘိဝံသ မဟာထေရ်မြတ်ကြီးထံမှ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွယ်၊ ဧည့်ပရိသတ်များက ငါးပါးသီလ ခံယူဆောက်တည်ကြစဉ်။

★ **ရှေ့ဖုံးမှအဆက်**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယ ဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယ ဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်း နွယ်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ဒေါက်တာဘရှေ၊ ပြည်ထောင်စု ဝန်ကြီးများဖြစ်ကြသည့် ဦးမောင်မောင်အုန်း၊ ဦးတင်ဦးလွင်နှင့် ဒေါက်တာသက်ခိုင်ဝင်း၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း နှင့်၎င်းတို့၏ဇနီးများ၊ ကာကွယ်ရေးဦးစီးချုပ် ရုံးမှ တပ်မတော်အရာရှိကြီးများ၊ ရန်ကုန် တိုင်းစစ်ဌာနချုပ်တိုင်းမှူးနှင့် ရန်ကုန်တိုင်း ဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြည်ညိုကြသည်။

ရှေးဦးစွာ တိပိဋကရေ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲ ဩဝါဒါစရိယအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဧရာဝတီတိုင်းဒေသကြီး၊ ဟင်္သာတမြို့၊ မိုးကောင်းကျောင်းတိုက်ပဓာန နာယက အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂ မဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တသုမင်္ဂလာစာရာ ဘိဝံသ မဟာထေရ်မြတ်ကြီးထံမှ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယ ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း အမှူးပြုသော ဧည့်ပရိသတ်များက ငါးပါး သီလခံယူဆောက်တည်ကြသည်။

ထို့နောက် နိုင်ငံတော်သံဃမဟာ နာယကအဖွဲ့ဥက္ကဋ္ဌဆရာတော် သန်လျင်မြို့၊ မင်းကျောင်းပထမပြန်စာသင်တိုက် ဦးစီး ပဓာနနာယကဆရာတော် အဂ္ဂမဟာ ပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာဘဒ္ဒန္တစန္ဒိမာဘိဝံသက သာရဏီယ ဩဝါဒကထာကို မြွက်ကြားချီးမြှင့်တော်မူ သည်။

**(နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌဆရာတော်၏ သာရဏီယဩဝါဒ ကထာကို စာမျက်နှာ(၃)တွင် သီးခြား ဖော်ပြထားပါသည်။)**

ယင်းနောက် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်က သာသနာရေးဆိုင်ရာများကို လျှောက်ထားသည်။

ထို့နောက် (၇၇)ကြိမ်မြောက်တိပိဋကရေ တိပိဋကကောဝိဒရွေးချယ်ရေး စာမေးပွဲ တွင် အောင်မြင်တော်မူကြသည့် သာသနဓဇ အာဇာနည်အရှင်မြတ်များအား ဘွဲ့တံဆိပ် တော်နှင့်အောင်လက်မှတ်များ ဆက်ကပ် ကြရာ ပိဋကသုံးပုံလုံးကို အာဂုံနှင့်တကွ ရေးဖြေအောင်မြင်တော်မူသဖြင့် တိပိဋကရေ တိပိဋကကောဝိဒဘွဲ့ရရှိတော်မူသည့် ရန်ကုန် တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ်၊ တိပိဋက မဟာဂန္ဓဝင်နိကာယ် ကျောင်းတိုက်မှ အရှင်သေဋ္ဌညာဏာလင်္ကာရ အား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယ ဗိုလ်ချုပ်မှူးကြီးစိုးဝင်းက ဘွဲ့တံဆိပ်တော်နှင့် အောင်လက်မှတ်တို့ကို ဆက်ကပ်လှူဒါန်း သည်။

ဆက်လက်၍ ပိဋကနှစ်ပုံ ရေးဖြေ အောင်မြင်တော်မူသဖြင့် ဒီဃနိကာယ ကောဝိဒဘွဲ့ရရှိတော်မူသည့် ရန်ကုန်တိုင်း ဒေသကြီး၊ ဒဂုံမြို့နယ်၊ တိပိဋကနိကာယ ကျောင်းတိုက်မှ အရှင်ပညာဓဇာလင်္ကာရနှင့် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ် မဟာ ဝိသုဒ္ဓါရုံ ရွှေကျင်တိုက်သစ်မှ အရှင်စန္ဒော ဘာသာလင်္ကာရ၊ ပိဋကနှစ်ပုံ အာဂုံအောင်မြင် တော်မူသဖြင့် ဒီဃဘာဏကဘွဲ့ရရှိတော် မူသည့် စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းမြို့၊ မင်းကွန်း၊ မိုးမိတ်ကုန်းမြေ၊ တိပိဋကနိကာယ ကျောင်းတိုက်မှ အရှင်ဇနပ္ပိယာလင်္ကာရနှင့် အရှင်တိလောကတို့အား နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်ဒေါက်တာဘရှေ က ဘွဲ့တံဆိပ်တော်နှင့် အောင်လက်မှတ် တို့ကို ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် ဒီဃဘာဏက ဘွဲ့တံဆိပ် တော်ရသာသနဓဇအာဇာနည်အရှင်မြတ်၉ပါး၊ ဝိနယကောဝိဒဘွဲ့တံဆိပ်တော်ရ သာသနဓဇ အာဇာနည်အရှင်မြတ် ၁ ပါး၊ ဝိနယဓရ ဘွဲ့တံဆိပ်တော်ရ သာသနဓဇအာဇာနည် အရှင်မြတ် ၂၉ ပါး၊ ဥဘတောဝိဘင်္ဂကောဝိဒ ဘွဲ့တံဆိပ်တော်ရ သာသနဓဇအာဇာနည် အရှင်မြတ် ၇ ပါး၊ ဥဘတောဝိဘင်္ဂရေဘွဲ့ တံဆိပ်တော်ရ သာသနဓဇအာဇာနည်အရှင် မြတ် ၄၆ ပါးတို့အား ပြည်ထောင်စုဝန်ကြီး များဖြစ်ကြသည့် ဦးမောင်မောင်အုန်း၊ ဦးတင် ဦးလွင်နှင့် ဒေါက်တာသက်ခိုင်ဝင်း၊ ရန်ကုန် တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးစိုးသိန်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ်တိုင်းမှူးနှင့် တာဝန်ရှိသူများက ဘွဲ့တံဆိပ်တော်နှင့် အောင်လက်မှတ် များ အသီးသီးဆက်ကပ်လှူဒါန်းကြ သည်။

ယင်းနောက် နိုင်ငံတော်သံဃမဟာ နာယကအဖွဲ့ အကျိုးတော်ဆောင် မန္တလေး မြို့၊ မစိုးရိမ်တိုက်သစ်၊ ဓမ္မသမိဒ္ဓိကျောင်း ဆရာတော်အဂ္ဂမဟာပဏ္ဍိတ ၊ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ၊ မဟာဓမ္မကထိက ဗဟုဇနဟိတဓရ ဘဒ္ဒန္တဝါသေဋ္ဌာဘိဝံသ ထံမှ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယ ဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့် ဧည့်ပရိသတ် များက အနုမောဒနာတရားနာယူကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက် သွန်းလောင်းအမျှပေးဝေကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွယ်နှင့် အဖွဲ့ဝင်များ၊ တက်ရောက်လာကြသည့် ဧည့်ပရိသတ်





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေရှိ မဟာပါသာဏလိုဏ်ဂူသိမ်တော်ကြီးနှင့် အခြားသာသနိကအဆောက်အဦများ ရေရှည် တည်တံ့ခိုင်မြဲစေရန်အတွက် လုပ်ငန်းဆောင်ရွက်ထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးစဉ်။



တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲတွင် အောင်မြင်တော်မူကြသည့် သာသနဝံ့အာဇာနည်အရှင်သူမြတ်တို့အား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွယ်၊ ဧည့်ပရိသတ်များနှင့်အလှူရှင်များက ဓမ္မပူဇာအဖြစ် လှူဖွယ်ဝတ္ထုပစ္စည်းများလောင်းလှူကြစဉ်။



ဒီဃနိကာယကောဝိဒဘွဲ့ရရှိတော်မူသည့်ဆရာတော်ထံ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင် ဒေါက်တာဘရွှေက အောင်လက်မှတ်နှင့် ဘွဲ့တံဆိပ်တော်တို့ကို ဆက်ကပ်လှူဒါန်းစဉ်။



ဆရာတော်ထံ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက အောင်လက်မှတ်နှင့်ဘွဲ့တံဆိပ်တော်တို့ကို ဆက်ကပ်လှူဒါန်းစဉ်။



ဆရာတော်ထံ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်က အောင်လက်မှတ်နှင့်ဘွဲ့တံဆိပ်တော်တို့ကို ဆက်ကပ်လှူဒါန်းစဉ်။



ဆရာတော်ထံ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးဖုန်းမြတ်က အောင်လက်မှတ်နှင့်ဘွဲ့တံဆိပ်တော်တို့ကို ဆက်ကပ်လှူဒါန်းစဉ်။

များနှင့် အလှူရှင်များက တိပိဋကဓရ တိပိဋကကောဝိဒရွေးချယ်ရေး စာမေးပွဲတွင် အောင်မြင်တော်မူကြသည့် သာသနဝံ့အာဇာနည်အရှင်သူမြတ်တို့အား ဓမ္မပူဇာအဖြစ် လှူဖွယ်ဝတ္ထုပစ္စည်းများလောင်းလှူကြသည်။

(၇၇)ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒရွေးချယ်ရေး စာမေးပွဲကြီးတွင် ပိဋကသုံးပုံ အာဂုံရေးဖြေအောင် တိပိဋကဓရ တိပိဋကကောဝိဒ ဘွဲ့ရသာသနဝံ့အာဇာနည်အရှင်မြတ် ၁ ပါး၊ ပိဋကနှစ်ပုံရေးဖြေအောင် ဒီဃနိကာယကောဝိဒ အရှင်မြတ် ၂ ပါး၊ ပိဋကနှစ်ပုံ အာဂုံအောင် ဒီဃဘာဏက အရှင်မြတ် ၁၁ ပါး၊ ပိဋကတစ်ပုံ ရေးဖြေအောင် ဝိနယကောဝိဒ အရှင်မြတ် ၁ ပါး၊ ပိဋကတစ်ပုံ အာဂုံအောင် ဝိနယဓရ အရှင်မြတ် ၂၉ ပါး၊ ဝိနယပိဋကရှေ့ပိုင်းရေးဖြေအောင် ဥဘတောဝိဘင်္ဂကောဝိဒအရှင်မြတ် ၇ ပါးနှင့် ဝိနယပိဋကရှေ့ပိုင်း အာဂုံအောင် ဥဘတောဝိဘင်္ဂဓရ အရှင်မြတ် ၄၆ ပါး စုစုပေါင်း ၉၇ ပါးအောင်မြင်တော်မူခဲ့ကြောင်း သိရှိရသည်။

တိပိဋကဓရ တိပိဋကကောဝိဒရွေးချယ်ရေးစာမေးပွဲကြီးကို ဗုဒ္ဓသာသနာတော်၌ ဘုန်းကံပါရမီအထူး ဉာဏ်ပညာအထူးနှင့် ပြည့်စုံသောပုဂ္ဂိုလ်ထူးတို့ကို ဖော်ထုတ်ရေး၊ ပရိယတ္တိသာသနာတော်ကို အားပေးချီးမြှောက်ရာတွင် အထက်တန်းအကျဆုံး ချီးမြှောက်ရေးနှင့် သာသနာတော်၌ ဓမ္မစေတီထိုက်သော ပိဋကနှုတ်ငုံဆောင် ပုဂ္ဂိုလ်ထူးတို့ကို ဖော်ထုတ်ပူဇော်ရေး ရည်ရွယ်၍ကျင်းပခြင်းဖြစ်ကြောင်း၊ ယခုကျင်းပပြီးစီးခဲ့သည့် (၇၇)ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲအထိ (၇၇)နှစ်တာကာလအတွင်း တိပိဋကဓရ တိပိဋကကောဝိဒ ဘွဲ့တံဆိပ်တော်ရ သာသနဝံ့အာဇာနည် အရှင်သူမြတ်(၁၇)ပါးပေါ်ထွန်းခဲ့ပြီး ယင်းဘွဲ့တံဆိပ်တော်ကိုရရှိပြီး၍ (၅)နှစ်ပြည့်မြောက်သည့်အခါ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဘွဲ့တံဆိပ်တော်ကို နိုင်ငံတော်မှဆက်ကပ်သည့်အတွက် တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိကဘွဲ့ရဆရာတော်ကြီး ၁၅ ပါး ပေါ်ထွန်းခဲ့ပြီးဖြစ်၍ တိပိဋကဓရ တိပိဋကကောဝိဒ သာသနဝံ့အာဇာနည် အရှင်သူမြတ်များ ဆက်လက်ပေါ်ထွန်းလာဦးမည်ဖြစ်ကြောင်း သိရသည်။

မဟာမင်္ဂလာအခမ်းအနားအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့် အဖွဲ့ဝင်များသည် သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေရှိမဟာပါသာဏလိုဏ်ဂူသိမ်တော်ကြီးနှင့် အခြားသာသနိကအဆောက်အဦများ ရေရှည်တည်တံ့ခိုင်မြဲစေရန်အတွက် လိုဏ်ဂူအတွင်း ဆေးသုတ်ခြင်း၊ အသံထိန်းနံရံပြုပြင်ခြင်း၊ ရေလုံဆေးသုတ်ခြင်း၊ ရေဆင်းပိုက်လိုင်းပြုပြင်ခြင်း၊ 630 kg ခေတ်လှေကားသစ်တပ်ဆင်ခြင်းနှင့် မိုးကြိုးလွှဲတပ်ဆင်ခြင်းလုပ်ငန်း ဆောင်ရွက်ထားရှိမှုအခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများကို လိုအပ်သည်များမှာကြားခဲ့ကြောင်း သတင်းရရှိသည်။ (၁၀၀)

# MYAWADY IN ENGLISH

www.myawady.net.mm DAILY EDITION E-mail:mwddailynewspapergroup@gmail.com


# Vice Chairman of State Administration Council Deputy Prime Minister Vice-Senior General Soe Win presents titles and certificates to monks, who passed 77th Tipitakadhara Tipitakakovida Selection Examination





The congregation led by Vice-Senior General Soe Win shares merits.

NAY PYI TAW May 22

A ceremony to pay respects and present certificates to the 97 monks who passed the 77th Tipitakadhara Tipitakakovida Selection Examination was held at Maha Pasana Cave, Thiri Mingala Kaba Aye hillock this morning under the sponsorship of the Department of Religious Affairs, the Ministry of Religious Affairs and Culture of the Republic of the Union of Myanmar.

Present to pay respects to the eminent monks led by Chairman of State Sangha Maha Nayaka Committee Patron of Minkyaung Pahtamabyan Pariyatti School in Thanlyin Sayadaw Agga Maha Pandita Agga Maha Saddhamma Jotikadhaja Dr Bhaddanta Candiama Bhivamsa, Ovadacariy Sayadaws of Tipitakadhara Tipitakakovida Selection Examination Board, Tipitakadhara Dhamma Bhantagarika Sayadaws, Tipitakadhara Tipitakakovida Sayadaws, supervisory Sayadaws, monks who passed the oral test of the Tipitakadhara Tipitakakovida Selection Examination, were Vice Chairman of State Administration Council Deputy Prime Minister Vice-Senior General Soe Win and wife, Daw Than Than Nwe, SAC member Dr Ba Shwe, union ministers, U Maung Maung Ohn, U Tin Oo Lwin and Dr Thet Khaing Win, Yangon Region Chief Minister U Soe Thein and their wives, senior military officers from the Office of the Commander-in-Chief, the Yangon Command commander, Yangon Region ministers, departmental officials and honoured guests.



Vice-Senior General Soe Win presents certificate to a Sayadaw.



The congregation led by Vice-Senior General Soe Win presents donations to Sayadaws.

First, the congregation led by the Vice-Senior General accepted the Five Precepts from Vice Chairman of Ovadacarira Board of Tipitakadhara Tipitakakovida Selection Examination Sayadaw Abhidhaja Maha Rattha Guru Abhidhaja Agga Maha Saddhamma Jotika Bhaddanta Sudhammacaribhivamsa, Patron of Moegaung Monastery, Hinthada, Ayeyawady Region.

The SSMNC Chairman Sayadaw delivered a religious sermon.

Union Minister for Religious Affairs and Culture U Tin Oo Lwin supplicated religious matters.

The Vice-Senior General presented the Tipitakadhara Tipitakakovida Title and certificate to Ashin Sethananalankara of Tipitaka Maha Gandawinnikal Monastery, Dagon (East) Township, Yangon Region, who passed both the Three Pitaka oral and written tests of Tipitakadhara Tipitakakovida Selection

See Page - 19



A dignitary presents certificate to a Sayadaw.



A dignitary presents certificate to a Sayadaw.

●● From Page - 18
Examination.

SAC member Dr Ba Shwe also offered the Dighanikayakovida title and certificate of passing the exam to Ashin Paññadhaja Lankara from Tipitaka Nikaya Monastery from Dagon Township of Yangon Region and Ashin Candobhasa Lankata from Maha Withokdayon Shwegyin Taikthit from Dagon Township of Yangon Region due to passing the writing test of two Pitaka treatise and the Dighabhanaka title and certificate of passing the exam to Ashin Janappiya Lankara and Ashin Tiloka from Tipitaka Nikaya Monastery from Momeik Hill of Mingun in Sagaing, Sagaing Region for passing the oral test of two Pitaka treatises, respectively.

Union Ministers U Maung Maung Ohn, U Tin Oo Lwin and Dr Thet Khaing Win, Yangon Region Chief Minister U Soe Thein, senior military officers from the Office of the Commander-in-Chief, the commander of Yangon Command and officials presented Dighabhanaka title to nine monks, Vinayakovida title to one monk, Vinayadhara title to 29 monks, Ubhato Vibhangakovida title to seven monks and Ubhato Vibhangadhara title to 46 monks respectively.

Abbot of Dhammathameikdi Monastery from New Masoeyein Monastery Aggamaha Saddhammajotikadhaja Maha Dhammakathika Bahujanahitadhara Bhaddanta Vasettha Bhivamsa, who is Secretary of SSMNC delivered a sermon, and the congregation led by the Vice-Senior General shared merits gained.

Vice-Senior General Soe Win and his wife Daw Than Than Nwe, dignitaries, congregation and well-wishers donated alms to examination winner monks.

A total of 97 members of the Sangha passed the 77th examination. They were one Tipitakadhara Tipitakakovida title winner for passing both oral and writing tests of Tri Pitaka treatises, two Dighanikayakovida title winners for passing the writing test of two Pitaka treatises, 11 Dighabhanaka title winners for passing the oral teat of two Pitaka treatises, one Vinayakovida title winner for passing the writing test of one Pitaka treatise, 29 Vinayadhara title winners for passing the oral test of one Pitaka treatise, seven Ubhato Vibhangakovida title winners for passing the writing test of first portion of Vinaya Pitaka treatise and 46 Ubhato Vibhangadhara title winners for passing the oral test of first portion of Vinaya Pitaka treatise.

The Tipitakadhara Tipitakakovida Selection Examination was held with the intention of identifying outstanding individuals within the Buddha's dispensation who possess exceptional ordination merit, profound wisdom, and complete knowledge to honour and promote the Pariyatti Sasana, to confer the highest recognition on those who contribute to the Sasana; and to identify and venerate distinguished individuals who uphold the Pitaka treatises dedicated to Dhamma Ceti. Up to the recently completed the examinations during this 77-year period, a total of 17 venerable members of the Sangha have been honoured with the prestigious title of Tipitakadhara Tipitakakovida. Furthermore, upon completing five years after receiving the Tipitakadhara title, these venerable members of the Sangha are conferred with the Tipitakadhara Dhammabhandagarika title by the State. So far, 15 Tipitakadhara Dhammabhandagarika Sayadaws have received this higher distinction. It is expected that more Tipitakadhara Tipitakakovida title winner members of the Sangha will continue to emerge in the future.

After the ceremony, the Vice-Senior General and party inspected painting at the Maha Pasana Cave and other religious buildings, repair of sound-proof walls and pipelines, coating the water-proof paint, installation of a 630-kg elevator and fixing the lightning conductor and left necessary instructions to officials. **100**

## State Administration Council
## Press Release
## Re-invitation to Myanmar citizens who reside in various regions for many reasons

1. Some student youths, State service personnel and citizens evaded to areas of EAOs and foreign countries with worries because of incitements and intimidation of NLD members, extremist followers, unlawful associations and terrorist groups such as CRPH and NUG, incitement of CDM, and the persons and organizations at home and abroad not wishing to restore the peace and stability of the State since after 1 February 2021 when the Tatmadaw assumed the State responsibility.
2. They are further worried about the dictatorship statement and speeches of unlawful association and terrorist group CRPH and NUG, and some relevant persons. As they face no security guarantee and difficulties in socio-economic life in their areas, they wish to return to their native lands.
3. **The State Administration Council will specially ease the restrictions for service personnel, intellectuals and intelligentsia, and the persons from various arenas and citizens who evaded from the country with worries, except the persons who committed murders, robbery, setting fire, mine explosions and intentional attacks on security troops, those who crowded to attack public service personnel and some people, those who destroyed government owned buildings and private owned buildings and those who deeply participated in the CDM activities with providing monetary assistance and other ways.**
4. As those who evaded from their native areas are also citizens, the State Administration Council will arrange their returns from the evaded areas to various parts of Myanmar.
5. As such, the information was released that if those who evaded to various areas, except the persons who committed any kinds of crime, wish to return to their native lands in Myanmar of their own accord due to various worries, the citizens abroad are to contact nearby ward, village, township and district administration bodies and relevant embassies, military attaché offices and consulates in accord with the easing restrictions under the law.

**Information Team**
**State Administration Council**

▶▶ From Page - 21



Vice-Senior General Soe Win meets officials at Shwepyi Agriculture and Farming Zone.

two national objectives—food security—is being successfully implemented. He emphasized that access to clean drinking water and potable water is essential for the development of agriculture and livestock farming. To safeguard existing water resources, particularly in the streams, rivers, and other sources, he stressed the importance of preserving forests and trees, warning against deforestation due to various factors. In the event of deforestation, it is essential to promptly replant fast-growing tree species. Conservation measures must also be carried out to prevent flooding in existing rivers and canals. These efforts should begin at the sources of rivers and streams to help prevent topsoil erosion caused by water diversion.

To ensure that all residents of the Yangon Region have sufficient daily food, it is essential to produce an adequate supply of meat, fish, eggs, and vegetables. Effective implementation of the established plans is crucial to achieving this goal. In the course of production, meat, fish, eggs, and vegetables must be cultivated in accordance with the designated farming zones. As current production levels remain insufficient, it is essential for project planners, regional government officials responsible for overseeing implementation, and producers involved in execution to take coordinated measures to ensure food and water security. These efforts must focus on balancing supply and demand in line with the population. Officials at all levels of supervision must ensure the systematic implementation of the program and provide timely support in securing essential seeds, feed, and medicine for livestock farming.



Vice-Senior General Soe Win inspects a thriving fruit tree at Nyaunghnapin Agriculture and Farming Special Zone.

Additionally, biosecurity is of paramount importance in livestock farming, necessitating the implementation of systematic precautions from the very outset of establishment. In conducting agricultural and livestock activities, it is essential to adopt modern, scientific farming methods in place of traditional practices. To achieve this, the relevant regional and district staff officers need to provide advice and hold discussions, as well as offer education through experts, leaving no stone unturned. Business owners must also strive to achieve success within their respective farming and agricultural zones. Not only is it essential to ensure regional food security, but proper management is also needed to preserve surplus meat and fish through modern freezing systems, facilitate their transport to foreign markets, and attract business owners to invest.

Subsequently, the Vice-Senior General and members inspected the breeding of pigs for meat production and high-quality egg-laying chickens in Zone (2) and provided instructions to officials as necessary.

Afterwards, the Vice-Senior General and party visited the Nyaunghnapin Union Hall, where the National Convention was held near Nyaunghnapin Village. They inspected the ongoing renovation and maintenance work on the Union Hall and its dedicated meeting rooms. The Vice-Senior General emphasized that since these are historically significant buildings, systematic preservation efforts must be undertaken to prevent deterioration and damage. He also instructed officials to ensure regular cleaning of the buildings' interiors, exteriors, and surrounding areas, as well as to address any other necessary tasks.

Subsequently, Vice-Senior General Soe Win, and party visited the Shwepyi Agricultural and Livestock Zone project, implemented by the Myanmar Economic Corporation. At the meeting hall within the zone, an official presented updates on the ongoing projects, including layer poultry farming, meat pig farming, piglet production, hybrid corn seed cultivation, animal feed production, and the installation of solar power systems for poultry farms. The status of the constructed facilities was also explained.

Following the briefing, the Vice-Senior General instructed the Myanmar Economic Holdings Public Company Limited and the Myanmar Economic Corporation to produce animal feed and distribute it at affordable prices to both upper and lower regions of Myanmar. He also directed that meat, fish, eggs, and other food products from the zones be sold at reasonable prices to military personnel, civil servants, and local residents, in line with the guidance of the Head of State. Additionally, he stressed the importance of biosecurity in livestock farming, urging strict measures from the initial construction phase to safeguard both the farms and the entire project area. Regarding animal feed production, he noted that since experts are already available, efforts should focus on developing successful feed formulations. For hybrid corn seed production, he emphasized ensuring reliable seed varieties for farmers and collaborating with specialists to develop multi-cropping-compatible seeds. He also called for solutions to meet the demand for livestock in the tens and hundreds of thousands across breeding zones, ensuring the supply of high-quality breeds and affordable animal feed. Furthermore, he instructed that windbreak trees be planted in three-row zigzag patterns along the zone's boundaries.

Later, Vice-Senior General Soe Win, and his entourage members inspected enclosed, climate-controlled pig farms (using Evaporated Auto Drinking and Auto Feeding Systems) and Lohmann Brown (Germany) layer poultry farms (operating under Evaporated Fully Automatic Systems) within the zone. They reviewed the operations, asked questions, and provided necessary instructions to the responsible officials. **100**

# Vice Chairman of State Administration Council Deputy Prime Minister Vice-Senior General Soe Win inspects Nyaunghnapin Special Agriculture and Livestock Breeding Zone, Shwepyi Agriculture and Livestock Zone Project in Yangon Region

NAY PYI TAW May 22

Vice Chairman of the State Administration Council Deputy Prime Minister Vice-Senior General Soe Win, accompanied by Yangon Region Chief Minister U Soe Thein, senior military officers from the Office of the Commander-in-Chief, the Yangon Region Command Commander, and other officials, inspected the Nyaunghnapin Special Agriculture Livestock Breeding Zone and the Shwepyi Agriculture and Livestock Breeding Zone Project in Yangon Region this morning.

First, the Vice-Senior General and party visited farms in the Nyaunghnapin Special Agriculture and Livestock Breeding Zone run by Sein Lan Agricultural Production and General Trading Cooperative Limited and Tun Organic Cooperative and inspected the cultivation of seasonal crops including green and white mustard, Yu Choy, Taiwan mustard, lettuce, roselle, turnip, laksa leaf, soap acacia, acacia intsia, coriander and others, the marketing of the vegetables and the use of foliar sprays and pesticides mixed with EM Bokashi made from plant waste materials and discussed interesting points.



Vice-Senior General Soe Win asks for more information about the products of a cooperative society at Nyaunghnapin Agriculture and Farming Special Zone.

The Nyaunghnapin Special Agriculture and Livestock Breeding Zone covers a total area of 9,106.47 acres, of which 7,458.57 acres are for agriculture and 242 members of Sein Lan Agricultural Production and General Trading Cooperative Limited are cultivating vegetables and seasonal crops on 140 acres while 108 members of Tun Organic Cooperative are cultivating similar crops on 60 acres. It was reported that 20 to 30 tons of vegetables and seasonal produce are distributed and sold to wholesale and retail markets within the region daily.

Next, the Vice-Senior General and party visited the Learning Center of the C.P. Group and inspected the high-tech pig farming operations utilizing an Evaporative Cooling System. The Vice-Senior General discussed detailed explanations presented by responsible officials and gave necessary instructions. The Learning Center operates 27 pig farms, with around 600 pigs per farm, totaling over 16,000 pigs. It was reported that this center plays a supportive role in meeting the regional demand for meat and fish on a daily basis.



Vice-Senior General Soe Win inspects an egg production workshop.

Then, the Vice-Senior General visited the Myanmar Green Light (MGL) Agricultural and Livestock Farm and inspected the integrated farming of layer chickens and fish, edible-nest swiftlet farming and cultivation of pomelo and durian and gave suggestions and directives as necessary. The MGL farm spans about 300 acres, with 13 poultry farms raising 20,000 chickens and 80,000 layer chickens, distributing over 58,000 eggs daily to both wholesale and retail markets in the area.

Subsequently, the Vice-Senior General and party visited the Nyaunghnapin Special Agriculture and Livestock Breeding Zone Hall and met with entrepreneurs operating within the zone and relevant departmental officials from Hmawbi Township. The Vice-Senior General heard reports on the management of agricultural and livestock enterprises in designated sub-zones, the formation of zone committees, the operations being carried out, and supply-ing vegetables, seasonal crops, meat, milk, and eggs to markets, the ongoing implementation of directives issued by the Head of State and the plans to continue developing the agricultural zone effectively submitted by the Yangon Region chief minister.

In his address regarding the presentations, the Vice-Senior General stated that the SAC is actively working to implement the country's political goals and national objectives. Furthermore, the Vice-Senior General noted that the second of the

See Page - 20►►

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# စိုက်ပျိုးရေးနှင့် မွေးမြူရေးဖွံ့ဖြိုးရေးကော်မရှင်၏ တတိယအကြိမ် အစည်းအဝေးကျင်းပ



**နေပြည်တော်  မေ  ၂၂**

စိုက်ပျိုးရေးနှင့် မွေးမြူရေး ဖွံ့ဖြိုးရေး ကော်မရှင်၏ တတိယအကြိမ် အစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီး ညိုစောက ယနေ့အစည်းအဝေး၌ မန္တလေး ငလျင်ကြီးကြောင့် စိုက်ပျိုးရေး၊ မွေးမြူရေး ကဏ္ဍများမှာ ထိခိုက်ပျက်စီးမှုများအပေါ် ပြန်လည်ဖြည့်ဆည်းဆောင်ရွက်မည့် အစီအစဉ်များ ဆွေးနွေးဆောင်ရွက်သွားရန် ဖြစ်ကြောင်း၊ အလားတူ ၂၀၂၅-၂၀၂၆ ခုနှစ် စိုက်ပျိုးရေး၊ မွေးမြူရေးလျာထားချက်များ ပြည့်မီရေးအတွက် လိုအပ်သည့်သွင်းအားစုများဖြည့်ဆည်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များနှင့် လက်ရှိသီးနှံများစိုက်ပျိုးသည့် ကာလအတွင်း နေပြည်တော်၊ တိုင်းဒေသကြီး ပြည်နယ်များအားလုံး၌ လျာထားချက် ပြည့်မီမှန်ကန်အောင် စိုက်ပျိုးနိုင်ရေး၊ ပန်းတိုင်အထွက်နှုန်းရရှိအောင်ဆောင်ရွက်နိုင်ရေးအတွက် အစီအမံများ၊ လိုအပ်ချက်များကို ကဏ္ဍအလိုက်၊ ဒေသအလိုက် ဆွေးနွေးတင်ပြသွားရန်ဖြစ်ပြီး ကော်မရှင်အနေဖြင့် လိုအပ်သော လမ်းညွှန်ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစည်းအဝေးအမှတ်စဉ်(၃/၂၀၂၄)တွင် နိုင်ငံတော်အကြီးအကဲက စိုက်ပျိုးရေးလုပ်ငန်းများတွင် တစ်ဧက ပန်းတိုင်ရည်မှန်းချက် ပြည့်မီအောင်ထွက်ရှိစေရေးနှင့် သီးထပ်စွမ်းအားများတိုးတက်လာစေရေး ဝိုင်းဝန်းကြပ်မတ် ဆောင်ရွက်ကြစေလိုကြောင်း လမ်းညွှန်မှာကြားခဲ့သည့်အတွက်ကော်မရှင်အဖွဲ့ဝင်များ၊ ပြည်နယ်/တိုင်းဒေသကြီး အစိုးရအဖွဲ့များမှ ကြပ်မတ်ဆောင်ရွက်ပြီး လိုအပ်ချက်ကို တင်ပြဖြည့်ဆည်းဆောင်ရွက်ပေးရန် လိုအပ်ပါကြောင်း။

စိုက်ပျိုးရေးလုပ်ငန်းတွင် ပန်းတိုင်ရည်မှန်းချက် ပြည့်မီမှုရှိစေရန်၊ ဆီထွက်သီးနှံများ အထွက်နှုန်းမြင့်မားစေရန်နှင့် သီးထပ်စွမ်းအားများ ရာနှုန်းပြည့်မီအောင် ဆောင်ရွက်နိုင်မည်ဆိုပါက ဝင်ငွေပိုမိုရရှိလာမည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့် ရေခံမြေခံကောင်းများနှင့် လုပ်အားအရင်းအမြစ်များရှိပြီးဖြစ်၍ ကုန်ထုတ်လုပ်မှုတိုးမြှင့်ဆောင်ရွက်ခြင်းဖြင့် နိုင်ငံ့စီးပွားရေးကို မြှင့်တင်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ဝယ်လိုအားနှင့် ရောင်းလိုအားမျှတဖူလုံစေရန်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

ငလျင်ဒဏ်ကြောင့်ထိခိုက်မှုဖြစ်ပေါ်ခဲ့သည့်ဒေသများတွင် စိုက်ပျိုးရေးလုပ်ငန်းများပြန်လည်ဆောင်ရွက်နိုင်ရေးကို တာဝန်ရှိသူများက ဆောင်ရွက်ပေးရန်လိုအပ်ကြောင်း၊ စိုက်ပျိုးရေလုံလောက်စွာရရှိရေးအတွက် နေရောင်ခြည်စွမ်းအင်သုံး မြစ်ရေတင်လုပ်ငန်းများဆောင်ရွက်ရန်လိုကြောင်း၊ ငလျင်ထိခိုက်မှုမရှိသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များအနေဖြင့် မွေးမြူရေးလုပ်ငန်းများကို ပိုမိုတိုးချဲ့ဆောင်ရွက်သွားရန် လိုကြောင်း။

**နိုင်ငံတော်အကြီးအကဲက မေလ ၂၀ ရက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် နယ်စပ်ဒေသများ၌ စည်းစနစ်ကျသည့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ ပြည်ထောင်စုဝန်ကြီးများအနေဖြင့် မိမိတို့၏တင်ပြချက်များသည် အချက်အလက်များမှန်ကန်မှုရှိရန်နှင့် မြေပြင်အချက်အလက်များနှင့် ကိုက်ညီမှုရှိရန်လိုအပ်ကြောင်း၊ အချက်အလက်များ မှန်ကန်မှုရှိမှသာလျှင် နောင်တွင်ဆက်လက်ဆောင်ရွက်ရမည့်လုပ်ငန်းရပ်များအတွက် မှန်ကန်သည့် ဆုံးဖြတ်ချက်များကို ချမှတ်နိုင်မည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေးကိုအခြေခံသည့် Agro-Base Industry ကို သွားနိုင်ရေးဆောင်ရွက်ရမည်ဖြစ်ပြီး ဥပမာအားဖြင့် ဝါစိုက်ပျိုးမှုကို အောင်မြင်အောင် ဆောင်ရွက်ပြီး ဝါကိုအခြေခံသည့် စက်မှုလုပ်ငန်းများကို အောင်မြင်အောင် ဆောင်ရွက်နိုင်ကြောင်း၊ ဝါမှ ချည်ထည် ၎င်းမှ ပိတ်စအထည်အလိပ်လုပ်ငန်းစဉ်တစ်ခုလုံး ဆောင်ရွက်၍ရကြောင်း၊ အလားတူ ဝါးကို အခြေခံသည့် စက်မှုလုပ်ငန်းများကိုလည်း ဆောင်ရွက်၍ရနိုင်ကြောင်း** လမ်းညွှန်ထားပါကြောင်း။

ကော်မရှင်အဖွဲ့ဝင်များ၊ ပြည်နယ်/တိုင်းဒေသကြီးအစိုးရအဖွဲ့များ၊ စိုက်ပျိုးမွေးမြူရေးနှင့်ပတ်သက်သည့် အဖွဲ့ချုပ်များ၊ လုပ်ငန်းရှင်များအနေဖြင့် လမ်းညွှန်မှာကြားချက်များကို အလေးထားလိုက်နာဆောင်ရွက်ပြီး လိုအပ်ချက်ကို ဆွေးနွေးပေးနိုင်ပါရန်နှင့် ကော်မရှင်အနေဖြင့် မိမိတို့နိုင်ငံနှင့် သင့်တော်သော နည်းလမ်းနှင့် စနစ်ကို လက်တွေ့ အကောင်အထည်ဖော်နိုင်ရေး ဦးတည်ပြီး ညှိနှိုင်းပေါင်းစပ်ဆုံးဖြတ်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် စိုက်ပျိုးရေးနှင့်မွေးမြူရေး ဖွံ့ဖြိုးရေးကော်မရှင်၏ ဒုတိယအကြိမ် အစည်းအဝေး လမ်းညွှန်ချက်များနှင့် ဆုံးဖြတ်ချက်များကို ကော်မရှင်အတွင်းရေးမှူးက ရှင်းလင်းတင်ပြပြီး ကော်မရှင်အဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် တိုင်းဒေသကြီး/ပြည်နယ်ဝန်ကြီးချုပ်များ၊ ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်(UMF-CCI)နှင့် ညီနောင်အသင်းများမှ တာဝန်ရှိသူများက သက်ဆိုင်ရာကဏ္ဍများအလိုက် ဆွေးနွေးတင်ပြကြပြီး စိုက်ပျိုးရေးနှင့် မွေးမြူရေး ဖွံ့ဖြိုးရေးကော်မရှင်ဥက္ကဋ္ဌက နိဂုံးချုပ်အမှာစကားပြောကြားခဲ့သည်။

အစည်းအဝေးသို့ စိုက်ပျိုးရေးနှင့်မွေးမြူရေးဖွံ့ဖြိုးရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီး ညိုစောနှင့် ကော်မရှင်အဖွဲ့ဝင်များ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များနှင့် အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI) မှ တာဝန်ရှိသူများက အွန်လိုင်းစနစ်ဖြင့် တက်ရောက်ကြကြောင်း သိရသည်။

မြဝတီ

# လူနာများ အရေးပေါ်လူနာဌာနသို့ရောက်ရှိချိန်မှစတင်ကာ ပြည်သူများစိတ်ချမ်းသာကိုယ်ကျန်းမာစွာဖြင့် ဆေးကုသမှုရရှိနိုင်ရေးမှာကြား



**နေပြည်တော်  မေ  ၂၂**

ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပါမောက္ခ ဒေါက်တာသက်ခိုင်ဝင်းသည် ရန်ကုန်တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူး ဒေါက်တာနန္ဒဝင်းနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ်ရှိ လေးထောင့်ကန်တိုက်နယ်ဆေးရုံနှင့် လေးထောင့်ကန်ကျေးလက်ကျန်းမာရေးဌာနတို့သို့သွားရောက်၍ ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ် လေးထောင့်ကန် ကျေးလက်ကျန်းမာရေးဌာနသို့ သွားရောက်ကြည့်ရှုပြီး ကျန်းမာရေးဝန်ထမ်းများနှင့် တွေ့ဆုံအားပေးစကားပြောကြားကာ ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများအတွက် နိုင်ငံတော်မှ ထောက်ပံ့ပေးထားသည့် ဆေးဝါးများ အသုံးပြုမှုအခြေအနေ၊ ကိုယ်ဝန်ဆောင်ကျန်းမာရေးစောင့်ရှောက်မှုအခြေအနေ၊ ကာကွယ်ဆေးထိုးနှံနေမှုအခြေအနေနှင့် ကျန်းမာရေးစောင့်ရှောက်မှုပေးနေသည့် အခြေအနေများကိုစစ်ဆေး၍ ဒေသန္တရကျန်းမာရေးဌာန (Urban Health Center-UHC) များကို မြို့ပေါ်၌ ဖွင့်လှစ်ထားရှိရာ ပြည်သူအားလုံးအကျုံးဝင်သည့် ကျန်းမာရေးစောင့်ရှောက်မှုကို အားဖြည့်နိုင်ရန်အတွက် ယခုအခါ အဆိုပါ UHC များ၏ လုပ်ငန်းများ ယခုထက်ပိုမိုတိုးမြှင့်ဆောင်ရွက်နိုင်ရေးနှင့် ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို စေတနာထားဆောင်ရွက်ရေးမှာကြားပြီး လိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ်ရှိ လေးထောင့်ကန်တိုက်နယ်ဆေးရုံသို့သွားရောက်၍ အရေးပေါ်လူနာကုသဆောင်၊ ပြင်ပလူနာဌာန၊ ခွဲစိတ်ခန်းနှင့် ဆေးရုံဝင်းအတွင်း ဆေးကုသရေးလုပ်ငန်းများဆောင်ရွက်မှုနှင့်ပတ်သက်၍ ကြည့်ရှုစစ်ဆေးပြီး ဆေးရုံလုပ်ငန်းများတိုးတက်စေရေးမှာကြားပြီး လူနာများအား အားပေးစကားပြောကြား၍ထောက်ပံ့ငွေများပေးအပ်ကာ တိုက်နယ်ဆေးရုံတာဝန်ခံဆရာဝန်၊ ကျန်းမာရေးဝန်ထမ်းများနှင့် တွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက လူနာများ အရေးပေါ်လူနာဌာနသို့ ရောက်ရှိချိန်မှစတင်ကာ ပြည်သူများစိတ်ချမ်းသာကိုယ်ကျန်းမာစွာဖြင့် ဆေးကုသမှုရရှိနိုင်ရေးတို့ကိုမှာကြားကာ လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

မြဝတီ

**(၂၂-၅-၂၀၂၅) ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး(Market Rate)**

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား(၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်းမှာ (၅,၇၄၀,၀၀၀)ကျပ်ဖြစ်သည်။

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး သတ်မှတ်ရေးကော်မတီ**

| မြို့ | အနိမ့်ဆုံး / အမြင့်ဆုံးအပူချိန် |
|---|---|
| နေပြည်တော် | ၂၄°c / ၃၄°c |
| ရန်ကုန် | ၂၆°c / ၃၅°c |
| မန္တလေး | ၂၆°c / ၃၅°c |

လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ

အဖိုးတန်ရေချိုကို ချွေတာကြပါစို့

# ကြက်ငှက်တုပ်ကွေးရောဂါက ကမ္ဘာ့ကပ်ရောဂါဖြစ်လာနိုင်ခြေနှင့်ပတ်သက်၍ ရုရှားထိပ်တန်းသုတေသနပညာရှင်သတိပေး

**မော်စကို၊ ကျန်းမာရေး**

H5N1 အမျိုးအစား ကြက်ငှက်တုပ်ကွေးရောဂါပိုးသည် ကြောင်များတွင်ပါ ကူးစက်ပျံ့နှံ့လာလျက်ရှိပြီး ထိုမှတစ်ဆင့် လူသားများသို့ ရောဂါပိုးကူးစက်ပျံ့နှံ့လာကြောင်း၊ အဆိုပါကြက်ငှက်တုပ်ကွေးရောဂါပိုးသည် ကမ္ဘာ့ကပ်ရောဂါအဖြစ်သို့ ပင်ရောက်ရှိလာနိုင်ကြောင်း ရုရှားနိုင်ငံ၏ ထိပ်တန်းသုတေသနဌာနဖြစ်သည့် ဂါမယ်လီယာသုတေသနဌာနမှူး အလက်ဇန်းဒါး ဂျင့်စဘာ့က သတိပေးထားသည်။

ထို့ကြောင့် တိရစ္ဆာန်များအချင်းချင်း သာမက လူသားများအချင်းချင်းကြားမှာ ပါကူးစက်ပျံ့နှံ့လာနိုင်သည့် ထိုရောဂါပိုးကိုကာကွယ်နိုင်ရေးအတွက် ကာကွယ်ဆေးကို အဆင့်တစ်နှင့်အဆင့်နှစ် လက်တွေ့စမ်းသပ်မှုများလုပ်ဆောင်ထားသင့်ကြောင်း ကမ္ဘာ့ပထမဆုံးကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး Sputnik V ကို မှတ်ပုံတင်နိုင်ခဲ့သည့် အဆိုပါသုတေသနဌာနက ထုတ်ပြန်ထားသည်။

H5N1 ရောဂါပိုး၏မျိုးရိုးဗီဇပြောင်းရောဂါပိုးက လေထဲမှတစ်ဆင့် လူအချင်းချင်းကူးစက်နိုင်စေကြောင်း၊ ထိုသို့ကူးစက်မှုကြောင့်ဖြစ်ပေါ်လာနိုင်သည့် အခြေအနေသည် ရေကျောက်ရောဂါဖြစ်ပွားမှုထက်ပိုမိုပြင်းထန်နိုင်ကြောင်း သုတေသနပညာရှင် ဂျင့်စဘာ့ကပြောသည်။

မေလအစောပိုင်းတွင် မာရီလန်းတက္ကသိုလ်မှသုတေသနပညာရှင်များက ဒေသတွင်းရှိကြောင်များတွင် ကြက်ငှက်တုပ်ကွေးရောဂါဖြစ်ပွားမှုပမာဏမြင့်တက်လာနေကြောင်း၊ နိုင်ငံပေါင်း ၁၈ နိုင်ငံမှ ကြောင်အကောင် ၆၀၀ တွင် ထိုရောဂါဖြစ်ပွားနေကြောင်းနှင့် သေဆုံးနိုင်ခြေမှာ ၅၀ ရာခိုင်နှုန်းရှိကြောင်းတွေ့ရသည်ဟု ပြောထားသည်။ ကြောင်များသည် ရောဂါပိုးကူးစက်ခံထားရသောကြက်ငှက်များ၊ မွေးမြူရေး ကြက်ဘဲအစိမ်းများ၊ ရောဂါကူးစက်ခံရသော ကျွဲ၊ နွားများ၏ နို့အစိမ်းများကိုစားသောက်ခြင်းတို့ကြောင့် ရောဂါကူးစက်ခြင်းဖြစ်သည်။ **Ref: RT**



# ကုလသမဂ္ဂ၏ထောက်ပံ့ရေးပစ္စည်းများပါ ကုန်တင်ယာဉ် အစီး ၉၀ ဂါဇာဒေသသို့စတင်ဝင်ရောက်

**ဂျေရုဆလင်၊ ထောက်ပံ့ရေး**



ကုလသမဂ္ဂ၏စီစဉ်မှုဖြင့် ထောက်ပံ့ရေးပစ္စည်းများတင်ဆောင်လာသည့် ကုန်တင်ယာဉ်အစီး ၉၀ သည် ဂါဇာနယ်စပ်၌ သုံးရက်ကြာစောင့်ဆိုင်းနေရပြီးနောက် မေလ ၂၁ ရက်ညပိုင်းတွင် ဂါဇာဒေသသို့ စတင်ဝင်ရောက်ခွင့်ရရှိနေပြီဖြစ်ကြောင်း သိရသည်။

အဆိုပါလူသားချင်းစာနာမှုဆိုင်ရာ ထောက်ပံ့ရေးပစ္စည်းများတွင် ဂျုံများ၊ ကလေးများအတွက် အစားအသောက်များ၊ ကျန်းမာရေးသုံးပစ္စည်းများပါဝင်ပြီး ယခုအခါထိုထောက်ပံ့ရေးပစ္စည်းများသည် ဖြန့်ဖြူးရေးဂိုဒေါင်များထဲသို့ ရောက်ရှိနေပြီဖြစ်ကြောင်း တာဝန်ရှိသူများက ပြောသည်။

အစ္စရေးအစိုးရက ဂါဇာဒေသအပေါ် သီတင်းပတ် ၁၁ ပတ်ကြာပိတ်ဆို့ထားမှုကိုဖြေလျှော့ပေးလိုက်ပြီးနောက် ပထမဆုံးအနေဖြင့် အဆိုပါထောက်ပံ့ရေးပစ္စည်းများဝင်ရောက်လာခြင်းဖြစ်သည်။

လူပေါင်း ၂ သန်းကျော်ရှိသည့် ဂါဇာဒေသ၌ အစ္စရေး၏ပိတ်ဆို့မှုများကြောင့် ပြည်သူများမှာ ကြီးစွာသောအငတ်ဘေးနှင့်ရင်ဆိုင်နေရကြောင်း လူသားချင်းစာနာမှုဆိုင်ရာအဖွဲ့အစည်းများက သတိပေးပြီးနောက် ယခုကဲ့သို့ထောက်ပံ့ရေးပစ္စည်းများရောက်ရှိလာခြင်းဖြစ်သည်။ **Ref: TOI**

# ဝါရှင်တန်ပစ်ခတ်မှုတွင် အစ္စရေးသံရုံးဝန်ထမ်းနှစ်ဦးသေဆုံး

**ဝါရှင်တန်၊ ပြည်တွင်းရေး**

အမေရိကန်ပြည်ထောင်စု ဝါရှင်တန်မြို့၌ မေလ ၂၁ ရက်ညပိုင်းတွင်ဖြစ်ပွားသောပစ်ခတ်မှုတစ်ခုအတွင်း အစ္စရေးသံရုံးဝန်ထမ်းနှစ်ဦးသေဆုံးသွားကြောင်းနှင့် ပစ်ခတ်သူကိုဖမ်းဆီးထိန်းသိမ်းထားကြောင်း တာဝန်ရှိသူများကပြောသည်။

အဆိုပါပစ်ခတ်မှုဖြစ်စဉ်သည် ဝါရှင်တန်မြို့ရှိ ဂျူးပြတိုက်အနီး၌ဖြစ်ပွားခြင်းဖြစ်ကြောင်း၊ ပစ်ခတ်ခံရသူနှစ်ဦးသည် လက်ထပ်ခါနီးစုံတွဲတစ်တွဲဖြစ်ကြောင်း အမေရိကန်နိုင်ငံဆိုင်ရာ အစ္စရေးသံအမတ်ကြီးကပြောသည်။

ထိုစုံတွဲကိုပစ်ခတ်သူသည် အသက် ၃၀ ရှိ အီးလီယက်ရိုဒရီဂက်ဖြစ်ပြီး ၎င်းသည် ပြတိုက်အပြင်ဘက်တွင် ပစ်ခတ်ခံရမည့်သူများအနီးသို့ချဉ်းကပ်လာကာ ပစ္စတိုကိုထုတ်၍ ပစ်ခတ်လိုက်ခြင်းဖြစ်ကြောင်း၊ ပြစ်မှုကျူးလွန်သူသည် အဖမ်းခံရစဉ် ပါလက်စတိုင်းလွတ်လပ်ရေးကိုကြွေးကြော်သွားကြောင်းသိရသည်။ **Ref: AGC**

## သတင်းတိုကဏ္ဍ

### အရှေ့တရုတ်ပင်လယ်အတွင်း ပြည်ပရေတပ်တစ်ခုနှင့် ထိတွေ့မှုများရှိဟု တရုတ်တပ်မတော်ထုတ်ပြန်

အရှေ့တရုတ်ပင်လယ်အတွင်း ပြည်ပရေတပ်တစ်ခုနှင့် ထိတွေ့မှုများရှိသည်ဟု တရုတ်တပ်မတော်က ထုတ်ပြန်သည်။ ထိုထိတွေ့မှုများတွင် ရဟတ်ယာဉ်နှစ်စင်းမှာ တစ်စင်းနှင့်တစ်စင်း ၁၀ မီတာအကွာမှ ပျံသန်းရသည့်ဖြစ်စဉ်ပါဝင်ကြောင်း ထုတ်ပြန်ချက်တွင်ဖော်ပြထားသည်။

ပြည်ပတပ်ဖွဲ့နှင့်ထိတွေ့မှုသည် ၁၀ ရက်တာကာလအတွင်း အကြိမ်ရေ ၁၁ ကြိမ်အထိဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း CCTV သတင်းဌာနက မေလ ၂၁ ရက်တွင် ဖော်ပြထားသည်။

အဆိုပါထုတ်ပြန်ချက်တွင် ထိတွေ့မှုဖြစ်ပွားသည့်နေရာနှင့်အချိန်တို့ကို တိတိကျကျဖော်ပြထားခြင်းမရှိသည့်အပြင် ပြည်ပတပ်ဖွဲ့ဆိုသည်မှာလည်း မည်သည့်တပ်ဖွဲ့ဖြစ်သည်ကို ဖော်ပြထားခြင်းမရှိကြောင်း သတင်းဌာနကပြောသည်။

ဖြစ်စဉ်တစ်ခုတွင် တရုတ်ကြည်းတပ်၏လေတပ်မှရဟတ်ယာဉ်တစ်စင်းသည် အမိန့်အရ စစ်ဆင်ရေးတာဝန်ထမ်းဆောင်စဉ် ပြည်ပနိုင်ငံ၏ရဟတ်ယာဉ်တစ်စင်းကိုမြင်တွေ့ခဲ့ရသည်ဟု ရဟတ်ယာဉ်မှူးကပြောကြောင်းသိရသည်။ **Ref: SCMP**

### ဂါဇာစစ်ပွဲအဆုံးသတ်ရေးအတွက် အခြေအနေများကို နေတန်ယာဟုထုတ်ဖော်ပြောလာ

အစ္စရေးဝန်ကြီးချုပ် နေတန်ယာဟုက ဂါဇာကမ်းမြောင်ဒေသတွင်ဖြစ်ပွားနေသောစစ်ပွဲ အဆုံးသတ်ရေးအတွက် လိုအပ်သည့်အခြေအနေများကို ထုတ်ဖော်ပြောဆိုလာကြောင်းသိရသည်။

ထိုအခြေအနေများတွင် ဟားမတ်တို့ဖမ်းဆီးထားသည့် ဓားစာခံများအားလုံးကိုပြန်လွှတ်ပေးရေး၊ ဂါဇာဒေသကို စစ်ပုံဖော်နေမှုရပ်တန့်ရေးနှင့် ဟားမတ်အဖွဲ့ခေါင်းဆောင်ကို ထိုဒေသမှနှင်ထုတ်ရေးတို့ပါဝင်ကြောင်းနှင့် ယင်းအချက်များအားလုံးသည် အစ္စရေးနိုင်ငံ၏လုံခြုံရေးကိုအာမခံနိုင်မည့်အချက်များပင်ဖြစ်ကြောင်း နေတန်ယာဟုကပြောသည်။

ထို့ပြင် ဂါဇာဒေသခံများအနေဖြင့် ထိုဒေသမှထွက်ခွာလိုပါက ထွက်ခွာခွင့်ရရှိမည်ဖြစ်ကြောင်း၊ အစ္စရေးအနေဖြင့် အဆိုပါရည်မှန်းချက်များကို မရရှိသေးသမျှကာလပတ်လုံး ကမ္ဘာ့နိုင်ငံများက အစ္စရေး၏လုပ်ဆောင်ချက်များကို ရပ်တန့်ရန်ဆိုလာခြင်းက ဟားမတ်အဖွဲ့ကိုအားပေးရာရောက်ကြောင်း အစ္စရေးဝန်ကြီးချုပ်က ပြောထားသည်ဟုသိရသည်။

**Ref: Sputnik**

### မြောက်ကိုရီးယားက အနိမ့်ပျံဒုံးကျည်အများအပြားကို အရှေ့ပင်လယ်အတွင်းသို့ပစ်လွှတ်

မြောက်ကိုရီးယားနိုင်ငံက အရှေ့ပင်လယ်အတွင်းသို့ အနိမ့်ပျံဒုံးကျည်အများအပြားကို မေလ ၂၂ ရက်တွင်ပစ်လွှတ်လိုက်ကြောင်း တောင်ကိုရီးယားစစ်ဘက်ကပြောသည်။

မြောက်ကိုရီးယားစစ်ဘက်က ထိုဒုံးကျည်များပစ်ခတ်မှုကို နံနက်ပိုင်းတွင် လုပ်ဆောင်ခြင်းဖြစ်ကြောင်း တောင်ကိုရီးယား ပူးတွဲစစ်ဦးစီးချုပ်များရုံးက ထုတ်ပြန်ထားသည်။

မြောက်ကိုရီးယားနိုင်ငံသည် မေလ ၈ ရက်တွင် အရှေ့တရုတ်ပင်လယ်အတွင်းသို့ တာတိုပစ်အမြင့်ပျံဒုံးကျည်များစွာကိုပစ်လွှတ်ပြီးနောက် ယခုပစ်ခတ်မှုကို လုပ်ဆောင်ခြင်းဖြစ်သည်။

မြောက်ကိုရီးယားရေတပ်က စစ်ရေယာဉ်အသစ်တစ်စင်းကိုရေချစဉ် ထိုစစ်ရေယာဉ်အက်ကွဲပြီး နောက်တစ်နေ့တွင် ယခုဒုံးကျည်များကိုပစ်လွှတ်ခြင်းဖြစ်ပြီး စစ်ရေယာဉ်အက်ကွဲမှုဖြစ်စဉ်ကို သည်းမခံနိုင်ကြောင်း မြောက်ကိုရီးယားခေါင်းဆောင်ကပြောထားသည်။ **Ref: Yonhap**

### ဆန်ဒီယေဂိုမြို့၌ လေယာဉ်တစ်စင်းပျက်ကျ နေအိမ် ၁၅ လုံးမီးလောင်

အမေရိကန်ပြည်ထောင်စုရှိ ဆန်ဒီယေဂိုမြို့၌ မေလ ၂၂ ရက်နံနက်ပိုင်းတွင် လေယာဉ်ငယ်တစ်စင်း ပျက်ကျမှုဖြစ်ပွားရာ နေအိမ် ၁၅ လုံးနှင့် မော်တော်ယာဉ်များ မီးလောင်ပျက်စီးသွားကြောင်းနှင့် ရပ်ကွက်လမ်းများရှိပြည်သူများကိုဘေးလွတ်ရာသို့ရွှေ့ပြောင်းပေးလိုက်ရကြောင်း တာဝန်ရှိသူများကပြောသည်။

လက်ရှိအချိန်အထိ သေဆုံးသူအရေအတွက်ကိုမသိရသေးကြောင်း၊ ကယ်ဆယ်ရေးအဖွဲ့၏အဓိကဦးတည်ချက်မှာ နေအိမ်များတွင်ပိတ်မိနေသူများကိုကယ်ဆယ်ရန်နှင့် လူတိုင်းကိုဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးရန်ဖြစ်ကြောင်း မီးသတ်ဦးစီးဌာနမှတာဝန်ရှိသူတစ်ဦးက သတင်းစာရှင်းလင်းပွဲတွင်ပြောသည်။

ပျက်ကျမှုဖြစ်ပွားသည့်လေယာဉ်မှာ Cessna 550 အမျိုးအစားဖြစ်ကြောင်း၊ ယင်းလေယာဉ်တွင် လူခြောက်ဦးမှ ရှစ်ဦးအထိလိုက်ပါနိုင်ကြောင်း၊ သို့သော် ယခုပျက်ကျမှုဖြစ်ပွားသည့်လေယာဉ်၌ လူဦးရေမည်မျှ လိုက်ပါလာသည်ကို မသိရသေးကြောင်း တာဝန်ရှိသူများက ပြောထားသည်။ **Ref: SCMP**



ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း ကျောင်းသား၊ ကျောင်းသူများ ကျောင်းအပ်နှံနေမှုများကို ကြည့်ရှုအားပေးစဉ်။



နေပြည်တော်ကောင်စီနယ်မြေ၌ ကျောင်းသား၊ ကျောင်းသူများအား ကျောင်းအပ်နှံခြင်းစတင်လက်ခံဆောင်ရွက်စဉ်။



ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်း ကျောင်းသား၊ ကျောင်းသူများ ကျောင်းအပ်နှံနေမှုများကို ကြည့်ရှုအားပေးစဉ်။



ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင် ကျောင်းသား၊ ကျောင်းသူများ ကျောင်းအပ်နှံနေမှုများကို ကြည့်ရှုအားပေးစဉ်။

❍ ကျောဖုံးမှအဆက်

အခြေခံပညာကျောင်းအသီးသီး၌ ကျောင်းအပ်လက်ခံခြင်းများကို ယနေ့နံနက်ပိုင်းမှ စတင်ဆောင်ရွက်လျက်ရှိသည်။

ယင်းသို့ဆောင်ရွက်ရာတွင် တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ အခြေခံပညာကျောင်းများအလိုက် ကျောင်းအုပ်ကြီးများ၊ ကျောင်းအုပ်ချုပ်မှုတာဝန်ခံများနှင့် ဆရာ၊ ဆရာမများက ကျောင်းလာရောက်အပ်နှံသူ မိဘအုပ်ထိန်းသူများနှင့် ကျောင်းသား၊ ကျောင်းသူများ အဆင်ပြေချောမွေ့စွာ ကျောင်းအပ်နှံနိုင်ရေး ဆောင်ရွက်ပေးကြပြီး ကျောင်းသား၊ ကျောင်းသူများအတွက် ပညာရေးဝန်ကြီးဌာနမှ အခမဲ့ပေးအပ်သည့်

စာမျက်နှာ ၂၅ သို့ ❍



ကယားပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင် ကျောင်းသား၊ ကျောင်းသူများအား ကျောင်းသုံးပစ္စည်းများပေးအပ်စဉ်။



ရန်ကုန်တိုင်းဒေသကြီး၌ ကျောင်းသား၊ ကျောင်းသူများအား ကျောင်းအပ်နှံခြင်းစတင်လက်ခံဆောင်ရွက်စဉ်။



ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦး ကျောင်းသား၊ ကျောင်းသူများ ကျောင်းအပ်နှံနေမှုများကို ကြည့်ရှုအားပေးစဉ်။



မန္တလေးတိုင်းဒေသကြီး၌ ကျောင်းသား၊ ကျောင်းသူများအား ကျောင်းအပ်နှံခြင်းစတင်လက်ခံဆောင်ရွက်စဉ်။



အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မျိုးမင်းထွန်း ၂၀၂၅-၂၀၂၆ ပညာသင်နှစ် ကျောင်းအပ်နှံရေးဆိုင်းဘုတ်အား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။



အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ကိုထိုက် ကျောင်းသား၊ ကျောင်းသူများ ကျောင်းအပ်နှံနေမှုများကို ကြည့်ရှုအားပေးစဉ်။

❍ **စာမျက်နှာ ၂၄ မှအဆက်**

ကျောင်းသုံးစာအုပ်များ၊ စာရေးကိရိယာများနှင့်ကျောင်းဝတ်စုံများကို ကျောင်းသား၊ ကျောင်းသူများအား တစ်ပါတည်းပေးအပ်ကြသည်။

ကျောင်းအပ်နှံရေးသီတင်းပတ်၏ ပထမဆုံးနေ့ဖြစ်သည့် ယနေ့တွင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ အခြေခံပညာကျောင်းများ၊ ကိုယ်ပိုင်ကျောင်းများနှင့် ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများသို့ ကျောင်းလာရောက်အပ်နှံသည့် ကျောင်းသား၊ ကျောင်းသူဦးရေ ၁၂၄၈၁၂၃ ဦးရှိပြီး စာသင်ကျောင်းများနှင့် ကျောင်းအပ်နှံမှု လက်ခံဆောင်ရွက်လျက်ရှိသည့် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် မိဘအုပ်ထိန်းသူများ၏ လုံခြုံရေးအတွက် သက်ဆိုင်ရာလုံခြုံရေးတာဝန်ရှိသူများနှင့် တာဝန်သိပြည်သူများက ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရှိရသည်။

ထိုကဲ့သို့ အခြေခံပညာကျောင်းများတွင် ကျောင်းအပ်နှံနေမှုများကို ပြည်နယ်နှင့် တိုင်းဒေသကြီးအသီးသီးမှ ဝန်ကြီးချုပ်များ၊ တိုင်းစစ်ဌာနချုပ်အသီးသီးမှ တိုင်းမှူးများနှင့်တာဝန်ရှိသူများ၊ ပညာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးကြပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကြကြောင်း သတင်းရရှိသည်။ (၁၀၀)

အနောက်တောင်တိုင်းစစ်ဌာနချုပ်၌ ကျောင်းသား၊ ကျောင်းသူများအား ကျောင်းအပ်နှံမှု စတင်ဆောင်ရွက်စဉ်။



# အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား လစဉ်ကျန်းမာရေးစောင့်ရှောက်မှုဆောင်ရွက်ပေး




**ပဲခူး မေ ၂၂**

ပဲခူးမြို့ ခုတင်- ၅၀၀ ဆံ့ အထွေထွေရောဂါကု ပြည်သူ့ဆေးရုံကြီး၌ ယမန်နေ့နံနက်ပိုင်းက ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ဦးဆောင်မှုဖြင့် အကြိမ်(၃၀) မြောက် အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား လစဉ်ကျန်းမာရေးစောင့်ရှောက်မှုဆောင်ရွက်ပေးကြသည်။

ထိုသို့ အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား ကျန်းမာရေးစောင့်ရှောက်ပေးနေမှုကို ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်လူမှုရေးရာဝန်ကြီး ဦးမျိုးအောင်နှင့် အစိုးရအဖွဲ့တာဝန်ရှိသူများသည် ပဲခူးတိုင်းဒေသကြီးပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူး ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာဇော်မင်းထွန်း၊ ဆေးရုံအုပ်ကြီး ဒေါက်တာဇော်လွင်တို့နှင့်အတူ ပဲခူးမြို့ ခုတင်-၅၀၀ ဆံ့ အထွေထွေရောဂါကု ဆေးရုံကြီးတွင် ကျန်းမာရေးစောင့်ရှောက်မှု လာရောက်ခံယူကြသည့် အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား ကျန်းမာရေးဝန်ထမ်းများက စမ်းသပ်စစ်ဆေးကုသပေးနေမှု၊ ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ပရဟိတအဖွဲ့အစည်းများက ပူးပေါင်းပါဝင် ကူညီဆောင်ရွက်ပေးနေမှုနှင့် ရေသန့်နှင့် ကော်ဖီများ အခမဲ့တိုက်ကျွေးနေမှုတို့ကို လိုက်လံကြည့်ရှုသည်။ ထို့နောက်တာဝန်ရှိသူများက ကျန်းမာရေးစောင့်ရှောက်မှု လာရောက်ခံယူကြသည့် အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား အားပေးစကားပြောကြားကာ အငြိမ်းစား နိုင်ငံ့ဝန်ထမ်းများအား စဉ်ဆက်မပြတ်ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရေးနှင့် ဆေးဝါးလိုအပ်ချက်မရှိစေရေး ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ပဲခူးတိုင်းဒေသကြီးအတွင်းရှိဌာနဆိုင်ရာလုပ်ငန်းနယ်ပယ်အသီးသီးတွင် တာဝန်ထမ်းဆောင်ခဲ့ကြသည့် နိုင်ငံ့ဝန်ထမ်းများ အနေဖြင့်အငြိမ်းစားယူပြီး ကျန်းမာပျော်ရွှင်အသက်ရှည်စွာနေထိုင်နိုင်ရေးအတွက် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ စီစဉ်မှုဖြင့် လစဉ် တိုင်းဒေသကြီးအတွင်း မြို့နယ် ၂၈ မြို့နယ်ရှိ ပြည်သူ့ဆေးရုံကြီးများ၌ ကျန်းမာရေးစောင့်ရှောက်မှု စစ်ဆေးပေးခြင်း၊ လူနာတစ်ဦးလျှင် အခမဲ့ဆေးဝါးတစ်လစာလစဉ်ပံ့ပိုးပေးခြင်း၊ ကာကွယ်ဆေးထိုးပေးခြင်း၊ အခြေခံစားသုံးကုန်များအား သက်သာသောနှုန်းထားဖြင့် ရောင်းချပေးခြင်းတို့ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ **(၄၀၁)၊ တင်စိုး(ပဲခူး)**

# မုံရွာမြို့နယ်၌ နေကြာ ၇၈၄၃ ဧကရိတ်သိမ်းပြီးစီး တစ်ဧကလျှင် ၂၄ ဒသမ ၅၃ တင်းထွက်ရှိ

**မုံရွာ မေ ၂၂**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ်၌ ဆောင်းသီးနှံစိုက်ပျိုးရာသီတွင်နေကြာသီးနှံ ၇၈၄၃ ဧကအထိ စိုက်ပျိုးနိုင်ခဲ့ကြောင်းနှင့် အဆိုပါစိုက်ပျိုးထားသော နေကြာစိုက်ခင်းများကိုရိတ်သိမ်းကြရာ မေလ ၂၁ ရက်တွင် ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီးနေပြီး တစ်ဧကလျှင် ၂၄ ဒသမ ၅၃ တင်းထွက်ရှိကြောင်း မုံရွာမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှစာရင်းများအရ သိရသည်။

"မုံရွာမြို့နယ် ဆောင်းသီးနှံစိုက်ပျိုးချိန်မှာ နေကြာသီးနှံ ၇၈၄၃ ဧကအထိ စိုက်ပျိုးထားပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့ နေကြာခင်းတွေ အခုလက်ရှိအချိန်မှာတော့ ဧကအားလုံးရာနှုန်းပြည့်ရိတ်သိမ်းပြီးစီးနေပြီဖြစ်ပါတယ်။ လျာထားဧကထက် တိုးပြီးစိုက်နိုင်တယ်။ ပြည်ပမှတင်သွင်းတဲ့ စားအုန်းဆီကို လျှော့ချနိုင်ရန်အတွက် ဆီထွက်သီးနှံဖြစ်တဲ့နေကြာကို တိုးချဲ့စိုက်ပျိုးရေးဆောင်ရွက်ပေးတယ်။ ဆီထွက်သီးနှံဖြစ်တဲ့နေကြာဟာ တစ်ဧကဆီထွက်ရှိမှုက ကျန်တဲ့ မြေပဲ၊ နှမ်းတွေထက်များတယ်။ နေကြာကို ဆောင်းမှာပဲ စိုက်ကြတာပါ"ဟု မုံရွာမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးစိုးသက်အောင်က ပြောသည်။

မုံရွာမြို့နယ်၌ နေကြာသီးနှံတိုးချဲ့စိုက်ပျိုးနိုင်ရေးအတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ပညာပေးသင်တန်းများ အရှိန်မြှင့်တင်ဆောင်ရွက်ခြင်း၊ ဝန်ထမ်းနှင့်နေကြာစိုက်ပျိုးမည့် တောင်သူများ စွမ်းဆောင်ရည်မြင့်မားရေးအတွက် ပညာပေးသင်တန်းများကို အရှိန်မြှင့်ဆောင်ရွက်ပေးကြသည်။

အဆိုပါ မုံရွာမြို့နယ်၌ အထွက်နှုန်းကောင်းသည့် ဆီထွက်သီးနှံများ ယခင်ကထက် ပိုမိုစိုက်ပျိုးခြင်းအားဖြင့် ဒေသတွင်းစားသုံးဆီ ဖူလုံလာမည်ဖြစ်သကဲ့သို့ ဆီဈေးနှုန်း တည်ငြိမ်ကျဆင်းစေမည်ဖြစ်ပြီး ဒေသခံတောင်သူများနှင့် ဆက်စပ်လုပ်ငန်းလုပ်ကိုင်သူများ၏ လူမှုစီးပွားဘဝများ ပိုမိုတိုးတက်လာမည်ဖြစ်ကြောင်း သိရသည်။

(၄၀၉)

# ပေါင်မြို့နယ်၌ ဘာသာရပ်စွမ်းရည်မြှင့်သင်တန်းဆင်း

**ပေါင် မေ ၂၂**

မွန်ပြည်နယ် ပေါင်မြို့နယ် အခြေခံပညာအထက်တန်းကျောင်း(ပေါင်)၌ ၂၀၂၅-၂၀၂၆ ပညာသင်နှစ် အခြေခံပညာ အလယ်တန်းနှင့် မူလတန်းအဆင့် ဘာသာရပ်စွမ်းရည်မြှင့်သင်တန်းဆင်းပွဲကို မေလ ၂၁ ရက်တွင် ကျင်းပသည်။

အဆိုပါသင်တန်းကို ပေါင်မြို့နယ်အတွင်းရှိအလယ်တန်းနှင့် မူလတန်းအဆင့် ဆရာ၊ ဆရာမများအနေဖြင့် ဘာသာရပ်အလိုက် သင်ကြားမှုစွမ်းရည်၊ သင်ကြားမှုနည်းစနစ်များ ပိုမိုကျွမ်းကျင်လာစေရန်နှင့် သတ်မှတ်ထားသော စံညွှန်းများတတ်ကျွမ်းနားလည်စေရန်ရည်ရွယ်၍ မေလ ၁၈ ရက်မှ ၂၀ ရက်ထိ သုံးရက်ကြာ ဖွင့်လှစ်ပို့ချပေးခြင်းဖြစ်သည်။

ယင်းသင်တန်းတွင် အလယ်တန်းအဆင့် သင်တန်းနည်းပြ ရှစ်ဦးမှ သင်တန်းသား၊ သင်တန်းသူ ၁၁၉ ဦးအား မြန်မာစာ၊ အင်္ဂလိပ်စာ၊ ပထဝီ၊ သမိုင်း၊ သိပ္ပံဘာသာရပ်များအားလည်းကောင်း၊ မူလတန်းအဆင့် သင်တန်းနည်းပြ ၃၂ ဦးမှ သင်တန်းသား၊ သင်တန်းသူ ၄၉၄ ဦးအား KG တန်းမှ Grade-4 အထိ သင်ရိုးညွှန်းတမ်း ဘာသာရပ်များအားလည်းကောင်း စာတွေ့လက်တွေ့သင်ကြားဆွေးနွေး ကြကြောင်း သိရသည်။

(၄၀၆)

# နေပြည်တော်ကောင်စီနယ်မြေ၌ ငလျင်ဘေး ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိ




နေပြည်တော်  မေ  ၂၂

နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးသည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီဝင်များ၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဒုတိယမြို့တော်ဝန်နှင့် ကော်မတီဝင်များနှင့်အတူ သပြေကုန်းဈေးရှေ့ ပိတောက်လမ်းမကြီးသို့ သွားရောက်ပြီး လမ်းဘေးရေနုတ်မြောင်းများ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် သပြေကုန်းဈေးအတွင်း ဈေးရုံအဆောက်အအုံ ထိခိုက်ပျက်စီးမှုများအား ကြည့်ရှုစစ်ဆေးပြီး ပျက်စီးမှုများ အမြန်ဆုံးဖယ်ရှားရှင်းလင်းနိုင်ရေး၊ လုပ်ငန်းများ အပိုင်းလိုက် အမြန်ဆုံးပြီးစီးအောင်ဆောင်ရွက်ရေး၊ ဈေးအတွင်း သန့်ရှင်းသပ်ရပ်စေရေးနှင့် အမှိုက်များစနစ်တကျစွန့်ပစ်စေရေး၊ ဈေးများပုံမှန်အတိုင်း အမြန်ဆုံးလည်ပတ်ရောင်းချနိုင်ရေးတို့ကို မှာကြားသည်။

ယင်းနောက် နေပြည်တော်စည်ပင်သာယာရေးကော်မတီ မြို့တော်ခန်းမဝင်းအတွင်း ငလျင်ဘေးသင့်ဝန်ထမ်းများ နေထိုင်နိုင်ရန်အတွက် Container House များတပ်ဆင်ဆောင်ရွက်နေမှု၊ ငလျင်ဘေးကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ဇမ္ဗူသီရိမြို့နယ် သဇင်၅ အဆောင်များနှင့် ဥဒဏ်သိဒ္ဓိရပ်ကွက် တိုက်အမှတ် ၃၁၀၃ တို့ကို ပြန်လည်ပြုပြင်နေမှုကိုသွားရောက်ကြည့်ရှုစစ်ဆေးပြီး အမြန်ပြန်လည်ပြုပြင်နိုင်ရေး၊ လုပ်သားအင်အား တိုးမြှင့်ဆောင်ရွက်ရေး၊ ရေရှည်ခိုင်ခံ့မှုရှိအောင် သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ ပြုပြင်ရေးတို့ကို မှာကြားသည်။

ယင်းနောက် ဥတ္တရသီရိမြို့နယ် ဇမ္ဗူဒီပရပ်ကွက် ရာဇသင်္ဂဟအိမ်ရာ ၁ ဝင်းအတွင်း ငလျင်ဘေးဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ပင်မရေပိုက်လိုင်းများနှင့် ရေပေးဝေရေးပိုက်လိုင်းများ ပြန်လည်ပြုပြင်နေမှု၊ ရာဇဌာနီလမ်းမကြီး ငလျင်ဘေးကြောင့် ထိခိုက်ပျက်စီးခဲ့မှုများ ပြန်လည်ပြုပြင်ဆောင်ရွက်နေမှုနှင့် နိုင်လွန်ကတ္တရာလမ်း (AC)ခင်းကျင်းဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး ရင်ပြင်တော်၊ ပစ္စယာနှင့်ပရိဝုဏ်များ ပြန်လည်ပြုပြင်မွမ်းမံရေးလုပ်ငန်းများ၊ Cement grouting ဆောင်ရွက်နေမှု၊ Backhoe breaker များဖြင့် Soil stabilization ဆောင်ရွက်နေမှုနှင့် မူလရင်ပြင်တော်ကြမ်းခင်း ပြန်လည်ပြုပြင်ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

မြဝတီ

## လှူဒါန်းနိုင်ရန်နှိုးဆော်ချက်

၂၈.၃.၂၀၂၅ ရက်နေ့တွင် လှုပ်ခတ်ခဲ့သော အင်အားပြင်းငလျင်ကြောင့် မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် နေပြည်တော်ကောင်စီနယ်မြေတို့တွင် ရှေးဟောင်းစေတီ၊ ပုထိုး၊ ဂူဘုရားနှင့် ယဉ်ကျေးမှုအမွေအနှစ်အဆောက်အအုံ (၁၇၈၁) ဆူနှင့် ဘုရားစေတီ၊ သာသနိကအဆောက်အအုံ (၄၉၉၈) ခု စုစုပေါင်း (၆၇၇၉)ဆူ ထိခိုက်ပျက်စီးခဲ့ပါသည်။ ပြန်လည်ပြုပြင်မွမ်းမံရန်အတွက် ဘုရား၊ စေတီတစ်ဆူလုံးကိုဖြစ်စေ သဒ္ဓါတရားနည်းများမဆို ပါဝင်လှူဒါန်းနိုင်ပါကြောင်းနှင့် စေတီ၊ ဘုရားများပြုပြင်ရန် လှူဒါန်းလိုပါက နေပြည်တော်တွင် ဦးထွန်းမြင့်အောင်၊ ညွှန်ကြားရေးမှူး၊ နေပြည်တော်သာသနာရေးမှူးရုံး၊ ဖုန်း-၀၆၇ ၃၅၅၀၁၈၃၊ ၀၉၄၂၀၇၀၁၄၆၉ နှင့် ဒေါ်နီလာအေး၊ ဒုတိယညွှန်ကြားရေးမှူး၊ ဖုန်း - ၀၉၄၂၀၇၁၄၇၆၀ တို့သို့လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီးတွင် ဦးဖြိုးဇော်ဇော်၊ ညွှန်ကြားရေးမှူး၊ မန္တလေးတိုင်းဒေသကြီး သာသနာရေးမှူးရုံး၊ ဖုန်း-၀၉၄၂၁၂၂၂၂၅၁ နှင့် ဒေါ်မျိုးပပကျော်၊ လက်ထောက်ညွှန်ကြားရေးမှူး၊ ဖုန်း-၀၉၄၂၀၇၀၀၇၉၀ တို့သို့လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးတွင် ဦးဇော်ဦး၊ ညွှန်ကြားရေးမှူး၊ ရန်ကုန်တိုင်းဒေသကြီး သာသနာရေးမှူးရုံး၊ ဖုန်း-၀၉၂၀၃၈၅၆၃ နှင့်ဒေါက်တာဝတ်ရည်ဝင်းသန့်၊ ဒုတိယညွှန်ကြားရေးမှူး၊ ဖုန်း-၀၉၅၁၉၄၀၈၂ တို့သို့လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီးတွင် ဦးလှမင်းနိုင်၊ လက်ထောက်ညွှန်ကြားရေးမှူး၊ ဖုန်း- ၀၉၄၀၂၆၁၀၁၃၄၊ ၀၉၆၆၄၆၉၀၆၇၅ နှင့် ဦးဖြိုးနောင်၊ လက်ထောက်ညွှန်ကြားရေးမှူး၊ စစ်ကိုင်းတိုင်းဒေသကြီးသာသနာရေးမှူးရုံး၊ ဖုန်း-၀၉၄၂၀၇၂၆၄၉၀၊ ၀၉၇၈၈၉၁၁၂၁၁ တို့သို့လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီးတွင် ဦးစိုးမိုးကျော်၊ ညွှန်ကြားရေးမှူး၊ ပဲခူးတိုင်းဒေသကြီး သာသနာရေးမှူးရုံး၊ ဖုန်း-၀၉ ၂၅၉၂၀၉၄၄၈ နှင့် ဦးထွန်းထွန်းလွင်၊ ဒုတိယညွှန်ကြားရေးမှူး၊ ဖုန်း- ၀၉၄၃၀၁၉၁၆၈ တို့သို့လည်းကောင်း၊ ရှမ်းပြည်နယ်တွင် ဦးသိန်းငွေ၊ ညွှန်ကြားရေးမှူး၊ ရှမ်းပြည်နယ် သာသနာရေးမှူးရုံး၊ ဖုန်း- ၀၉၄၂၀၇၃၀၈၃၉ နှင့် ဒေါ်ခက်ခက်လှ၊ ဒုတိယညွှန်ကြားရေးမှူး၊ ဖုန်း-၀၉၄၃၀၄၃၃၀၇ တို့သို့လည်းကောင်း ဆက်သွယ်၍လှူဒါန်းနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

# ငွေကြေးခဝါချမှုနှင့်အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေးလုပ်ငန်းအဖွဲ့ အစည်းအဝေးကျင်းပ

နေပြည်တော်  မေ  ၂၂

ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးလုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဒေါ်သန်းသန်းဆွေ ဦးဆောင်၍ လုပ်ငန်းအဖွဲ့ဝင်များနှင့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ညနေ ၄ နာရီတွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်၌ ကျင်းပသည်။

အစည်းအဝေးတွင် လုပ်ငန်းအဖွဲ့၏ဥက္ကဋ္ဌ ဒေါ်သန်းသန်းဆွေက မြန်မာနိုင်ငံ၏ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေး အကောင်အထည်ဖော်ဆောင်ရွက်မှုဆိုင်ရာ (၁၄)ကြိမ်မြောက် တိုးတက်မှုအစီရင်ခံစာတင်ပြချက်အရ လက်ငင်းရလဒ် ၇ ဒသမ ၁ ကို တစ်စိတ်တစ်ပိုင်းလိုက်နာဆောင်ရွက်မှုအဆင့်သို့ပေးခဲ့ကြောင်းနှင့် AML/CFT လုပ်ငန်းများအား Timeline Target များချမှတ်၍ အကောင်အထည်ဖော်ဆောင်ရွက်နေမှုများနှင့် ဆက်လက်အကောင်အထည်ဖော်ရန် ကျန်ရှိသည့်အခြေအနေများကို ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဗဟိုကော်မတီနှင့် အများပြည်သူသိရှိစေရန်အတွက် ပွင့်လင်းမြင်သာစွာချပြနိုင်ရေး စီစဉ်ဆောင်ရွက်ရန် လိုအပ်ကြောင်း ဆွေးနွေးမှာကြားသည်။

ယင်းနောက် လုပ်ငန်းအဖွဲ့၏ဒုတိယဥက္ကဋ္ဌ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်အဖွဲ့ဝင် ဦးကျော်ဝင်းသိန်းက လတ်တလောကြုံတွေ့နေရသည့် အခက်အခဲများအတွင်းမှပင် ကြိုးစားအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ လိုအပ်သည့်ဥပဒေများကို ပြဋ္ဌာန်းနိုင်ခဲ့ကြောင်း၊ စံသတ်မှတ်ချက်များနှင့် ကိုက်ညီမှုရှိစေရန် အကဲဖြတ်သူများမှ ထောက်ပြထားသည့် ဆက်လက်ရေးဆွဲရမည့်လုပ်ထုံးလုပ်နည်းများကိုလည်း သတ်မှတ်ချိန်အတွင်း ပြီးစီးအောင် ပူးပေါင်းဆောင်ရွက်ရမည်ဖြစ်ကြောင်း ပြောကြားပြီး လုပ်ငန်းအဖွဲ့အတွင်းရေးမှူးက မြန်မာနိုင်ငံအနေဖြင့် ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်သွားမည့်အချက်များနှင့် လိုက်နာဆောင်ရွက်ရမည့်ဌာနများကို ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဗဟိုအဖွဲ့ အစည်းအဝေးသို့ တင်ပြဆွေးနွေးမည့်အချက်များကို ဆွေးနွေးတင်ပြရာ အစည်းအဝေးတက်ရောက်လာသူများက လိုအပ်သည်များကို ဆွေးနွေးပြောကြားခဲ့ကြောင်း သိရသည်။

မြဝတီ

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၃-၅-၂၀၂၅

ကျပ်/လီတာ


| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၈၇၀ | ၂၉၈၅ | ၂၉၅၀ | ၂၈၈၅ | ၂၉၉၀ | ၃၀၀၅ | ၃၀၂၀ | ၂၉၄၀ | ၄၅၀၅ | ၃၂၃၅ | ၂၉၅၅ | ၂၉၆၀ | ၃၀၃၀ | ၂၉၉၅ | ၃၀၁၅ | ၃၂၇၀ |
| 95 Ron | ၂၉၂၅ | ၃၀၄၀ | ၃၀၀၅ | ၂၉၄၀ | ၃၀၄၅ | ၃၀၆၀ | ၃၀၈၀ | ၂၉၉၅ | ၄၅၆၀ | ၃၂၉၀ | ၃၀၁၅ | ၃၀၁၅ | ၃၀၈၅ | ၃၀၅၀ | ၃၀၇၀ | ၃၃၃၀ |
| HSD (500 ppm) | ၂၄၄၀ | ၂၅၅၅ | ၂၃၂၀ | ၂၄၅၅ | ၂၅၆၀ | ၂၅၇၅ | ၂၅၉၅ | ၂၅၁၀ | - | ၂၈၀၅ | ၂၅၃၀ | ၂၅၃၀ | ၂၆၀၀ | ၂၅၆၅ | ၂၅၈၅ | ၂၈၄၅ |
| HSD (50 ppm) | ၃၀၁၅ | ၃၁၃၀ | ၃၀၉၅ | ၃၀၃၀ | ၃၁၃၅ | ၃၁၅၀ | ၃၁၆၅ | ၃၀၈၅ | ၄၈၃၀ | ၃၃၈၀ | ၃၁၀၅ | ၃၁၀၅ | ၃၁၇၅ | ၃၁၄၀ | ၃၁၆၀ | ၃၄၂၀ |
| HSD (10 ppm) | ၃၀၁၅ | ၃၁၃၀ | ၃၀၉၅ | ၃၀၃၀ | ၃၁၃၅ | ၃၁၅၀ | ၃၁၆၅ | ၃၀၈၅ | - | ၃၃၈၀ | ၃၁၀၅ | ၃၁၀၅ | ၃၁၇၅ | ၃၁၄၀ | ၃၁၆၀ | ၃၄၂၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၇၀၄ | ၂၇၉၁ |
| 95 Ron | ၂၇၅၉ | ၂၈၄၇ |
| HSD (500 ppm) | ၂၂၈၈ | ၂၃၆၄ |
| HSD (50 ppm) | ၂၈၄၅ | ၂၉၃၂ |
| HSD (10 ppm) | ၂၈၄၅ | ၂၉၃၂ |

**မှတ်ချက်။**
(၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။
(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-
၀၆၇-၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇
၀၆၇-၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**




● **ကျောဖုံးမှအဆက်**

စစ်ကိုင်းတိုင်းဒေသကြီး အောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့်ရှမ်းပြည်နယ်(တောင်ပိုင်းနှင့်အရှေ့ပိုင်း)တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် နေရာကွက်၍မိုးကြီးနိုင်သည်။

သို့ဖြစ်ပါ၍ မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်း၊ လျှပ်တစ်ပြက်ရေကြီးခြင်းနှင့် မြေပြိုခြင်း စသည့်သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကုန်းမြင့်ဒေသအနီးတွင်နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်၊ မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီးရေလျှံမှုများကို ကြိုတင်သတိပြုရှောင်ရှားနိုင်ပါရန်နှင့် ပြည်တွင်းရေကြောင်းသွားလာရေးနှင့် လေကြောင်းပျံသန်းရေးအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ပါရန်သတိပေးနှိုးဆော်အပ်ပါသည်။

(မိုး/ဇလ)

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်သည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က ''မာရဝိဇယ''ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ကြီး ခိုင်မာစွာထွန်းလင်းတောက်ပလျက်ရှိမှုအား ကမ္ဘာကိုပြသရန်၊ မြန်မာနိုင်ငံသည် ထေရဝါဒဗုဒ္ဓဘာသာကိုးကွယ်မှု၏ဗဟိုချက်ဖြစ်စေရန်၊ နိုင်ငံတော်ကြီးသာယာဝပြောမှုရှိစေရန်၊ ကမ္ဘာကြီးငြိမ်းချမ်းသာယာမှုဖြစ်စေရန် စသည့်ရည်ရွယ်ချက် ၄ ရပ်ဖြင့်တည်ထားကိုးကွယ်ရန်ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်ပြီး ဖြစ်ပါသည်။

## ၂၂-၅-၂၀၂၅ ရက်နေ့အထိ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးသို့ လာရောက်ကြည်ညိုဖူးမြော်စဉ် အလှူငွေများထည့်ဝင်လှူဒါန်းသည့် အလှူရှင်များစာရင်း

| စဉ် | နဝကမ္မ အမည် | အလှူငွေ (ကျပ်) |
|---|---|---|
| ၁၀၁၀၄။ | ဦးတင်လှိုင်နှင့် သား၊ သမီး၊ မြေးတစ်စုကောင်းမှု | ၁၁၀၀၀၀၀ |
| ၁၀၁၀၅။ | နှစ်ဖက်မိဘများအားရည်စူး၍ ဦးစန်းဝင်းနှင့်ဇနီး ဒေါ်တင်အုန်းမိသားစုကောင်းမှု | ၁၀၀၀၀၀၀ |
| ၁၀၁၀၆။ | ဦးကြည်မြင့်နှင့်ဇနီး ဒေါ်တင့်တင့်ရီမိသားစုကောင်းမှု | ၅၀၀၀၀၀ |
| ၁၀၁၀၇။ | ဦးကျော်မိုးမိသားစုကောင်းမှု | ၃၀၀၀၀၀ |
| ၁၀၁၀၈။ | ဦးနေမင်းညီနှင့်ဇနီး ဒေါ်တင်လေးခိုင်မိသားစုကောင်းမှု | ၂၀၀၀၀၀ |
| ၁၀၁၀၉။ | ဦးအောင်ကြည်သိန်းနှင့်ဇနီး ဒေါ်ဝင်းမြင့်ရီမိသားစုကောင်းမှု | ၁၈၀၀၀၀ |
| ၁၀၁၁၀။ | ကွယ်လွန်သူမိဘများဖြစ်သော ဦးမြသိန်းနှင့် ဒေါ်ရီတို့အားရည်စူး၍ သမီးဒေါ်သီတာမိုးကောင်းမှု | ၁၂၀၀၀၀ |
| ၁၀၁၁၁။ | ဦးအောင်အောင်နှင့်ဇနီး ဒေါ်နွယ်နီစိုး၊ (ညီမ)ဒေါ်ခင်အုန်းမြင့်မိသားစုကောင်းမှု | ၁၂၀၀၀၀ |
| ၁၀၁၁၂။ | ဦးစိုးခိုင်နှင့်ဇနီး ဒေါ်သင်းပျံ့ကြူမိသားစုကောင်းမှု | ၁၁၀၀၀၀ |
| ၁၀၁၁၃။ | နှစ်ဖက်သောမိဘများအားအမှူးထား၍ ကိုအောင်ဇော်မင်းနှင့်ဇနီး မစုမွန်၊ (သမီး)မသဒ္ဒါထက်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၁၀၁၁၄။ | ဦးခင်မောင်မြင့်နှင့်ဇနီး ဒေါ်တင်တင်မြိုင်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၁၀၁၁၅။ | ဒေါ်စိန်မြင့်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၁၀၁၁၆။ | ဦးချစ်လှိုင်နှင့်ဇနီး ဒေါ်စောစောမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၁၀၁၁၇။ | ဦးအောင်သူဟိန်းနှင့်ဇနီး ဒေါ်မင်းမင်းစန်းမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၁၀၁၁၈။ | ဦးဇင်မင်းထွန်းနှင့်ဇနီး ဒေါ်အိရွှေစင်စိုးလွင်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၁၀၁၁၉။ | ကွယ်လွန်သူ ဦးလှငြိမ်းအားရည်စူး၍ ဒေါ်မြတ်မွန်အောင်ကောင်းမှု | ၁၀၀၀၀၀ |
| ၁၀၁၂၀။ | ဦးကျော်ရွှေနှင့်ဇနီး ဒေါ်မြသန်းမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၁၀၁၂၁။ | ဒေါ်ယဉ်ယဉ်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၁၀၁၂၂။ | ဦးစောနိုင်နှင့်ဇနီးဒေါ်နန်းမြင့်မြင့်သိန်း၊ မောင်ပြည့်ဖြိုးအောင် မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၁၀၁၂၃။ | ဦးခိုင်ဇော်ဆွေနှင့်ဇနီး ဒေါ်သက်သက်လှိုင်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၁၀၁၂၄။ | ဦးဝင်းထိုက်နှင့်ဇနီး ဒေါ်ကြည်ကြည်ခိုင်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၁၀၁၂၅။ | ဦးသန့်ဇင်နှင့်ဇနီး ဒေါ်အောင်သူဇာဝင်းမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၁၀၁၂၆။ | ကိုကျော်စွာဟိန်းနှင့်ဇနီး မဝေဝေအောင်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၁၀၁၂၇။ | ကွယ်လွန်သူမိဘတို့အားရည်စူး၍ သမီးဒေါ်ခင်လှမွန်ကောင်းမှု | ၁၀၀၀၀၀ |
| ၁၀၁၂၈။ | ဦးသန်းစိန်နှင့်ဇနီး ဒေါ်မီမီအောင်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၁၀၁၂၉။ | ဦးမိုးဇော်နှင့်ဇနီး ဒေါ်စန္ဒာထွန်းမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၁၀၁၃၀။ | ဦးချစ်ဆွေနှင့်ဇနီး ဒေါ်နီနီအောင်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၁၀၁၃၁။ | ဒေါ်သင်းထက်အောင်ကောင်းမှု | ၁၀၀၀၀၀ |
| ၁၀၁၃၂။ | ဦးလှမြင့်နှင့်ဇနီး ဒေါ်မာမာဆွေမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၁၀၁၃၃။ | ဒေါက်တာတိုးတိုးဝင်းမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၁၀၁၃၄။ | ဦးခင်မောင်လှမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၁၀၁၃၅။ | ဦးအောင်ဝင်းနှင့်ဇနီး ဒေါ်နှင်းရွှေမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၁၀၁၃၆။ | ဦးအောင်ကျော်ညွန့်နှင့်ဇနီး ဒေါ်မြင့်သန္တာ၊ (သား)ကိုကျော်သီဟမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၁၀၁၃၇။ | ကွယ်လွန်သူဦးမောင်ချိုအားရည်စူး၍ ဒေါ်နီနီစိုးကောင်းမှု | ၁၀၀၀၀၀ |
| ၁၀၁၃၈။ | ဦးပြည်ဖြိုးမော်နှင့်ဇနီး ဒေါ်ဖြိုးဖြိုးအေး၊ (သား)မောင်ဘုန်းမြတ်၊ မောင်ဟိန်းသန့်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၁၃၉။ | ဦးအောင်ကျော်ထွန်းနှင့်ဇနီး ဒေါ်စံသိန်းမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၁၄၀။ | ကိုဝင်းနိုင်နှင့်ဇနီး မဌေးဌေးမြင့် မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၁၄၁။ | ဦးစိုင်းငွေစိုးနှင့်ဇနီး ဒေါ်နန်းမေသောင်းခင်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၁၄၂။ | ဆရာတော်အရှင်ကုသလကောင်းမှု | ၅၀၀၀၀ |
| ၁၀၁၄၃။ | ဦးမောင်မောင်ကြည်နှင့်ဇနီး ဒေါ်ခင်အေးမြင့်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၁၄၄။ | ဦးမျိုးမင်းဦးနှင့်ဇနီး ဒေါ်အေးအေးခိုင်၊ (သား)မောင်ဇွဲရန်နိုင်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၁၄၅။ | ကွယ်လွန်သူနှစ်ဖက်မိဘများအားရည်စူး၍ ဦးသန့်ဇင်နှင့်ဇနီး ဒေါ်နီလာဝင်းမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၁၄၆။ | ဒေါ်မြလေးမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၁၄၇။ | ဦးမောင်မောင်သန့်စင်နှင့်ဇနီး ဒေါ်မြမြအေးမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၁၄၈။ | ဦးချမ်းမြေ့ကိုကိုနှင့်ဇနီး မနီနီဝင်းမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၁၄၉။ | မနှင်းမြတ်နိုးဦးမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၁၅၀။ | နှစ်ဖက်သောမိဘများအားရည်စူး၍ ဒေါ်စုစုရွှေမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၁၅၁။ | ဦးကြင်ရွှေနှင့်ဇနီး ဒေါ်အုန်းရီမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၁၅၂။ | ဦးချစ်ဆွေနှင့်ဇနီး ဒေါ်ညွန့်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၁၅၃။ | ကွယ်လွန်သူကိုအောင်သူဟိန်းအားရည်စူး၍ ကျန်ရစ်သူမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၁၅၄။ | ဦးအောင်အောင်ကျော်သူနှင့်ဇနီး ဒေါ်မျိုးစန္ဒီအောင်၊ (သား)မောင်သုထက်အောင်၊ မောင်မြတ်ထက်အောင် မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၁၅၅။ | ကွယ်လွန်သူ ဘိုးဘွား၊ မိဘ၊ ခင်ပွန်းနှင့် မောင်တို့အား ရည်စူး၍ ဒေါ်အေးမြင့်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၁၅၆။ | ဦးကျော်စန်းနှင့်ဇနီး ဒေါ်ညွန့်ညွန့်ဝင်းမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၁၅၇။ | ဦးမင်းမင်းဝင်းနှင့်ဇနီး ဒေါ်ယုယုဝင်းမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၁၅၈။ | ဦးဌေးလွင်နှင့်ဇနီး ဒေါ်သန်းရီမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၁၅၉။ | ဦးသန်းထွန်းနှင့်ဇနီး ဒေါ်တင်တင်ဦးမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၁၆၀။ | ဦးအောင်မြင့်ဆွေနှင့်ဇနီး ဒေါ်တိုးတိုးမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၁၆၁။ | ကွယ်လွန်သူမိဘများအားရည်စူး၍ ဒေါ်စုစုသန်းကောင်းမှု | ၅၀၀၀၀ |

မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြိုတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၇၆၂၆၆၆၊ ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၃၄၃၀၂၀၁၇၀၀၂၈၇၀၀၁** တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

**(က) ဦးအောင်စည်သူ(မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးဂေါပကအဖွဲ့ရုံး)** **၀၉-၆၆၄၀၀၀၀၄၁၊ ၀၉-၄၄၄၆၆၆၁၁၆**

**(ခ) ဒေါ်အေးအေးကြည်** **၀၉-၄၂၉၇၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၂၁၆**

### ပျောက်ဆုံးကြောင်း

ကျောက်တံခါးမြို့၊ စာတိုက်ရပ်ကွက်နေ သက်ထွန်းဦး(ဘ)ဦးလှမြင့် ၇/ကကန(နိုင်)၀၀၅၂၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

### အမည်ပြောင်း

ဧရာဝတီတိုင်းဒေသကြီး၊ ကျောင်းကုန်းမြို့နယ်၊ လှည်းဆိပ်အုပ်စု၊ မာလာကွင်းကျေးရွာနေ အဘ ဦးရဲထွဋ်ဝင်း ၁၄/ကကန(နိုင်)၀၈၃၅၉၉ ၏သမီး၊ ကံ့ကော်မြိုင်ကိုယ်ပိုင်အထက်တန်းကျောင်း၊ ကျောင်းကုန်းမြို့၊ Grade -12 တွင် ပညာသင်ယူနေသော မယွန်းယုယထွဋ်အား ယနေ့မှစ၍ မအိမ့်ခြူးကိုဟု အမည်ပြောင်းလဲခေါ်ပါရန်။ မအိမ့်ခြူးကို

### ပျောက်ဆုံးကြောင်း

ပခုက္ကူမြို့နယ်၊ ရွှေညောင်ကျေးရွာနေ မင်းကိုကိုလတ်(ဘ)ဦးအောင်မင်း ၈/ပခက(နိုင်)၂၂၄၆၈၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၀၈၅၆၅၈၁၉

### ပျောက်ဆုံးကြောင်း

စစ်တွေမြို့၊ ဆင်ကူးလမ်းရပ်ကွက်နေ ခင်ဝင်းထွေး(ဘ)ဦးဦးလှမောင် ၁၁/စတန(နိုင်)၀၉၀၁၀၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၉၇၄၄၇၈၀၀၀

### ပျောက်ဆုံးကြောင်း

လေးထောင့်ကန်ရပ်ကွက်၊ ရိပ်သာလမ်း၊ အမှတ်(၃)နေ ကျော်ကျော်လင်း(ဘ)ဦးတင်အုန်း ၁၂/သဃက(နိုင်)၁၅၀၄၁၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၉၁၇၇၅၅၄၉

သစ်တောမှန်လျှင် အသုံးဝင် အစဉ်ထာဝရ ထိန်းသိမ်းကြ

## Myanmar Mobile Money(MMM) ကိုအသုံးပြု၍ အောက်ပါဝန်ဆောင်မှုများရရှိနိုင်ပါသည်။

- ဝန်ထမ်းလစာ/ပင်စင်လစာထုတ်ပေးခြင်း
- ငွေသွင်းငွေထုတ်ခြင်း / ငွေလွှဲခြင်း
- Skynet Bill Payment ပေးသွင်းခြင်း
- Gift Card ပေးခြင်း
- Internet Bill ပေးဆောင်ခြင်း
- E-Topup ဖုန်းပြောခဖြည့်သွင်းခြင်း
- လျှပ်စစ်မီတာ Bill များပေးဆောင်ခြင်း
- ပြည်ပ ငွေလွှဲ (ထိုင်း)
- ဈေးဝယ်ခြင်း



**အငြိမ်းစား** လစာအပါအဝင် ငွေပို့ငွေလွှဲခြင်း၊လစာထုတ်ခြင်းများကို ဘဏ်ကိုသွားရန်မလိုဘဲ မိုဘိုင်းဖုန်းဖြင့် ထုတ်ယူနိုင်ပါပြီ။

ရုံးချုပ် - အမှတ်(၅၁)၊ ဗိုလ်ရာညွန့်လမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၂၀၊ ၀၉ ၃၁၀၀၁၅၂၁
မန္တလေး - **STARMART Mandalay Wholesale** ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၃၆
နေပြည်တော် - **STARMART Nay Pyi Taw** ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၃၄

## ဘေးကင်းစိတ်ချ လုံခြုံမှုရစေတာ

SIGMA CABLE & WIRE




ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၄၄၃၃၆၃၃၉၉၊ ၀၉ ၄၅၀၀၁၈၉၆၂
KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART Nay Pyi Taw - ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇
STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့။ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀






## ကြံတောင်သူစီးပွား ၊ ပြည်တွင်းသကြား ၊ ဝယ်ယူအားပေးကြပါစို့။



အုတ်တွင်းသကြားစက်

FDA- ၈၅/ ၂၁၃၄၉/ ထလ
canesugarokt7 @gmail.com

## အရည်အသွေးမှာထိပ် ဆင်မင်းတံဆိပ် ဘိလပ်မြေ



BEST QUALITY
CEMENT
ASTM.C150 TYPE I (42.5)
ဆင်မင်းဘိလပ်မြေ

ISO 9001 BUREAU VERITAS Certification

SIN MINN



BEST QUALITY
CEMENT
ASTM.C150 TYPE II (32.5)
ဆင်မင်းဘိလပ်မြေ

ဆက်သွယ်ရန် - ဖုန်း ၀၉ ၆၈၆၉၉၃၅၈၃၊ ၀၉ ၇၉၆၁၁၁၅၅၉၉၊ email : scfg.kyaukse@gmail.com

# တောင်သူစီးပွား အကျိုးများဖို့ ငှက်ပျောစိုက်ကြစို့

ကိုကျော်စွာ(ကျိုက်ပိ)



ငှက်ပျောသီးသည် လူမျိုးမရွေးဘာသာမရွေးစားသုံးကြသော အသီးတစ်မျိုးဖြစ်သည်။ ငှက်ပျောပင်သည် မြန်မာတိုင်းရင်းသားတို့ယဉ်ကျေးမှုနှင့်ဆက်စပ်ဒွန်တွဲလျက်ရှိသည်။ မြန်မာ့ဓလေ့အစဉ်အလာအရ ငှက်ပျောသည် အရေးပါသော အခန်းကဏ္ဍကပါဝင်နေသည်။ ငှက်ပျောနှင့်အုန်းသီးသည် မြန်မာမှုနယ်ပယ်တွင် နေရာတော်တော်များများ၌ပါဝင်နေသည်။ ဘုရားပွဲမှာလည်း ငှက်ပျောသီးပါသည်။

မင်္ဂလာဆောင်မှာလည်း အုန်းနှင့်ငှက်ပျောတွဲဖက်၍ပါသည်။ အလှူပွဲတွေမှာလည်း အုန်း၊ ငှက်ပျောပါသည်။ ဗုဒ္ဓပူဇနိယပွဲများ၊ နတ်ပွဲများနှင့် နတ်ပူဇော်ပသရာမှာလည်း ငှက်ပျောပါသည်။ မင်းခမ်းမင်းနားနှင့် ရှင်ပြုနားသပွဲများမှာလည်း ငှက်ပျောပါသည်။ ထို့ကြောင့် ငှက်ပျောပင်ကို "မြန်မာအမျိုးသားရေးပဒေသာပင်"ဟုပင် တင်စားခေါ်ဝေါ်ကြသည်။

## မြန်မာငှက်ပျောမျိုးများ

ငှက်ပျောပင်ကို အင်္ဂလိပ်လို Banana ဟုခေါ်ပြီး ရုက္ခဗေဒအမည်မှာ Musa Sapientum linn ဖြစ်သည်။ မြန်မာနိုင်ငံတွင် ထင်ရှားသောငှက်ပျောမျိုးများရှိသည်။ ယင်းတို့မှာ ဖီးကြမ်းငှက်ပျော၊ ဗျပ်ပြည့်ငှက်ပျော၊ ငှက်ပျောသူငယ်စာ၊ ရခိုင်ငှက်ပျော၊ ဝက်မလွတ်ငှက်ပျော၊ သီးမွှေးငှက်ပျော၊ ရွှေနီငှက်ပျော၊ ရွှေဝါငှက်ပျော၊ နံ့သာပုငှက်ပျော၊ ထောပတ်ငှက်ပျော၊ ဆင်စွယ်ငှက်ပျော၊ ငှက်ပျောချဉ်၊ သုံးလုံးတစ်ပိဿာစသည်ဖြင့်ရှိသည်။ သုံးလုံးတစ်ပိဿာငှက်ပျောအလုံးကြီးသည် သုံးလုံးလောက်ကို ချိန်ကြည့်ပါက တစ်ပိဿာခန့်ရှိသောကြောင့် သုံးလုံးတစ်ပိဿာဟုခေါ်ခြင်းဖြစ်သည်။

## ငှက်ပျောစိုက်ပျိုးနည်း

ငှက်ပျောပင်သည် ပူအိုက်စိုစွတ်သော၊ အပူပိုင်းမိုးများသောရာသီမျိုးကိုကြိုက်သည်။ သို့သော်လည်း မြန်မာနိုင်ငံအနှံ့အပြားမှာ စိုက်ပျိုးလေ့ရှိသည်ကိုလည်းတွေ့ရသည်။ ငှက်ပျောသည် အပူချိန် ၂၅ ဒီဂရီစင်တီဂရိတ်မှ ၂၇ ဒီဂရီစင်တီဂရိတ်ဝန်းကျင်၌ဖြစ်ထွန်းသည်။ အပင်ကြီးသောမျိုးများမှာမူ ၂၀ ဒီဂရီစင်တီဂရိတ်မှ ၂၂ ဒီဂရီစင်တီဂရိတ်သည် အကောင်းဆုံးဖြစ်သည်။ ငှက်ပျောစိုက်ပျိုးရန် အကောင်းဆုံးမြေမှာ မြေဆီလွှာကောင်းမွန်ရန်လိုသည်။ အလွယ်တကူထွန်ယက်နိုင်သောမြေမျိုး၊ မြေဆွေးဓာတ်နှင့် မြေတွင်းအာဟာရဓာတ်ကြွယ်ဝသောမြေမျိုးဖြစ်ဖို့လိုသည်။ မြေကြီးသည် လေဝင်လေထွက်ကောင်းရမည်။ နုန်းတင်မြေနု၊ သဲနုန်းမြေများမှာလည်းဖြစ်ထွန်းသည်။ မြေစေး၊ မြေနက်များတွင်မစိုက်ပျိုးသင့်ပေ။ အမြစ်တိုးဝင်မှုကို အဟန့်အတား ဖြစ်စေသောကြောင့်ဖြစ်သည်။ ငှက်ပျောအတွက်မြေချဉ်ငန်ကိန်းမှာ ၄ ဒသမ ၅ မှ ၇ ဒသမ ၅ အတွင်းဖြစ်ရမည်။ ငှက်ပျောစိုက်မည်ဆိုပါက လေတိုက်နှုန်းနည်းသည့်နေရာမျိုးကို ရွေးချယ်ရမည်။ အကြောင်းမှာ တစ်နာရီ ၂၅ မိုင်နှုန်း လေတိုက်ခတ်ပါက အပင်လဲကျပြီး ပျက်စီးတတ်သည်။ ငှက်ပျောပင်အတွက် ရေသည် မိုးရေချိန် ၄ လက်မရသောဒေသမျိုးဖြစ်ရမည်။

## မြေအမျိုးအစားနှင့်ရေပေးဝေနည်း

ငှက်ပျောစိုက်မည့်မြေကို ထွန်စက်ဖြင့် မြေအမျိုးအစားကိုလိုက်၍ လေးသွားစက်ထယ် တစ်စပ်(ခါ)၊ ၁၆ သွား သို့မဟုတ် ၁၈ သွားစက်ထယ် နှစ်စပ်(ခါ) ဖြင့် မြေပြင်ပေးရမည်။ မြေအနက်က ၆ လက်မမှ ၈ လက်မအထိ ထယ်ရေးနက်ဖို့လိုသည်။ ငှက်ပျောပင်ကို အများအားဖြင့် ဇွန်လနှင့်မေလတို့တွင် အစိုက်များကြသည်။ ငှက်ပျောပင်ကိုစိုက်မည်ဆိုပါက သားတက်ကိုသာအစိုက်များကြသည်။ စိုက်ကျင်းအနက်ကို ၁၅ လက်မတူးစိုက်ကြသည်။ တချို့က ၂၄ လက်မအထိလည်းတူးစိုက်ကြသည်။ ကမ္ဘာ့ငှက်ပျောစိုက်စနစ်အရမူ ၁၂ လက်မ x ၁၂ လက်မမှ ၂၀ လက်မ x ၂၀ လက်မဖြစ်သည်။ မြေညံ့လျှင်ကျင်းနက်နက်တူး၍ စိုက်ရသည်။ ငှက်ပျောပင်ကိုရေပေးရာတွင် အပင်ရင်း၌ ရေမဝပ်အောင်အထူးဂရုစိုက်ရမည်။ ရေဝပ်ပါက ရေနုတ်ပေးရမည်။ ဤအချက်ကအရေးကြီးသည်။ ရေဝပ်ပါကအပင်သေတတ်သည်။ မြေအနေအထားနှင့် ငှက်ပျောပင်ကြီးထွားနှုန်းအရရေပေးရသည်။ မြေအနက် ၄ လက်မအထိ ရေရောက်ရန်လိုသည်။ ရေပေးမှန်ကန်ပါက အသီးအထွက်နှုန်း ၇၀ ရာခိုင်နှုန်းအထိကောင်းသည်။ ရေပေးရာတွင် အပင်ခြေ၌ကျင်းဖွဲ့ရေလောင်းနည်း၊ ထယ်ကြောင်းပေးရေသွင်းနည်း၊ စိုက်ခင်းတစ်ခုလုံးရေလွှမ်းစေသောနည်းနှင့် ရေဖျန်းနည်းတို့ဖြစ်သည်။ ငှက်ပျောစိုက်ပြီးနောက် တစ်လသားအချိန်တွင် ပျိုးပင်အထက်ပိုင်းပင်စည်ကို မြေအထက်တစ်တောင်ခန့်က ဓားဖြင့်ဖြတ်ပေးရသည်။

ယင်းကိုငှက်ပျောပင်ဓားလိုက်ခြင်းဟုခေါ်သည်။ ဓားလိုက်ရာတွင် ခပ်စောင်းစောင်းလိုက်ပေးရမည်။ ခပ်စောင်းစောင်းဓားလိုက်ခြင်းမှာ အပင်အတွင်း မိုးရေမဝင်စေရန်ဖြစ်သည်။ မိုးရေဝင်လျှင် အပင်သေတတ်သည်။ ပင်သက်ခြောက်လ၊ ခုနစ်လအရောက်မှာ သားတက်များထွက်လာတတ်သည်။ ထိုသားတက်များအနက်မှ အကြီးဆုံးနှင့် အသန်ဆုံးအပင်ကိုချန်ထား၍ ကျန်သားတက်များကို ရှင်းလင်းပေးရမည်။ ငှက်ပျောအခိုင်ထွက်လာပြီး အနည်းငယ်ရင့်လာပါက ဝါးထောက်ပေးရသည်။ ငှက်ပျောခိုင်ကို ငှက်ပျောသီးအလွန်မရင့်မီ ခုတ်ယူကြသည်။ ဝေးလံသောအရပ်ဒေသသို့တင်ပို့မည်ဆိုလျှင် ၈၀ ရာခိုင်နှုန်းရင့်သောအချိန်မှာ ခုတ်ယူရသည်။ ငှက်ပျောတစ်ဧကလျှင် ၁၀ တန်မှ ၁၂ တန်အထိထွက်သည်ဟုသိရသည်။ မြန်မာနိုင်ငံတွင်မူ ငှက်ပျောကိုအလေးချိန်နှင့်မပြပါ။ အခိုင် သို့မဟုတ် ငှက်ပျောဖီးအလိုက်သာရောင်းဝယ်ကြသည်။ တစ်ဧကတွင်အခိုင်ရေ ၆၇၀ ခန့်ရနိုင်ကြောင်းသိရသည်။ လှည်း ၁၅ စီးတိုက်ခန့်ရနိုင်သည်။ လှည်းတစ်စီးတင်ဆို အဖီး ၂၄၀ သတ်မှတ်ကြသည်။

## ငှက်ပျောစိုက်ပျိုး ဝင်ငွေတိုး

ငှက်ပျောသည် မြန်မာနိုင်ငံ၌ဈေးကွက်ရှိသည်။ စားရေးသူတို့ဘက်မှာဆို ငှက်ပျောကိုခြံပြတ်ဝယ်ယူကြသည်။ တစ်နိုင်စိုက်ပျိုးသူများက လက်လီရောင်းကြသည်။ လက်လီရောင်းချရာတွင် ငှက်ပျောဖီးအရွယ်အစားအလိုက် ဈေးနှုန်းအသီးသီးဖြင့် ရောင်းချကြသည်။ အထက်မှာ ငှက်ပျောအထွက်နှုန်းကိုဖော်ပြခဲ့သည်။ ရွှေငှက်ပျော၊ နံ့သာပုတို့ဆိုလျှင် ဈေးနှုန်းပိုမိုရရှိသည်။ ထို့ကြောင့် ငှက်ပျောစိုက်ပျိုးပါက တောင်သူများဝင်ငွေတိုးပွားမည်ဖြစ်သည်။

## မြန်မာ့ငှက်ပျောထုတ်ကုန်နှင့် ကမ္ဘာ့ငှက်ပျောထုတ်ကုန်

မြန်မာနိုင်ငံတွင် ငှက်ပျောသီးထုတ်ကုန်တစ်ခုမှာ ငှက်ပျောကြော်လုပ်ငန်းဖြစ်သည်။ ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ်တွင် ငှက်ပျောကြော်လုပ်ငန်းကိုလုပ်ကိုင်ကြသည်။ ငှက်ပျောကြော်လုပ်ငန်းသည် မိသားစုစီးပွားရေးလုပ်ငန်းတစ်ခုဖြစ်သည်။ ပထမဆုံး ငှက်ပျောသီးကိုလိုသလောက်ရှာထားရသည်။ ပြီးနောက် အစိမ်း၊ အမှည့်ခွဲထားရသည်။ ထို့နောက် ငှက်ပျောသီးအစိမ်းနှင့်အမှည့်များကို ခပ်ပါးပါးလှီးကာ ဖွဲမီးဖြင့်ကြော်ရသည်။ ငှက်ပျောကြော်ကို စနစ်တကျထုပ်ပိုး၍ မြန်မာနိုင်ငံ အနှံ့အပြားသို့ တင်ပို့ရောင်းချကြသည်။ ငှက်ပျောကြော်ကို အစိမ်းကြော်နှင့်အမှည့်ကြော်ဟူ၍ နှစ်မျိုးကြော်ကြသည်။ ထိုဒေသ၏ငှက်ပျောကြော်လုပ်ငန်းသည် မိသားစုစီးပွားရေးလုပ်ငန်းဖြစ်သည်။ ထိုလုပ်ငန်းရှိသဖြင့် ထိုဒေသရှိငှက်ပျောစိုက်တောင်သူများလည်း ငှက်ပျောဈေးကွက်ရရှိလာသည်။ ပိုလျှံသည့်ငှက်ပျောများကို ရန်ကုန်သို့တင်ပို့ရောင်းချကြသည်။

မြန်မာနိုင်ငံမှာတော့ ငှက်ပျောနှင့်ပတ်သက်ပြီး ထုတ်ကုန်အဖြစ် ထုတ်လုပ်မှုများများမရှိပါ။ မြန်မာနိုင်ငံမှာ ငှက်ပျောပင်မှအမျှင်ထုတ်ယူ၍ အဝတ်အထည်များပြုလုပ်သည်ကို Facebook ပေါ်မှာတင်ထားသည်ကိုဖတ်လိုက်ရသည်။ ဤကား ကောင်းသောအလားအလာဖြစ်သည်။ စွန့်ဦးတီထွင်မှုဟုပင်ဆိုရပေမည်။ ထိုသူ၏အမည်မှာ ဦးမြင့်သိန်းဟု သိရသည်။ ငှက်ပျောပင်မှထုတ်ယူရရှိသောချည်ဖြင့် အင်္ကျီနှင့်အဝတ်အထည်များပြုလုပ်သည်။ အမျိုးသမီးစီးဖိနပ်နှင့် အမျိုးသားစီးဖိနပ်တို့ပြုလုပ်သည်။ ထို့ပြင် ငှက်ပျောဖတ်ဖြင့်ခေါင်းအုံးပြုလုပ်ထားသည်ကိုလည်းတွေ့ရသည်။ ဒါ့အပြင် ပဝါ၊ လက်ကိုင်အိတ်၊ ပိုက်ဆံအိတ်အစရှိသည့် လူသုံးကုန်ပစ္စည်းအမျိုးမျိုးကို ထုတ်လုပ်ထားသည်။ ငှက်ပျောပင်စည်အလွှာကိုအမျှင်ထုတ်ယူ၍လူသုံးကုန်ပစ္စည်းအမျိုးမျိုးထုတ်လုပ်ထားခြင်းဖြစ်သည်။ အမှိုက်ထဲကရွှေဟုပင်ဆိုရပေမည်။ ထို့ပြင် မြန်မာလူမျိုးများသည် ငှက်ပျောသီးကို အခြေခံ၍ မြန်မာမုန့်များပြုလုပ်ရောင်းချခြင်းဖြင့် မိသားစုစားဝတ်နေရေးကိုဖြေရှင်းကြသည်များလည်းရှိသည်။ ငှက်ပျောသီးဖြင့် ပြုလုပ်သောမုန့်များမှာ ငှက်ပျောသီးမုန့်၊ ငှက်ပျောသီးရွှေချီ၊ ငှက်ပျောအုန်းနို့ပေါင်း၊ ငှက်ပျောကြော်၊ ငှက်ပျောမုန့်ပွကြီး၊ ငှက်ပျောကော်ပြန့်ကြော်စသည်တို့သည် ငှက်ပျောသီးဖြင့်ပြုလုပ်သောမုန့်များဖြစ်သည်။ တစ်နည်းအားဖြင့် ငှက်ပျောသီးအခြေခံသောမိသားစုစီးပွားရေးလုပ်ငန်းဟုပင်ဆိုရပေမည်။ မြန်မာနိုင်ငံတွင် အခြားငှက်ပျောစားသောက်စရာတစ်မျိုးမှာ ငှက်ပျောသီးကိုဖျော်ရည်အဖြစ်ပြုလုပ်သောက်သုံးခြင်းပင်ဖြစ်သည်။ ထို့ပြင် ကမ္ဘာ့ဈေးကွက်မှာလည်း ငှက်ပျောသီးထုတ်ကုန်များရှိသည်။ ငှက်ပျောသီးခြောက်မှုန့်၊ စည်သွတ်ငှက်ပျောသီး၊ ထိုထုတ်ကုန်ကို အမေရိကန်ပြည်ထောင်စုမှာ အပူချိန်နည်းနည်းဖြင့်အခြောက်ခံ၍ ပြုလုပ်ခြင်းဖြစ်သည်။ ထို့ပြင် ငှက်ပျောအနှစ်ထုတ်ကုန်ကိုလည်း အမေရိကန်နိုင်ငံကအများဆုံးမှာယူကြောင်း၊ စိုက်ပျိုးရေးဌာန၏ ၁၉၆၅ ခုနှစ်မှတ်တမ်းအရ တန်ချိန် ၃၅၀၀ ခန့်မှာယူတင်သွင်းစားသုံးခဲ့ကြောင်း သိရသည်။ ယခုဆိုထိုထက်ပိုများနိုင်မည်ဟုယူဆရပေမည်။ ငှက်ပျောအနှစ်ထုတ်လုပ်မှုကို ၁၉၆၅ ခုနှစ် ဒိုမီနီကန်နိုင်ငံက တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၁၉၂ ဒေါ်လာရသည်ဟုသိရသည်။ တန်ချိန် ၃၅၀၀ ဆိုလျှင် အမေရိကန်ဒေါ်လာ ၆၇၂၀၀၀ ခန့်ရသည်။ ထုပ်ပိုးရာမှာလည်း မှုပါဝင်မှု ၄ ရာခိုင်နှုန်းထက်မကျော်လွန်အောင် စနစ်တကျထုပ်ပိုးရသည်။ ထို့ပြင် ငှက်ပျောသီးကို ဘီယာချက်ခြင်း၊ ဝိုင်အရက်ပြုလုပ်ခြင်း၊ ငှက်ပျောဆီထုတ်လုပ်ခြင်းတို့ဖြစ်သည်။

အချုပ်အားဖြင့်ဆိုရလျှင် ယခုအခါ ငှက်ပျောသီးသည် ဈေးကွက်ရှိပြီး ဈေးကောင်းသောအသီးတစ်မျိုးဖြစ်သည်။ အထက်မှာစာရေးသူတွက်ပြခဲ့သလို တစ်ဧကအထွက်နှုန်းနှင့် တစ်ဖီးတန်ဖိုးအရ သိန်းပေါင်းမနည်းရသည်ကို တွေ့ရမည်ဖြစ်သည်။ ထို့ပြင် မြန်မာနိုင်ငံအနေဖြင့် ငှက်ပျောပင်ထွက်ထုတ်ကုန်များကို ဦးမြင့်သိန်းကဲ့သို့ ထုတ်လုပ်နိုင်အောင် ကြိုးစားသင့်သည်။ ထိုထုတ်လုပ်မှုလုပ်ငန်းကို အရှိန်အဟုန်ဖြင့် ပြည်တွင်း၌ စီးပွားရေးလုပ်ငန်းအနေဖြင့် အောင်မြင်ဖြစ်ထွန်းပါက ပြည်ပနိုင်ငံများကိုပင် ပြည်ပပို့ကုန်အဖြစ် တင်ပို့နိုင်ဖို့ မျှော်လင့်ချက်ပင်ဖြစ်သည်။ ထို့ပြင် အခြားငှက်ပျောထုတ်ကုန်များ ထပ်မံထုတ်လုပ်နိုင်ပါက ပြည်တွင်းစီးပွားရေးလုပ်ငန်းအဖြစ် ပြည်သူကိုအကျိုးပြုနိုင်သလို နိုင်ငံ့အတွက်လည်း စီးပွားရေးဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပြီး ငှက်ပျောစိုက်တောင်သူများလည်း အကျိုးများမည်ဖြစ်သောကြောင့် ငှက်ပျောစိုက်ကြဖို့တိုက်တွန်းလိုပါသည်။ ။

# ပြည်ပနိုင်ငံသားများအားသက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံးပြန်လည်လွှဲပြောင်းပေးအပ်နိုင်ရေး မြန်မာ-တရုတ်နှစ်နိုင်ငံကိုယ်စားလှယ်များဆွေးနွေးညှိနှိုင်း



ပြည်ပနိုင်ငံသားများအားသက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံးပြန်လည်လွှဲပြောင်းပေးအပ်နိုင်ရေး မြန်မာ-တရုတ်နှစ်နိုင်ငံကိုယ်စားလှယ်များဆွေးနွေးညှိနှိုင်းစဉ်။

**နေပြည်တော် မေ ၂၂**

ထိုင်းနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံအချို့ကိုတစ်ဆင့်ခံဖြတ်သန်း၍ မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှ တစ်ဆင့် တရားမဝင်ဝင်ရောက်လာပြီး ကရင်ပြည်နယ်၊ မြဝတီမြို့-ရွှေကုက္ကိုလ်၊ မဲ့ထော်သလေး(KK Park)နှင့်ကျောက်ခတ်နယ်မြေများတွင် တရားမဝင်အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများ၊ ဒုစရိုက်မှုများကျူးလွန်ခဲ့ကြသူများကို စစ်ဆေးဖော်ထုတ်လျက်ရှိရာ ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၃၀ ရက်မှ မေလ ၂၂ ရက်အထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင်ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၉၀၉၉ ဦး စစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ကာ ၎င်းတို့အနက်မှ ၈၄၆၉ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျပြည်နှင့်လွှဲပြောင်းပေးခဲ့ပြီး ကျန်ရှိသည့်ပြည်ပနိုင်ငံသား ၆၃၀ ဦးကို သက်ဆိုင်ရာ နိုင်ငံများသို့ လွှဲပြောင်းပေးရန်အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကိုကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ပြည်သူ့လုံခြုံရေးဝန်ကြီးဌာန၊ ပြစ်မှုဆိုင်ရာစုံစမ်းစစ်ဆေးရေးဌာန၊ ဒုတိယညွှန်ကြားရေးမှူးချုပ် Mr. Liu Ning Ning နှင့် တာဝန်ရှိသူများသည် ယနေ့နံနက်ပိုင်းတွင် မြဝတီမြို့၊ မြန်မာ-ထိုင်းအမှတ်(၂)ချစ်ကြည်ရေးတံတားသို့ရောက်ရှိကြပြီး ကရင်ပြည်နယ်၊ မြဝတီခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးဆောင်၍ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ကရင်ပြည်နယ်၊ ဒုတိယညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

၎င်းပူးပေါင်းအဖွဲ့သည် မြဝတီမြို့သို့ တရားမဝင်ဝင်ရောက်ခဲ့ကြသည့် တရုတ်နိုင်ငံသားများအား စစ်ဆေးဖော်ထုတ်ပြီး ကောင်းမွန်စွာ ထိန်းသိမ်းထားမှုအခြေအနေကို လိုက်လံကြည့်ရှုလေ့လာကြသည်။

ဆက်လက်၍ နှစ်နိုင်ငံမှ ကိုယ်စားလှယ်များသည် မြဝတီမြို့၊ မြန်မာ-ထိုင်းအမှတ်(၂) ချစ်ကြည်ရေးတံတား အစည်းအဝေးခန်းမ၌ တွေ့ဆုံပြီး ထိန်းသိမ်းထားသည့် ပြည်ပနိုင်ငံသားများကို သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံးလွှဲပြောင်းပေးအပ်နိုင်ရေး ညှိနှိုင်းအစည်းအဝေးကိုကျင်းပခဲ့ကာ ထိုင်းနိုင်ငံ၊ ဘန်ကောက်မြို့တွင် ဆွေးနွေးခဲ့သည့် သုံးနိုင်ငံသဘောတူညီချက်ကို အရှိန်အဟုန်မြှင့်၍ ဆက်လက်ဆောင်ရွက်ရေး၊ မြဝတီဒေသရှိ အွန်လိုင်းလိမ်လည်မှု (Telecom Fraud)များ ကင်းစင်ပပျောက်သည်အထိ ရှင်းလင်းဆောင်ရွက်ရေးနှင့် အွန်လိုင်းလိမ်လည်မှု (Telecom Fraud)နှင့်ဆက်စပ်ပတ်သက်သူများကို သက်ဆိုင်ရာနိုင်ငံများသို့ ပြန်လည်လွှဲပြောင်းပေးအပ်ရာတွင် အဆင်ပြေချောမွေ့စေရေး ပူးပေါင်းဆောင်ရွက်မည့်ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

နိုင်ငံတော်အစိုးရအနေဖြင့် တရားမဝင်အွန်လိုင်းလိမ်လည်မှုလုပ်ငန်းများအား စုံစမ်းဖော်ထုတ်စစ်ဆေး၍ ထိရောက်စွာ အရေးယူဆောင်ရွက်လျက်ရှိပြီး မြန်မာနိုင်ငံ၏နယ်စပ်ဒေသများတွင်လည်း တရားမဝင်အွန်လိုင်းလောင်းကစားနှင့် ငွေကြေးလိမ်လည်မှုလုပ်ငန်းများအား တားဆီးကာကွယ်တိုက်ဖျက်နိုင်ရန်အတွက် အိမ်နီးချင်းနိုင်ငံများအပါအဝင် နိုင်ငံတကာမှအဖွဲ့အစည်းများနှင့်ပူးပေါင်း၍ စုံစမ်းဖော်ထုတ်အရေးယူမှုများကို အရှိန်အဟုန်မြှင့်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(၁၀၀)**

# အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

**နေပြည်တော် မေ ၂၂**

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသည့် CRPH၊ NUG နှင့်ယင်းတို့၏ လက်ဝေခံ အဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကိုပျက်ပြားစေရန်နှင့် အစိုးရယန္တရားများပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများသိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၅ ခုနှစ်၊ မေလ ၂၁ ရက်နေ့တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကိုပျက်ပြားစေရန်ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့သည့် "Gunstar" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ဧရာဝတီတိုင်းဒေသကြီး၊ ကြံခင်းမြို့နယ်၊ ကြံခင်းမြို့၊ ရွာသစ်ရပ်ကွက်နေ ထင်လင်းကျော်(ခ)ဟာဒွန်အား နံနက် ၁၀ နာရီ ၄၅ မိနစ်တွင် ကြံခင်းမြို့မရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။ **(၁၀၀)**

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

# အွန်လိုင်းလိမ်လည်မှု (Telecom Fraud) နှင့် ဒုစရိုက်မှုလုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် အီသီယိုးပီးယားနိုင်ငံသား ၁၅၁ ဦးအား သက်ဆိုင်ရာနိုင်ငံသို့ ထပ်မံပြည်နှင့်လွှဲပြောင်းပေးအပ်



အွန်လိုင်းလိမ်လည်မှု (Telecom Fraud) နှင့် ဒုစရိုက်မှုလုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့်ပြည်ပနိုင်ငံသားများအား သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးအပ်စဉ်။

**နေပြည်တော် မေ ၂၂**

ထိုင်းနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှ တရားမဝင် ဝင်ရောက်လာပြီး ကရင်ပြည်နယ်၊ မြဝတီမြို့-ရွှေကုက္ကိုလ်၊ မဲ့ထော်သလေး(KK Park)နှင့်ကျောက်ခတ်နယ်မြေများတွင် အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများကျူးလွန်ခဲ့ကြသည့် အီသီယိုးပီးယားနိုင်ငံသား ၁၅၁ ဦးအား ယနေ့တွင် မြန်မာ-ထိုင်းအမှတ်(၂) ချစ်ကြည်ရေးတံတားမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံသို့ လူသားချင်းစာနာထောက်ထားမှုနှင့် နိုင်ငံအချင်းချင်းချစ်ကြည်ရင်းနှီးမှုတို့ကိုရှေးရှု၍ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ပြည်နှင့်လွှဲပြောင်းပေးအပ်ခဲ့သည်။

အဆိုပါ ပြည်နှင်လွှဲပြောင်းပေးမှုလုပ်ငန်းစဉ်များ စနစ်တကျရှိစေရေးနှင့် အဆင်ပြေချောမွေ့စေရေးအတွက် လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန၊ ကရင်ပြည်နယ်၊ ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်ဘုန်းနှင့်တာဝန်ရှိသူများက သက်ဆိုင်ရာဌာနအလိုက် တာဝန်ရှိသူများအား လိုအပ်သည့်စာရင်းဇယား၊ အချက်အလက်များ ပြည့်စုံမှန်ကန်မှုရှိရေးတို့ကို မှာကြားသည်။

ထို့နောက် ပြည်နှင်လွှဲပြောင်းပေးအပ်ပွဲကိုကျင်းပခဲ့ရာ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန၊ ကရင်ပြည်နယ်၊ ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်ဘုန်းနှင့်တာဝန်ရှိသူများ၊ အိန္ဒိယနိုင်ငံဆိုင်ရာ အီသီယိုးပီးယားဖက်ဒရယ်ဒီမိုကရက်တစ်သမ္မတနိုင်ငံသံရုံးမှ Second Secretary Mr.Wendwosen Melkamu နှင့်တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံ၊ တာ့ခ်ခရိုင်လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများတက်ရောက်ခဲ့ကြပြီး မြန်မာနိုင်ငံမှ တာဝန်ရှိသူများက သက်ဆိုင်ရာနိုင်ငံမှ တာဝန်ရှိသူထံသို့ ပြည်နှင်လွှဲပြောင်းလက်ခံရေးဆိုင်ရာ အထောက်အထားစာရွက်စာတမ်းများကို စနစ်တကျလွှဲပြောင်းပေးအပ်သည်။

၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၃၀ ရက်မှ မေလ ၂၂ ရက်အထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသားစုစုပေါင်း ၉၀၉၉ ဦး စစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ကာ ၎င်းတို့အနက်မှ ၈၆၂၀ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျပြည်နှင်လွှဲပြောင်းပေးခဲ့ပြီး ကျန်ရှိသည့်ပြည်ပနိုင်ငံသား ၄၇၉ ဦးကို သက်ဆိုင်ရာနိုင်ငံများသို့လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့်၎င်းတို့ကိုကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။

အဆိုပါ ထိန်းသိမ်းခဲ့သည့် ပြည်ပနိုင်ငံသား ၉၀၉၉ ဦးသည် တရုတ်၊ အင်ဒိုနီးရှား၊ မလေးရှား၊ ဗီယက်နမ်၊ ပါကစ္စတန်၊ အိန္ဒိယ၊ ယူဂန်ဒါ၊ နီပေါ၊ ထိုင်း၊ ရဝမ်ဒါ၊ ကင်ညာ၊ ကာဇက်စတန်၊ ဂါနာ၊ ဘင်္ဂလားဒေ့ရှ်၊ ဂျပန်၊ ဆီရာလီယွန်၊ တောင်ကိုရီးယား၊ ကမ္ဘောဒီးယား၊ အယ်လ်ဂျီးရီးယား၊ လိုက်ဘေးရီးယား၊ အီသီယိုးပီးယား၊ ဇင်ဘာဘွေ၊ တောင်အာဖရိက၊ ရုရှား၊ တရုတ်(တိုင်ပေ)တို့မှ နိုင်ငံသားများဖြစ်ကြကြောင်း သတင်းရရှိသည်။ **(၁၀၀)**




## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
## တင်ဒါခေါ်ယူခြင်း

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံးနှင့် တိုးချဲ့ရုံးအဆောက်အဦတွင် အသုံးပြုရန်အတွက် 327 KVA Generator ၁ လုံးကို(မြန်မာကျပ်ငွေ)ဖြင့် ဝယ်ယူလိုပါသဖြင့် တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ ဈေးပြိုင်အဆိုပြုလွှာပုံစံနှင့် တင်ဒါစည်းကမ်းများအား တင်ဒါတင်သွင်းမည့်ပုဂ္ဂိုလ်/သက်ဆိုင်ရာကုမ္ပဏီ/အဖွဲ့အစည်းကိုယ်တိုင်(သို့မဟုတ်)၎င်းတို့၏တရားဝင်ကိုယ်စားလှယ်အဖြစ် လွှဲအပ်ခြင်းခံရသူကသာ ဝယ်ယူခွင့်ရှိသည်။ တရားဝင်ဝယ်ယူထားသူများ၏ မူရင်းအဆိုပြုလွှာပုံစံများကိုသာ လက်ခံပါမည်။

၃။ ဈေးပြိုင်အဆိုပြုလွှာတင်သွင်းသည့်ပုံစံ တစ်စုံလျှင် ၁၀၀၀၀ိ/-(ကျပ်တစ်သောင်းတိတိ)ဖြင့် ၂၃-၅-၂၀၂၅ ရက်နေ့မှစ၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး၊ ရုံးအမှတ်(၂၂)တွင် ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

၄။ ဈေးပြိုင်အဆိုပြုလွှာများကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး၊ ရုံးအမှတ်(၂၂)ရှိ တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီဥက္ကဋ္ဌထံလိပ်မူ၍ ၂၀-၆-၂၀၂၅ ရက်နေ့ ညနေ(၁၆:၀၀)နာရီ နောက်ဆုံးထားပြီး လာရောက်တင်သွင်းရန်နှင့် သတ်မှတ်ကာလကျော်လွန်သောတင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၅။ အသေးစိတ်သိရှိလိုပါက ဖုန်း၊၀၆၇-၃၄၀၄၂၃၄၊ ၀၆၇-၃၄၀၄၃၁၁ နှင့် ၀၆၇-၃၄၀၄၃၀၈ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ကျန်းမာရေးဝန်ကြီးဌာန
## ကုသရေးဦးစီးဌာန
## ရန်ကုန်ပြည်သူ့ဆေးရုံကြီး
## ဆေးရုံအုပ်ကြီးရုံး
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်ပြည်သူ့ဆေးရုံကြီး၊ နှလုံးဆေးကုသဆောင်ရှိ(Angiography System)စက်၏ ECP FRU ASSY (Control unit of Flat Pannel Detector) ပြုပြင်လဲလှယ်ရန်ရှိပါသဖြင့် အစိုးရအသိအမှတ်ပြုကုမ္ပဏီများထံမှ အိတ်ဖွင့်တင်ဒါခေါ်ယူအပ်ပါသည်။

၂။ တင်ဒါပုံစံစတင်ရောင်းချမည့်နေ့ရက် ။ ။ ၂၃-၅-၂၀၂၅(သောကြာနေ့)
တင်ဒါပုံစံနောက်ဆုံးပေးသွင်းရမည့်နေ့ရက် ။ ။ ၅-၆-၂၀၂၅(ကြာသပတေးနေ့) (၁၆:၀၀)နာရီ

၃။ တင်ဒါစည်းကမ်းချက်များနှင့်ပတ်သက်၍ အသေးစိတ်သိရှိလိုပါက ဆေးရုံအုပ်ကြီးရုံး၊ ရန်ကုန်ပြည်သူ့ဆေးရုံကြီးသို့ ရုံးချိန်အတွင်း စုံစမ်းမေးမြန်းနိုင်ပါသည်။

**ရန်ကုန်ပြည်သူ့ဆေးရုံကြီး**

### ဖခင်အမည်မှန်
နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်၊ အ.ထ.က(ခွဲ)၊ ရေပြာ Grade-10 မှ မသီတာအေး၏ဖခင်အမည်မှန်မှာ ဦးအောင်ဆန်း ၉/ပမန(နိုင်)၁၃၈၁၄၀ ဖြစ်ပါကြောင်း။
**ဦးအောင်ဆန်း**

### မွေးသက္ကရာဇ်အမှန်
နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်၊ အ.ထ.က(ခွဲ) ရေပြာ Grade-10 မှ ပညာသင်ကြားနေသော အဘ ဦးအောင်ဆန်း ၉/ပမန(နိုင်)၁၃၈၁၄၀ ၏သမီး မသီတာအေး၏မွေးသက္ကရာဇ်အမှန်မှာ ၁၃-၁၁-၂၀၀၉ ဖြစ်ပါကြောင်း။ **၁၃-၁၁-၂၀၀၉**

### အမည်ပြောင်း
နေပြည်တော်၊ လယ်ဝေးမြို့၊ အ.ထ.က(၁) Grade(5)B ခန်းမှ အဘ ဦးကံကြီးအောင် ၉/လဝန(နိုင်)၁၅၈၇၆၃ ၏သား မောင်ခန့်ဇေပါအား မောင်ခန့်ဇမ္ဗူဟု ပြောင်းလဲခေါ်ဆိုပါရန်။
**မောင်ခန့်ဇမ္ဗူ**

**သစ်တောမှန်လျှင်**
**အသုံးဝင်**
**အစဉ်ထာဝရ**
**ထိန်းသိမ်းကြ**

### အမည်ပြောင်း
မြောက်ဥက္ကလာပမြို့နယ်၊ ပုလဲစံပြကိုယ်ပိုင်အထက်တန်းကျောင်း Grade-3 မှ အဘ ဦးဖြိုးလပြည့် ၁၂/ဒလန(နိုင်)၁၀၁၁၄၄ ၏သမီး မခိုင်ဇာလင်းနှင့် မခိုင်ဇာဝင်းအား ယနေ့မှစ၍ မခြူးခေတ်သစ်စံနှင့် မခြူးခေတ်သစ်ပန်ဟု ပြောင်းလဲခေါ်ဆိုပါရန်။
**မခြူးခေတ်သစ်စံ၊ မခြူးခေတ်သစ်ပန်**

### ဖခင်အမည်မှန်
ကျိုင်းတုံမြို့နေ အ.ထ.က(၄) Grade-8 တွင် ပညာသင်ကြားမည့် မသဇင်အောင်၏ ဖခင်အမည်မှန်မှာ ဦးတင်လှိုင် ၁၃/ကတန(နိုင်)၁၂၆၃၃၅ ဖြစ်ပါကြောင်း။
**ဦးတင်လှိုင်**

### ပျောက်ဆုံးကြောင်း
လွင်မာအေး(ဘ)ဦးမြင့်သန်း ၁၂/ဥကတ(နိုင်) ၀၈၂၈၃၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၂၅၄၂၀၇၉၂**

### ပျောက်ဆုံးကြောင်း
မြင့်ဇော်(ဘ)ဦးစံဝင်း ၇/နတလ(နိုင်)၁၄၇၉၄၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၄၅၁၅၉၂၅၁၆**

### ပျောက်ဆုံးကြောင်း
ချိုချိုမြင့်(ဘ)ဦးလှတင် ၃/မဝတ(နိုင်) ၀၅၉၁၈၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၉၇၄၈၀၅၃၂၇**

### ပျောက်ဆုံးကြောင်း
မင်းခန့်ဇော်(ဘ)ဦးဇော်မြင့်ဦး ၁၂/စခန(နိုင်) ၀၇၃၅၅၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၄၄၃၁၆၆၈၅၁**

### တစ်ဦးတည်းဖြစ်ပါကြောင်း
၂၀၂၄-၂၀၂၅ ပညာသင်နှစ်တွင် အ.ထ.က(၁၀) ပုသိမ်မြို့မှ Grade-6 အောင်မြင်ခဲ့သော မဖြူဖွေး(ခ)မလှယမင်း၏ဖခင်မှာ ဦးရဲလင်းထွန်း(ခ)ဦးရဲလင်းအောင် ၁၄/ပသန(နိုင်)၂၄၅၈၁၁ ဖြစ်ပါကြောင်း။
**ဦးရဲလင်းထွန်း(ခ)ဦးရဲလင်းအောင်**

### ပျောက်ဆုံးကြောင်း
စောမျိုးမျိုးကျော်(ဘ)ဦးမြင့်နိုင် ၇/ညလပ(နိုင်)၂၀၄၅၆၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၂၆၀၉၀၆၄၅၇**

### ပျောက်ဆုံးကြောင်း
သင်းသင်းဌေး(ဘ)ဦးတင်ရွှေ ၁/မညန(နိုင်) ၁၆၅၈၆၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၉၇၄၈၀၅၃၂၇**

### ပျောက်ဆုံးကြောင်း
ဖြိုးသက်ပိုင်(ဘ)ဦးသန်းထွန်းနိုင် ၁၄/မမန(နိုင်)၃၀၀၇၁၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၉၇၄၈၀၅၃၂၇**

### အမည်ပြောင်း
၂၀၂၄-၂၀၂၅ ပညာသင်နှစ်တွင် အ.ထ.က(၁၀)ပုသိမ်မြို့မှ Grade-6 အောင်မြင်ခဲ့သော အဘ ဦးရဲလင်းထွန်း၏သမီး မဖြူဖွေးအား မလှယမင်းဟု ပြောင်းလဲခေါ်ပါရန်။
**မလှယမင်း**

### ပျောက်ဆုံးကြောင်း
နန်းခင်စန်းလှိုင်(ဘ)ဦးထွန်းလှိုင် ၃/ဘအန(နိုင်)၃၈၂၅၂၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(ME 014635)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၂၅၀၅၁၁၇၇၇**

### ပျောက်ဆုံးကြောင်း
သန်းသန်းဝင်း(ဘ)ဦးပိုက်ထွေး ၅/ကလထ(နိုင်)၃၀၈၂၃၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MH 976372)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၉၇၄၈၀၅၃၂၇**

### အမည်ပြောင်း
မြောက်ဥက္ကလာပမြို့နယ်နေ Success ကျောင်းမှ ၁၀/ကမရ(နိုင်)၀၉၉၉၃၀ ကိုင်ဆောင်သူ ဦးကျော်မင်းသူ၏သမီး မခင်ယသော်အား မခင်သဒ္ဒါကိုဟု ပြောင်းလဲခေါ်ဆိုပါရန်။ **မခင်သဒ္ဒါကို**

### ပျောက်ဆုံးကြောင်း
စောကျော်ကျော်အောင်(ဘ)ဦးချစ်ထွန်းအောင် ၁၁/မတန(နိုင်)၀၁၅၂၇၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MB 368083)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၄၅၉၈၉၉၇၀**

### ပျောက်ဆုံးကြောင်း
ဇော်လင်းထွန်း(ဘ)ဦးစောထွန်း ၈/သရန(နိုင်)၁၂၀၀၀၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MI 457755)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၆၉၁၁၀၂၂၁၁**

### ဖခင်အမည်မှန်
မြောက်ဥက္ကလာပမြို့နယ်နေ၊ ပုလဲစံပြကိုယ်ပိုင်အထက်တန်းကျောင်း၊ G-6 မှ မဖြိုးဝသန်၏ ဖခင်အမည်မှန်မှာ ဦးဖြိုးလပြည့် ၁၂/ဒလန(နိုင်)၁၀၁၁၄၄ ဖြစ်ပါကြောင်း။ **ဦးဖြိုးလပြည့်**

### ပျောက်ဆုံးကြောင်း
ဝင်းဝင်းမော်(ဘ)ဦးသန်းဌေး ၁၂/ဥကမ(နိုင်) ၁၅၈၅၂၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၉၅၉၄၁၇၆၁၈**

### ပျောက်ဆုံးကြောင်း
အောင်ကျော်မိုး(ဘ)ဦးအုန်း ၁၂/ပဇတ(နိုင်) ၀၀၉၀၈၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၇၈၄၉၅၀၈၃၁**

### ပျောက်ဆုံးကြောင်း
အေးချမ်းပြည့်မွန်(ဘ)ဦးဇော်ရဲလတ် ၉/ဇဗသ(နိုင်)၀၀၆၈၇၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၂၅၁၀၇၈၆၁၃**

### ပျောက်ဆုံးကြောင်း
ခင်သူဇာ(ဘ)ဦးသိန်းဆွေ ၉/မခန(နိုင်) ၂၇၇၄၇၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၆၉၅၆၃၄၆၄၈**

### ပျောက်ဆုံးကြောင်း
ဖုန်းပြည့်(ဘ)ဦးခင်မောင်ဝင်း ၁၂/ဥကမ(နိုင်) ၁၈၁၅၇၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၂၅၄၄၉၂၆၇၄**

### ပျောက်ဆုံးကြောင်း
ဇော်မင်းထက်(ဘ)ဦးဆာလေ(ခ)အိကယပ် ၁၂/ပဘတ(နိုင်)၀၃၂၁၉၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၉၆၃၄၅၅၀၆၄**

### ပျောက်ဆုံးကြောင်း
မမကြီး(ဘ)ဦးသိန်းအောင်(ခ)အဗ္ဗဒူဆတ္တား ၁၂/မဂတ(နိုင်)၀၁၆၁၃၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၉၆၃၄၅၅၀၆၄**

### ပျောက်ဆုံးကြောင်း
ဆုမြတ်လှ(ဘ)ဦးဌေးအောင် ၁၂/ရကန(နိုင်) ၀၇၁၆၄၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၄၃၀၆၆၄၀၃**

### ပျောက်ဆုံးကြောင်း
ဇေယျာအောင်(ဘ)ဦးအောင်ချစ်(ခ)ဦးမောင်မိုန် ၁၂/သကတ(နိုင်)၁၅၇၂၄၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၇၆၉၈၃၃၂၂၅**

### ပျောက်ဆုံးကြောင်း
ဖြူဖြူစိုး(ဘ)ဦးစိုးလှိုင် ၁၂/သကတ(နိုင်) ၂၂၁၂၃၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၇၅၀၀၈၆၉၈၀**

### ပျောက်ဆုံးကြောင်း
အောင်ဌေးဦး(ဘ)ဦးကျော်ဇံဦး ၇/သဝတ(နိုင်)၀၉၅၉၈၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၄၄၁၁၃၅၂၅၆**

### ပျောက်ဆုံးကြောင်း
ဝေဖြိုးကျော်(ဘ)ဦးကျော်ကျော်လှိုင် ၁၂/သဃက(နိုင်)၁၄၇၇၅၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၂၀၃၄၈၂၅**

### ပျောက်ဆုံးကြောင်း
ဝေလျှံကျော်(ဘ)ဦးကျော်မျိုးလွင် ၅/တဆန(နိုင်)၁၅၃၄၀၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၇၉၁၅၁၉၄၅၀**

### ပျောက်ဆုံးကြောင်း
ဦးစိုးညွန့်(ဘ)ဦးသန်းညွန့် ၁၂/မရက(နိုင်) ၁၁၈၆၂၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၉၇၀၀၈၈၂၆**

### ပျောက်ဆုံးကြောင်း
ဖြူဖြူနှင်း(ဘ)ဦးမှတ် ၉/တကန(နိုင်) ၁၀၀၇၄၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၄၂၀၇၁၁၉၆၂**

### ပျောက်ဆုံးကြောင်း
အရှင်ပညောဘာသ(ဘ)ဦးကျော်တင့် ၉/ပကခ(သ)၀၀၁၅၁၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၂၆၅၂၀၂၁၂၂**

### ပျောက်ဆုံးကြောင်း
ဆုဘာ(ခ)စည်သူအောင်(ဘ)ဂျီဝန်း၏ နိုင်ငံကူးလက်မှတ်အမှတ်(MA 935767)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၉၇၄၈၀၅၃၂၇**

### အမည်ပြောင်း
အဘ ဦးကျော်စွာမင်း ၇/ညပလ(နိုင်) ၁၁၅၃၉၄ ၏သား မောင်ရဲမင်းအောင်အား မောင်အာကာဘုန်းမြတ်ဟု ပြောင်းလဲခေါ်ဆိုပါရန်။
**မောင်အာကာဘုန်းမြတ်**

### ပျောက်ဆုံးကြောင်း
မစန္ဒာဖြိုး(ဘ)ဦးညွန့်ရွှေ ၇/ဝမန(နိုင်) ၁၃၂၅၉၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MH 354260)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၂၅၀၇၅၈၄၇၈**

### ဖခင်အမည်မှန်
ကျိုင်းတုံမြို့၊ နမ့်ချက်၊ ရပ်ကွက်(၁)၊ တာချီလိတ်လမ်းနေ မောင်ဌေးမြတ်ကိုကိုနှင့် မောင်ဝင်းသန့်စင်တို့၏ဖခင်အမည်မှန်မှာ ဦးကျော်စိုးဦးဖြစ်ပါကြောင်း။
**ဦးကျော်စိုးဦး**

**ပျောက်ဆုံးကြောင်း**
ကျော်ကျော်ထွန်း(ဘ)ဦးတင်အောင် ၁၂/ရပသ(နိုင်)၀၄၈၁၆၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၄၃၁၆၆၈၅၁**

**ပျောက်ဆုံးကြောင်း**
ဟာစီနာ(ခ)တင်တင်လှ(ဘ)ဦးဆန်းလင်း ၁၂/ဒလန(နိုင်)၀၈၉၂၂၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၄၃၁၆၆၈၅၁**

**ပျောက်ဆုံးကြောင်း**
ယွန်းလဲ့ဝေ(ဘ)ဦးဇော်ထွန်း ၉/မခန(နိုင်)၂၅၇၄၃၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MI 196820)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၄၃၁၆၆၈၅၁**

❖ **အမျိုးသားယဉ်ကျေးမှုများ အရှည်တည်တံ့ခိုင်မြဲစေရေးအတွက် အမျိုးသားရေးကိုယ်ခံအားတည်ဆောက်ပေးလျက်ရှိရာတွင် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးများသည် အရေးပါသည့် အခန်းကဏ္ဍမှ အထောက်အကူပြုစွမ်းဆောင်ပေးလျက်ရှိ . . .**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ ၁၄ ရက်နေ့တွင်ပြုလုပ်သော (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

**၂။ စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့်မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကိုအားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

**၃။ လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသောလူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကိုမြှင့်တင်ဆောင်ရွက်ရေး။

# ၂၀၂၅ - ၂၀၂၆ ပညာသင်နှစ် အခြေခံပညာကျောင်းများ၌ ကျောင်းအပ်နှံမှုများစတင်

နေပြည်တော် မေ ၂၂

၂၀၂၅ - ၂၀၂၆ ပညာသင်နှစ်အတွက် အခြေခံပညာဦးစီးဌာနအောက်ရှိ အထက်တန်းအဆင့်၊ အလယ်တန်းအဆင့်နှင့် မူလတန်းအဆင့်ကျောင်းများကို ဇွန်လ ၂ ရက်တွင် စတင်ဖွင့်လှစ်မည်ဖြစ်ပြီး ကျောင်းအပ်နှံမှုသီတင်းပတ်အဖြစ် ယနေ့မှဇွန်လ ၁ ရက်အထိ သတ်မှတ်၍ ကျောင်းအပ်နှံမှုလက်ခံခြင်းများ ဆောင်ရွက်သွားမည်ဖြစ်ရာ မြန်မာနိုင်ငံတစ်ဝန်းရှိ **စာမျက်နှာ ၂၄ ကော်လံ ၅** ❍



တောင်ငူမြို့ရှိ အခြေခံပညာ အထက်တန်းကျောင်း(နတ်စင်ကုန်း)၌ ကျောင်းအပ်နှံမှုများစတင်ဆောင်ရွက်စဉ်။

**ဆောင်းပါး**

**ငါတို့မှ မလုပ်ရင် ...**

စာ - ၁၂ သို့

**တောင်သူစီးပွား အကျိုးများဖို့ ငှက်ပျောစိုက်ကြစို့**

စာ - ၂၉ သို့

## မေလ ၂၇ ရက်တွင် လေဖိအားနည်းရပ်ဝန်း တစ်ခုဖြစ်ပေါ်နိုင်

နေပြည်တော် မေ ၂၂

ယနေ့မွန်းလွဲ ၁ နာရီခွဲအချိန်တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်အလယ်ပိုင်းနှင့်ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော် မြောက်ပိုင်းတို့၌ မေလ ၂၇ ရက်တွင် လေဖိအားနည်းရပ်ဝန်း (Low Pressure Area) တစ်ခုဖြစ်ပေါ်နိုင်သည်။ အဆိုပါ လေဖိအားနည်းရပ်ဝန်းသည် နောက်နှစ်ရက်အတွင်း ပိုမိုအားကောင်းလာနိုင်သည်ဟု ခန့်မှန်းရသည်။ (မိုး/ဇလ)

## အထူးမိုးလေဝသ သတင်း

## တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် နေရာကွက်၍မိုးကြီးနိုင်

နေပြည်တော် မေ ၂၂

ယနေ့ ညနေ ၅ နာရီခွဲအချိန်တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်နှင့်ဘင်္ဂလားပင်လယ်အော်တို့တွင် လေထုမငြိမ်မသက်မှုများဖြစ်ပေါ်လာနိုင်ခြင်းကြောင့်လည်းကောင်း၊ မုတ်သုံလေအားကောင်းလာနိုင်ခြင်းကြောင့်လည်းကောင်း၊ အပူပြန်တက်တိမ်များဖြစ်ထွန်းမှုအားကောင်းခြင်းကြောင့်လည်းကောင်း မေလ ၂၃ ရက်မှ ၃၀ ရက်အတွင်း စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့တွင် နေရာကျဲကျဲမှနေရာစိပ်စိပ်နှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ **စာမျက်နှာ ၂၆ ကော်လံ ၄** ●

